ကြေးမုံ
The Mirror Daily
၁၉၅၇ ခုမြို့ ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957

ကောင်းမှုကိုပြုလုပ်ဆည်းပူး

အနည်းငယ်သောကောင်းမှုသည် ငံ့အား အကျိုးရောက်လိမ့်မည်မဟုတ်ဟု မထီမဲ့မြင် မအောက်မေ့ရာ။ မိုးရေပေါက်သည် ကျဖန်များလတ်သော် ရေအိုးသည် ပြည့်ဘိသကဲ့သို့ ပညာရှိသည် အနည်းငယ်၊ အနည်းငယ်မျှသော ကောင်းမှုကို ပြုလုပ်ဆည်းပူးဖန်များလတ်သော် ကောင်းမှုဖြင့်ပြည့်၏။

ပါဝင်(ဓမ္မပဒ-၁၂၂)

၁၃၈၀ ပြည့်နှစ် တော်သလင်းလပြည့်ကျော် ၁၀ ရက်၊ ကြာသပတေးနေ့။ Thursday 4 October 2018 ၉၄၉

ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ရေး၊ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ဒီမိုကရေစီ ဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရေး

■ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေကို ဆွေးနွေးညှိနှိုင်းပြီး တစ်ဆင့်ပြီးတစ်ဆင့် ပြင်ဆင်နိုင်မှသာလျှင် အသွင်ကူးပြောင်းရေးကို အာမခံနိုင်မည် ဖြစ်ပါသည်။ အလားတူ တိုင်းရင်းသားလူမျိုးစုများ အကြားတွင်လည်း လွတ်လပ်မှု၊ တန်းတူညီမျှမှုနှင့် အပြန်အလှန်လေးစားမှုတို့ကို တည်ဆောက်နိုင်မှသာ ဒီမိုကရေစီ ဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရေးကို အကောင်အထည်ဖော်နိုင်မည် ဖြစ်ပါသည်။

(၁၉-၉-၂၀၁၈ ရက်နေ့ ပြည်ထောင်စုလွှတ်တော်တွင် နိုင်ငံတော်၏ အခြေအနေအရပ်ရပ်နှင့် စပ်လျဉ်းသည့် ရှင်းလင်းတင်ပြချက်မှ ကောက်နုတ်ချက်)

ဂျာမနီ-မြန်မာ ပူးပေါင်းဆောင်ရွက်သည့် ကျေးလက်လမ်းဖွင့်ပွဲအခမ်းအနား ကျင်းပ

နေပြည်တော် အောက်တိုဘာ ၃

ဂျာမနီ-မြန်မာ နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုကို ပိုမိုခိုင်မြဲစေသည့်အပြင် လမ်းပန်းဆက်သွယ်ရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်စေရေး ရည်ရွယ်ချက်ဖြင့် ဂျာမနီ-မြန်မာ ပူးပေါင်းဆောင်ရွက်သည့် ကျေးလက်လမ်းဖွံ့ဖြိုးရေးအစီအစဉ် အဆင့်(၂)နှင့် အဆင့်(၃)တို့၏ ကျေးလက်လမ်းဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရှမ်းပြည်နယ် ကလောမြို့နယ်၌ ကျင်းပရာ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော် တက်ရောက်ဖွင့်လှစ်ပေးသည်။

ဂျာမနီ-မြန်မာ ပူးပေါင်းဆောင်ရွက်သည့် ကျေးလက်လမ်းဖွံ့ဖြိုးရေးအစီအစဉ် အဆင့်(၂)နှင့် အဆင့်(၃)တို့၏ ကျေးလက်လမ်းဖွင့်ပွဲအခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော် အမှာစကားပြောကြားစဉ်။

အခမ်းအနားအစီအစဉ်ပထမပိုင်းတွင် ဂျာမနီ-မြန်မာ ပူးပေါင်းဆောင်ရွက်သည့် ကျေးလက်လမ်းဖွံ့ဖြိုးရေးအစီအစဉ် အဆင့်(၂)နှင့် အဆင့်(၃) ကျေးလက်လမ်းအား ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော်၊ ရှမ်းပြည်နယ် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးခွန်ရဲထွေး၊ ရှမ်းပြည်နယ်စည်ပင်သာယာရေးဝန်ကြီး ဦးစိုင်းဆွမ်ဆိုင်း၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးခင်သက်၊ ဂျာမနီနိုင်ငံ ပါလီမန်၏ ဖွံ့ဖြိုးရေးနှင့် ပူးပေါင်းဆောင်ရွက်ရေး ကော်မတီအကြီးအကဲ Mr. Uwe Kekeritz၊ ဂျာမန်ဖွံ့ဖြိုးရေးဘဏ်(KfW)မှ ကိုယ်စားလှယ် Dr. Katharina spiess နှင့် Country Director, Ms. Eva Schneider တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ဆက်လက်၍ အခမ်းအနား အစီအစဉ် ဒုတိယပိုင်းတွင် ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော်က ကျေးလက်လမ်းများသည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဒေသခံပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အလွန်အရေးပါကြောင်း၊ ဒေသခံပြည်သူများအတွက် ရာသီမရွေးဆက်သွယ်သွားလာနိုင်သည့်လမ်းများ လိုအပ်ပါကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် ကျေးလက်လမ်းပန်းဆက်သွယ်ရေး လွယ်ကူချောမွေ့စေရေးအတွက် လမ်း၊ တံတား ဖွံ့ဖြိုးရေးဆိုင်ရာမူဝါဒများ ရေးဆွဲဆောင်ရွက်လျက်ရှိပါကြောင်း။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆

ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပြုချက်များအပေါ် အကောင်အထည်ဖော် ဆောင်ရွက်ရေးကော်မတီ၏ ၂၀၁၈ ခုနှစ် မေလမှ ဩဂုတ်လအထိ လုပ်ငန်းဆောင်ရွက်မှုများနှင့်စပ်လျဉ်း၍ ပြည်သူသို့ အစီရင်ခံစာ

စာမျက်နှာ ၅ ➤

အယ်နီညိုဖြစ်ခဲ့လျှင် အပူချိန် စံချိန်တင်မြင့်တက်ပြီး အပူဒဏ်ကို တစ်နိုင်ငံလုံး ခံစားရမည်

စာမျက်နှာ ၁၃ ➤

အင်ဒိုနီးရှား၌ မြေငလျင်လှုပ်ခဲ့သည့် ဆူလာဝေစီကျွန်း မီးတောင်ပေါက်ကွဲမှု ဖြစ်ပွားပြန်

စာမျက်နှာ ၁၂ ➤

KBZ BANK
STRENGTH OF MYANMAR

BEST BANK IN MYANMAR

Awarded by World Finance | Awarded by Euromoney | Awarded by The FinanceAsia

မြို့ပြစည်းကမ်းဥပဒေကို လေးစားလိုက်နာ

ဒီမိုကရေစီနိုင်ငံကို တည်ဆောက်နေသော မျက်မှောက်ကာလတွင် ရုပ်ဝတ္ထုပိုင်းဆိုင်ရာနှင့် စိတ်ဓာတ်ပိုင်းဆိုင်ရာတို့၌ ဒီမိုကရေစီစနစ်နှင့် လိုက်လျောညီထွေဖြစ်အောင် ပြုပြင်ပြောင်းလဲဆောင်ရွက်လျက်ရှိသည်။ ပြည်သူများ လူမှုဘဝမြင့်မားတိုးတက်ရေးအတွက် မြို့ပြများဖွံ့ဖြိုးတိုးတက်လာရေးကို မြင့်တင်ဆောင်ရွက်ပေးလျက်ရှိသကဲ့သို့ မြို့ပြနေပြည်သူများနိုင်ငံကြီးသားပီသစွာဖြင့် လိုက်နာကျင့်ကြံနေထိုင်တတ်အောင် အသိပညာပေးခြင်း၊ ဥပဒေများပြဋ္ဌာန်းခြင်းတို့ကို ဆောင်ရွက်လျက်ရှိသည်။

ရန်ကုန်မြို့တော်ကို မြို့ပြအင်္ဂါရုပ်နှင့် ညီညွတ်မှုရှိစေရေး၊ မြို့တော်နေပြည်သူများ မြို့ပြစည်းကမ်းများကို လေးစားလိုက်နာရေးအတွက် လိုအပ်သည့် စည်ပင်သာယာဥပဒေကို ရေးဆွဲပြဋ္ဌာန်းခဲ့ပြီး ယခု အောက်တိုဘာလ ၁ ရက်နေ့တွင် ထိုဥပဒေ စတင်အသက်ဝင် အာဏာသက်ရောက်ပြီဖြစ်သည်။ ယင်းကို ရန်ကုန်မြို့နေ ပြည်သူများသာမက ပြည်သူအားလုံး သိရှိကြရန်လိုအပ်ပြီး ဥပဒေသစ်တွင်ပါဝင်သည့် ပြစ်မှုနှင့် ပြစ်ဒဏ်များကို လေ့လာထားကြရမည်ဖြစ်သည်။

ဥပဒေတွင် မြို့တော်နယ်နိမိတ်အတွင်းရှိ လမ်းနှင့် စကြံပေါ်တွင် မီးစက်နှင့် အခြားပစ္စည်းကိရိယာများ ချထားခြင်း၊ ကားရပ်နားခြင်း၊ ညအိပ်ရပ်နားခြင်း၊ အကြောင်းမဲ့ အချိန်ကြာမြင့်စွာ ယာဉ်ရပ်နားခြင်းနှင့် အရည်အသွေးမမီသော၊ ကျန်းမာရေးနှင့် ညီညွတ်မှုမရှိသော၊ စားသုံးရန်မသင့်သော သား၊ ငါး၊ အစားအသောက်များ ထုတ်လုပ်ရောင်းချခြင်း တို့ပြုလုပ်ပါက ဒဏ်ငွေ ကျပ်တစ်သိန်းမှ ကျပ်ငါးသိန်းအထိ ပြစ်ဒဏ်များ ပါရှိသည်။

ရန်ကုန်မြို့တော်နယ်နိမိတ်အတွင်း ရေဆိုးသန့်စင်စနစ် ပျက်စီးစေရန် လုပ်ဆောင်ပါက ဒဏ်ငွေကျပ် ၁၀ သိန်းမှ သိန်း ၅၀ အထိ၊ ထောင်ဒဏ် ခြောက်လမှ တစ်နှစ်အထိ သို့မဟုတ် ပြစ်ဒဏ် နှစ်ရပ်စလုံး ကျခံနိုင်ခြင်း၊ စည်ပင်သာယာ ခွင့်ပြုချက်မရှိဘဲ အသားထုတ်လုပ်သို့လှောင်ခြင်းပြုလုပ်ပါက ဒဏ်ငွေကျပ် ငါးသိန်းမှ သိန်း ၃၀၊ ထောင်ဒဏ် တစ်နှစ် သို့မဟုတ် ပြစ်ဒဏ် နှစ်ရပ်စလုံး ကျခံနိုင်ခြင်း၊ ဈေးများတွင် စည်ပင်ခွင့်ပြုချက်မရှိဘဲ ဈေးရောင်းပါက ဒဏ်ငွေကျပ် ငါးသောင်းမှ သုံးသိန်းအထိ၊ ယာယီ သို့မဟုတ် အမြဲတမ်းအဆောက်အအုံတည်ဆောက်ပါက ဒဏ်ငွေကျပ် ငါးသိန်းမှ ၁၅ သိန်း၊ ထောင်ဒဏ် ခြောက်လ သို့မဟုတ် ပြစ်ဒဏ် နှစ်ရပ်စလုံးကျခံနိုင်ခြင်း ပါရှိသည်။ အလျှောင်ကောက်ခံခြင်း၊ ဖျော်ဖြေပွဲ၊ ဟောပြောပွဲကျင်းပပါက ဒဏ်ငွေကျပ် တစ်သောင်းမှ ငါးသောင်းအထိ၊ အဆောက်အအုံ၊ ခြံဝင်းများမှထွက်သော အညစ်အကြေးရေဆိုးများကို စည်ပင်ခွင့်ပြုချက်မရှိဘဲ YCDC မိလ္လာပြွန်ထဲသို့ စွန့်ပစ်ခြင်း၊ စည်ပင်ခွင့်ပြုချက်မရှိဘဲ မော်တော်ယာဉ် ရပ်နားခကောက်ခံပါက ဒဏ်ငွေ ကျပ်တစ်သိန်းမှ ငါးသိန်းနှင့် ထောင်ဒဏ် ခြောက်လ သို့မဟုတ် ပြစ်ဒဏ်နှစ်ရပ်စလုံး ကျခံနိုင်ခြင်း၊ စည်ပင်သတ်မှတ်ခွင့်ပြုသည့်နေရာ၊ အချိန်မှအပ လမ်းဘေးဈေးရောင်းခြင်း၊ စည်ပင်ခွင့်ပြုမိန့် လိုင်စင်မရှိဘဲ ယာဉ်တစ်မျိုးမျိုးဖြင့် လှည့်လည်ကြော်ငြာခြင်း၊ ရောင်းချခြင်းပြုလုပ်ပါက ဒဏ်ငွေကျပ် တစ်သောင်းမှ တစ်သိန်းအထိ၊ ပတ်ဝန်းကျင်စည်ပင်မ်းပြီး အန္တရာယ်ဖြစ်စေမည့် ပစ္စည်းများ၊ အီလက်ထရွန်နစ်ပစ္စည်းများကို စည်ပင်သတ်မှတ်သောနေရာမှလွဲ၍ အခြားနေရာတွင်စွန့်ပစ်ပါက ဒဏ်ငွေ ကျပ်တစ်သိန်းမှ ငါးသိန်းအထိ၊ အမှိုက်များကို ရေမြောင်း၊ ခြံဝင်း၊ ပန်းခြံ၊ ဥယျာဉ်၊ ကစားကွင်း၊ လမ်း၊ နောက်ဖေးလမ်းကြားသို့ စွန့်ပစ်ပါက ဒဏ်ငွေကျပ် သုံးသောင်းမှ သုံးသိန်း၊ ထောင်သုံးလ သို့မဟုတ် ပြစ်ဒဏ်နှစ်ရပ်လုံး ကျခံနိုင်ခြင်း၊ စည်ပင်အမှိုက်နေရာကို ရွှေ့ပြောင်း၊ ဖျက်ဆီးပါက တန်ဖိုး၏သုံးဆနှင့် စည်ပင်ခွင့်ပြုချက်မရှိဘဲ အဆောက်အအုံဆောက်လုပ်ပါက ဒဏ်ငွေ ကျပ်သုံးသိန်းမှ သိန်း ၃၀ အထိကျခံနိုင်ခြင်း၊ အထူးအရေးကြီးသည်မှာ အများပြည်သူနှင့် သက်ဆိုင်သောနေရာနှင့် လမ်းပေါ်သို့ ကွမ်းတံတွေးနှင့် အညစ်အကြေးအမျိုးမျိုးတို့ကို စွန့်ပစ်ပါက ဒဏ်ငွေကျပ် သုံးသောင်းမှ ကျပ် ငါးသောင်းအထိ ကျခံနိုင်ခြင်းတို့ကို သတိပြုရမည်ဖြစ်သည်။

သို့ဖြစ်ရာ ဥပဒေတစ်ရပ်သည် ပြည်သူများ လိုက်နာရန် ပြဋ္ဌာန်းထားခြင်းဖြစ်သည်။ ပြည်သူများ လိုက်နာရန်အတွက်လည်း ဥပဒေနှင့်အညီ တိတိကျကျ ဆောင်ရွက်ကြမှသာ စည်းကမ်းပြည့်ဝသော နိုင်ငံကြီးသားများ၊ သာယာလှပသောမြို့တော် ဖြစ်ပေလိမ့်မည်။ ။

MYANMAR
Digital News
Presented by NPE
www.mdn.gov.mm

ပြန်ကြားရေးဝန်ကြီးဌာန ၊ ပညာရေးဝန်ကြီးဌာနနှင့် ရုပ်ပြည်နယ်အစိုးရအဖွဲ့တို့
ပူးပေါင်းကျင်းပသော

ကလေးစာပေပွဲတော်

ကလေးစာပေပြပွဲ နှင့် စာအုပ်ဈေးရောင်းပွဲ

(သံတွဲမြို့)

၂၀၁၈-ခုနှစ်၊ အောက်တိုဘာလ (၂၇၊၂၈) ရက် စနေနေ့၊ တနင်္ဂနွေနေ့ များတွင်
နံနက် (၈) နာရီမှ ညနေ (၅) နာရီအထိ မည်သူမဆိုပါဝင်ဆင်နွှဲနိုင်ပါသည်။
ဒွါရာဝတီမြို့နယ်ခန်းမ ၊ သံတွဲမြို့၊ ရခိုင်ပြည်နယ်

ကြားဖြတ်ရွေးကောက်ပွဲဆိုင်ရာ မဲရုံမှူးများ သင်တန်းဖွင့်

ကန်ပက်လက် အောက်တိုဘာ ၃ ကြားဖြတ်ရွေးကောက်ပွဲဆိုင်ရာ မဲရုံမှူးများသင်တန်း ဒုတိယအသုတ် ဖွင့်ပွဲကို အောက်တိုဘာ ၃ ရက်က ချင်းပြည်နယ် ကန်ပက်လက်မြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန အစည်းအဝေးခန်းမ၌ ပြုလုပ်သည်။

ယင်းသင်တန်းကို နှစ်ရက်ကြာ ကျင်းပမည်ဖြစ်ပြီး သင်တန်းသား ၆၇ ဦး တက်ရောက်ခဲ့ကြကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင် နယူးဒေလီမြို့၌ ကျင်းပသော

2nd Global Renewable Energy (RE) – INVEST 2018 ဖွင့်ပွဲတက်ရောက်

နေပြည်တော် အောက်တိုဘာ ၃

အိန္ဒိယနိုင်ငံ နယူးဒေလီမြို့ VigyanBhawan ခန်းမ၌ အောက်တိုဘာ ၂ ရက် ညနေ ၆ နာရီက ကျင်းပသည့် First General Assembly of International Solar Alliance (ISA) ၏ 2nd Global Renewable Energy (RE)– INVEST 2018 ဖွင့်ပွဲအခမ်းအနားသို့ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင် တက်ရောက်ခဲ့သည်။**(ယာဉ်)**

ဖွင့်ပွဲအခမ်းအနားတွင် ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် Mr. Antonio Guterres နှင့် အိန္ဒိယနိုင်ငံဝန်ကြီးချုပ် Mr. NarendraModi တို့က မိန့်ခွန်းများ ပြောကြားခဲ့ကြသည်။

အဆိုပါအစည်းအဝေးအား အောက်တိုဘာ ၃ ရက်မှ ၅ ရက်အထိ ကျင်းပသွားမည်ဖြစ်ပြီး အစည်းအဝေးတွင် ပြန်လည်ပြည့်ဖြိုးမြဲ စွမ်းအင်ကဏ္ဍရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ကိစ္စရပ်များနှင့် ပတ်သက်၍ ဆွေးနွေးပြောကြားမည်ဖြစ်ပြီး အစည်းအဝေးကာလအတွင်း ဒေသတွင်း စွမ်းအင်ဝန်ကြီးများအဆင့် အစည်းအဝေးများ တက်ရောက်၍ လျှပ်စစ်နှင့် စွမ်းအင်ကဏ္ဍဆိုင်ရာကိစ္စရပ်များအား ဆွေးနွေးသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

စစ်ကိုင်းမြို့၌ လျှပ်စစ်အန္တရာယ်ကင်းရေး အသိပညာပေး

စစ်ကိုင်း အောက်တိုဘာ ၃။ ။ စစ်ကိုင်းမြို့၌ လျှပ်စစ်အန္တရာယ်ကင်းရှင်းစေရေးအတွက် အသိပညာပေးဟောပြောပွဲကို စက်တင်ဘာ ၃၀ ရက် နံနက်ပိုင်းက စစ်ကိုင်းမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း အသခ်ယာခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။

နွေဦးစွာ မြို့နယ်လျှပ်စစ်အင်ဂျင်နီယာက ပြင်ပသွယ်တန်းထားသည့် လျှပ်စစ်ကြိုးများနှင့် အိမ်တွင်းသွယ်တန်းသည့် လျှပ်စစ်ကြိုးများ၌ရှိနေသည့် လျှပ်စစ်ပို့အားများအကြောင်းနှင့် သွယ်တန်းထားသည့် လျှပ်စစ်ပစ္စည်းများကို ဟောင်းနွမ်းဆွေးမြည့်နေသည့် ပစ္စည်းများဖြစ်နေပါက သက်ဆိုင်ရာဌာန သို့မဟုတ် လက်မှတ်ရကျွမ်းကျင်သူများနှင့် ပြသစီစစ်လဲလှယ်ပြီး သုံးစွဲစေလိုကြောင်း၊ ဓာတ်လိုက်မှုအန္တရာယ်ကင်းရှင်းစေရန်အတွက် ဆောင်ရန်၊ ရှောင်ရန်အချက်များကို အသေးစိတ် ရှင်းလင်းဟောပြောခဲ့ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေ လဲလှယ်နှုန်း

နေပြည်တော် အောက်တိုဘာ ၃

ရန်ကုန်(ရွှေဈေး) ၉၇၄၀၀၀ - ၉၇၄၀၀၀ မန္တလေး(ရွှေဈေး) ၉၇၄၀၀၀ - ၉၇၄၀၀၀

စက်သုံးဆီဈေးနှုန်း		ရန်ကုန်	မန္တလေး
(က) ဒီဇယ်	တစ်လီတာ	၁၀၄၅/၁၀၇၅ ကျပ်၊	၁၁၂၀/၁၁၃၀ ကျပ်
(ခ) အောက်တိန်း ၉၅	တစ်လီတာ	၁၀၆၅/၁၀၉၅ ကျပ်၊	၁၁၆၅/၁၁၈၀ ကျပ်
(ဂ) အောက်တိန်း ၉၂	တစ်လီတာ	၁၀၁၅/၁၀၄၅ ကျပ်၊	၁၁၂၀/၁၁၃၀ ကျပ်
(ဃ) အဆင့်မြင့်ဒီဇယ်	တစ်လီတာ	၁၀၅၅/၁၀၈၅ ကျပ်၊	၁၁၃၀/၁၁၄၅ ကျပ်

ရန်ကုန် လက်ကားဈေး

ဒီဇယ် တစ်လီတာ ၁၀၇၀/၁၀၈၀ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၁၀၉၀ ကျပ်၊ အောက်တိန်း ၉၂ တစ်လီတာ ၁၀၃၅/၁၀၄၅ ကျပ်

(မြန်မာနိုင်ငံစက်သုံးဆီအသင်း)

နိုင်ငံခြားငွေလဲလှယ်နှုန်း

(က) အမေရိကန်	တစ်ဒေါ်လာ	၁၅၂၅. ၀
(ခ) ဥရောပ	တစ်ယူရို	၁၇၆၀. ၅
(ဂ) တရုတ်	တစ်ယွမ်	၂၂၂. ၀၂
(ဃ) ထိုင်း	တစ်ဘတ်	၄၇. ၁၂၆
(င) မလေးရှား	တစ်ရင်းဂစ်	၃၆၈. ၄၀
(စ) အိန္ဒိယ	တစ်ရူပီး	၂၀. ၉၁၂
(ဆ) ဂျပန်	တစ်ရာယန်း	၁၃၄၂. ၅
(ဇ) တောင်ကိုရီးယား	တစ်ရာဝမ်	၁၃၆. ၂၁
(ဈ) ဩစတြေးလျ	တစ်ဒေါ်လာ	၁၀၉၄. ၉
(ည) စင်ကာပူ	တစ်ဒေါ်လာ	၁၁၀၉. ၉

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှရယူသည်

ကြေးမုံ

စာတည်းမှူးချုပ် - ဦးဝင်းရွှေ
စာတည်းမှူးများ - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်

သတင်းထောက်မှူး - ဦးမြင့်စိုး
ဘာသာပြန်စာတည်းများ - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ ဦးအောင်ကျော်ကျော်
အကြီးတန်းသတင်းထောက်များ - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး၊ ဒေါ်သီသီမင်း

အငယ်တန်းသတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဒေါ်ခင်ဇာလီ၊ ဒေါ်ခင်စုစုလှိုင်
ဓာတ်ပုံသတင်းထောက် - ဦးခင်မောင်ဝင်း
ပြင်ပသတင်းထောက် - ဒေါ်ရှမဝအောင်

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်(၀၀၆၄၀)
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

ကြေးမုံ Mirror Established in 1917
၁၉၅၇ ခရီ ဇွန် တွင် စတင်တည်ထောင်သည်။

Gmail themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၅၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၃၀၊ ရန်ကုန်မှုခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် ဟောဝန္တလေလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂ မန္တလေးဂျာ ၀၁-၈၆၁၀၆၈၅၊ ဒီပဲ့/ဌေးရောင်း ၀၁-၂၉၁၄၅၅၊ မြန်မိုးမေ ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၉၄၄၂၇

☆ ရွှေဖုံးမှ

တောင်ကြီးခရိုင်အတွင်း ကျေးလက်လမ်း၊ တံတားများ အဆင့်မြှင့်တင်ခြင်းကို ဂျာမနီ-မြန်မာ ပူးပေါင်းဆောင်ရွက်ရေးအစီအစဉ်ဖြင့် ၂၀၁၄ ခုနှစ်မှ စတင်ဆောင်ရွက်ခဲ့ရာတွင် ကျေးလက်လမ်းဖွံ့ဖြိုးရေး အစီအစဉ် (၁) အဆင့် (၁) စီမံကိန်းအတွက် ဂျာမန်ဖွံ့ဖြိုးရေးဘဏ်၏ ကူညီထည့်ဝင်ငွေ ယူရို ခုနစ်သန်းဖြင့် မြို့နယ် သုံးမြို့နယ်၌ ကျေးလက်လမ်း သုံးလမ်း၊ လမ်းအရှည် စုစုပေါင်း ၃၀ ကီလိုမီတာကို အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့ပါကြောင်း၊ ယခုဆိုလျှင် ကျေးလက်ဖွံ့ဖြိုးရေး အစီအစဉ် (၁)၏ အဆင့် (၂) နှင့် အဆင့် (၃) စီမံကိန်းအတွက် ယူရိုငွေ ၁၁ သန်းဖြင့် တောင်ကြီးခရိုင်အတွင်းရှိ တောင်ကြီး၊ ကလော၊ ဟိုပုံး၊ ညောင်ရွှေနှင့် ရပ်စောက်မြို့နယ်များအတွင်းရှိ ကျေးလက်လမ်း ခြောက်လမ်း၊ လမ်းအရှည် စုစုပေါင်း ၆၀ ဒသမ ၅ ကီလိုမီတာအား ၂၀၁၇ ခုနှစ်မှ စတင်ဆောင်ရွက်ခဲ့ရာ ၁၀၀ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်၍ ယနေ့ဖွင့်ပွဲအခမ်းအနားကျင်းပခြင်း ဖြစ်ပါကြောင်း။

၎င်းအပြင် ကျေးလက်ဖွံ့ဖြိုးရေးအစီအစဉ် (၂) အဆင့် (၄) စီမံကိန်းအား ရှမ်းပြည်နယ် တောင်ကြီးခရိုင်နှင့် လွိုင်လင်ခရိုင်တို့၌ ကျေးလက်လမ်းများ အဆင့်မြှင့်တင်ခြင်းအတွက် ယူရို ၁၀ ဒသမ ၉၀ သန်း အထောက်အပံ့အတွက် ဖေဖော်ဝါရီ ၂၇ ရက်တွင် နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးခဲ့ပြီး လုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိပါကြောင်း။

ယခုလို နိုင်ငံတကာ စံချိန်စံညွှန်းနှင့်အညီ အဆင့်မြှင့်တင် တည်ဆောက်ခဲ့သော ကျေးလက်လမ်းများ ရေရှည်တည်တံ့ခိုင်မြဲစေရန်အတွက် ဒေသခံတိုင်းရင်းသားပြည်သူများက စနစ်တကျ သုံးစွဲပြုပြင်ထိန်းသိမ်းကြစေလိုပါကြောင်း ပြောကြားသည်။

ထို့နောက် ဂျာမနီနိုင်ငံ ပါလီမန်၏ ဖွံ့ဖြိုးရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးကော်မတီ အကြီးအကဲ Mr. Uwe Kekeritz (မစ္စတာ ဦးဗေကက်ခရစ်)က နှုတ်ခွန်းဆက်စကား ပြောကြားသည်။ ယင်းနောက် ရှမ်းပြည်နယ် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးခွန်ရဲထွေးက ရှမ်းပြည်နယ်အတွင်းရှိ လမ်းပန်းဆက်သွယ်ရေးကဏ္ဍ ဖွံ့ဖြိုးရေးနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျေးလက်လမ်းများ ဆောင်ရွက်ချက်နှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ယင်းနောက် ဂျာမန်ဖွံ့ဖြိုးရေးဘဏ် (KfW) ကိုယ်စားလှယ် စီးပွားရေး ပူးပေါင်းဆောင်ရွက်ရေးနှင့် ဖွံ့ဖြိုးရေးဝန်ကြီးဌာနမှ Dr.Katharina spiess က နှုတ်ခွန်းဆက်စကား ပြောကြားပြီး Country Director, Ms. Eva Schneider က စီမံကိန်းဆိုင်ရာ ဆောင်ရွက်ချက်များနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် ဒေသခံပြည်သူတစ်ဦးက ယနေ့ဖွင့်လှစ်သည့် ဘော်နင်း-သရက်ပု ကျေးလက်လမ်းသည် ရှမ်းပြည်နယ် (တောင်ပိုင်း) တောင်ကြီးခရိုင် ကလောမြို့နယ်အတွင်း တည်ရှိပြီး လမ်းအရှည် ၁၃ ဒသမ ၄၈ ကီလိုမီတာ၊ အကျယ် ၄ ဒသမ ၅ မီတာရှိကာ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ဂျာမနီနိုင်ငံ ဂျာမန်ဖွံ့ဖြိုးရေးဘဏ် (KfW) နှင့် ဆောက်လုပ်ရေးဝန်ကြီးဌာန ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနတို့ ပူးပေါင်းဆောင်ရွက်ခြင်း ဖြစ်ပြီး လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်လာသည့်အတွက် အဆိုပါလမ်းကို အသုံးပြုသည့် ပတ်ဝန်းကျင်ကျေးရွာ ၃၀ မှ ဒေသခံပြည်သူ ၁၅၅၄၇ ဦးတို့ကို တိုက်ရိုက်အကျိုးခံစားရမည်ဖြစ်သလို ဒေသတွင်း စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေးနှင့် လူမှုရေးတိုးတက်မှုများကို များစွာအထောက်အကူပြုစေမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

ရခိုင်ပြည်နယ်တရားလွှတ်တော် တရားသူကြီးရာထူးမှ နုတ်ထွက်ခွင့်ပြု

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်သမ္မတရုံး
အမိန့်အမှတ်၊ ၃၅/၂၀၁၈

၁၃၈၀ ပြည့်နှစ်၊ တော်သလင်းလပြည့်ကျော် ၉ ရက်
(၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ ၃ ရက်)

ရခိုင်ပြည်နယ်တရားလွှတ်တော် တရားသူကြီးရာထူးမှ နုတ်ထွက်ခွင့်ပြုခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၁၂၊ ပုဒ်မခွဲ(က)နှင့် ပြည်ထောင်စုတရားစီရင်ရေးဥပဒေပုဒ်မ ၄၉၊ ပုဒ်မခွဲ(က)တို့ပါ ပြဋ္ဌာန်းချက်များအရ ရခိုင်ပြည်နယ်တရားလွှတ်တော် တရားသူကြီး ဒေါ်စန်းစန်းရီကို ယင်း၏ သဘောဆန္ဒအလျောက် ၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ ၁ ရက်နေ့မှစ၍ ရာထူးမှနုတ်ထွက်ခွင့်ပြုလိုက်သည်။

(ပုံ)ဝင်းမြင့်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

အမျိုးသားမြေအသုံးချမှုမူဝါဒဆိုင်ရာဖိုရမ် ပိတ်ပွဲအခမ်းအနား ကျင်းပ

နေပြည်တော် အောက်တိုဘာ ၃

အမျိုးသားမြေအသုံးချမှုမူဝါဒဆိုင်ရာဖိုရမ် ပိတ်ပွဲအခမ်းအနားကို ယနေ့ညနေပိုင်းတွင် မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန-၂ ၌ ကျင်းပသည်။

အခမ်းအနားတွင် အမျိုးသားမြေအသုံးချမှုကောင်စီ အတွင်းရေးမှူး ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်းက ယခုကျင်းပသည့် အမျိုးသားမြေအသုံးချမှုမူဝါဒဆိုင်ရာ ဖိုရမ်တွင် သက်ဆိုင်ရာ ကိုယ်စားလှယ်များက အမျိုးသားမြေအသုံးချမှု မူဝါဒ၊ အမျိုးသား မြေဥပဒေနှင့် မြေစီမံခန့်ခွဲမှုဆိုင်ရာ ဥပဒေများ သဟဇာတဖြစ်စေခြင်း၊ အမျိုးသားမြေအသုံးချမှု အစီအစဉ်နှင့် မြေအသုံးချမှုဇုန်များ ရေးဆွဲအကောင်အထည်ဖော်ခြင်း၊ အမျိုးသားမြေသတင်းအချက်အလက် စီမံခန့်ခွဲသည့်စနစ်၊ အမျိုးသားမြေအသုံးချမှုကောင်စီ၏လုပ်ငန်းစဉ်များ၊ စိုက်ပျိုးမြေနှင့် မြေလွတ်၊ မြေလပ်၊ မြေရိုင်းဆိုင်ရာ မြေယာကဏ္ဍဖွံ့ဖြိုးမှုနှင့် ဒေသခံပြည်သူများနှင့် သစ်တောသယံဇာတ ဆက်စပ်မှု အခြေအနေစသည့် အကြောင်းအရာများကို တင်ပြဆွေးနွေးခဲ့ကြပါကြောင်း။

အုပ်စုဖွဲ့ဆွေးနွေးခြင်းများတွင်လည်း ဖိုရမ်သို့ တက်ရောက်လာကြသည့် ကိုယ်စားလှယ်များက စိတ်ပါဝင်စားစွာ ဝိုင်းဝန်းဆွေးနွေးခဲ့ကြပြီး အမျိုးသားမြေအသုံးချမှုကောင်စီ၏ လုပ်ငန်းတာဝန်များ ထိရောက်စွာအကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် ဦးစားပေး ဆောင်ရွက်သင့်သော လုပ်ငန်းစဉ်များအပေါ် အုပ်စုအလိုက် ပြန်လည်အကြံပြု တင်ပြခဲ့ကြပါကြောင်း၊ ဖိုရမ်သို့ တက်ရောက်လာကြသည့် ကိုယ်စားလှယ်များ၏ ဝိုင်းဝန်းဆွေးနွေးအကြံပြုချက်များသည် အမျိုးသားမြေအသုံးချမှုကောင်စီ၏ ရှေ့လုပ်ငန်းစဉ်များအတွက် လွန်စွာအထောက်အကူပြုမည်ဖြစ်ပါကြောင်း၊ ယခုဖိုရမ်မှ ဆွေးနွေးရရှိလာသည့် ရလဒ်ကောင်းများကို အခြေခံပြီး အနာဂတ်မြန်မာနိုင်ငံမှာ စနစ်တကျ ကောင်းမွန်သည့် မြေယာခန့်ခွဲမှုစနစ်များ ပေါ်ထွန်းလာစေရန် အမျိုးသားမြေအသုံးချမှုမူဝါဒနှင့်အညီ ပီပြင်ခိုင်မာစွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး အမျိုးသားမြေဥပဒေ ရေးဆွဲနိုင်ရေးတို့အတွက် ဆက်လက်ပြီး ပူးပေါင်းပါဝင်ဆောင်ရွက်ကြစေလိုကြောင်း ပြောကြားသည်။

အခမ်းအနားသို့ အမျိုးသားမြေအသုံးချမှုကောင်စီ အဖွဲ့ဝင်များ၊ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး၊ ပြည်နယ်ဝန်ကြီးချုပ်များ၊ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်မှ ကိုယ်စားလှယ်များ၊ နိုင်ငံတကာအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ တပ်မတော်သားကိုယ်စားလှယ်များ၊ လူမှုအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြသည်။

သတင်းစဉ်

ရန်ကုန်တောင်ပိုင်း ရေပေးဝေရေးစီမံချက်အတွက် အကူအညီပေးရေးဆိုင်ရာစာချွန်လွှာ လက်မှတ်ရေးထိုး

နေပြည်တော် အောက်တိုဘာ ၃

ဂျပန်နိုင်ငံအစိုးရမှ ရန်ကုန်တောင်ပိုင်း ရေပေးဝေရေးစီမံချက်အတွက် ဂျပန်ယန်း ၄ ဒသမ ၁၇၆ ဘီလီယံ အကူအညီပေးရေးဆိုင်ရာစာချွန်လွှာ လက်မှတ်ရေးထိုးပွဲ အခမ်းအနားကို ယနေ့ ညနေ ၃ နာရီတွင် နေပြည်တော်ရှိ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဆက်အောင်၊ မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံအမတ်ကြီး Mr. Ichiro Maruyama နှင့် သံရုံးမှ တာဝန်ရှိသူများ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံအစိုးရကိုယ်စား စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဆက်အောင်နှင့် ဂျပန်နိုင်ငံအစိုးရကိုယ်စား မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံအမတ်ကြီး Mr.Ichiro Maruyama တို့က အကူအညီပေးရေးဆိုင်ရာ စာချွန်လွှာကို လက်မှတ်ရေးထိုးလဲလှယ်ကြသည်။ **(ယာပုံ)**

ထို့နောက် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဆက်အောင်က ကျေးဇူးတင်စကား ပြောကြားပြီး မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံအမတ်ကြီး Mr.Ichiro Maruyama က အကူအညီပေးရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ယင်းနောက် ဒုတိယဝန်ကြီးနှင့် ဂျပန်သံအမတ်ကြီးတို့သည် အခမ်းအနားသို့ တက်ရောက်လာကြသူများနှင့် အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်သည်။

ရန်ကုန်တောင်ပိုင်း ရေပေးဝေရေးစီမံချက်အရ ဒလ၊ ဆိပ်ကြီးခနောင်တို့၊ တွံတေး၊ ကော့မှူးနှင့် ကွမ်းခြံကုန်းမြို့နယ်များတွင် သန့်ရှင်းသော သောက်သုံးရေနှင့် အများသုံးရေများ ထုတ်လုပ်နိုင်မည်ဖြစ်ပြီး ရေပေးဝေရေးကဏ္ဍ အဆင့်မြှင့်တင်နိုင်မည်ဖြစ်ကြောင်း သိရသည်။

အဆိုပါစီမံချက်နှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံအမတ်ကြီးက "ဒီနေ့ လက်မှတ်ထိုးတဲ့ စာချွန်လွှာဟာ ရန်ကုန်တောင်ပိုင်းမှာရှိတဲ့ ဒေသခံပြည်သူတွေ သန့်ရှင်းတဲ့သောက်သုံးရေ ရရှိသုံးစွဲနိုင်ဖို့ဖြစ်ပါတယ်။ ရေပေးဝေရေးစီမံကိန်းလည်း ဖြစ်ပါတယ်။ မြန်မာနိုင်ငံရဲ့ ပို့ဆောင်ရေး၊ လျှပ်စစ်နဲ့ စွမ်းအင်ကဏ္ဍ၊ ရန်ကုန်မြို့တော်ဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍတွေဟာ ကျွန်တော်တို့ရဲ့ အဓိကဦးစားပေးကဏ္ဍတွေ ဖြစ်ပါတယ်။ မြန်မာနိုင်ငံရဲ့ အခြေခံအဆောက်အအုံတွေ ပိုမိုဖွံ့ဖြိုးတိုးတက်ဖို့ အတွက် တရားဝင်ဖွံ့ဖြိုးမှုအကူအညီကို အသုံးပြုနေပါတယ်။ အဲဒီအခြေခံအဆောက်အအုံတွေ ဖွံ့ဖြိုးတိုးတက်ဖို့ အတွက် ဂျပန်အစိုးရအနေနဲ့ မြန်မာနိုင်ငံအစိုးရနဲ့ ပူးပေါင်းပြီး ဆောင်ရွက်သွားမှာဖြစ်ပါတယ်"ဟု ပြောကြားသည်။

သတင်းစဉ်

ဘိုကလေးမြို့၌ စတုတ္ထအကြိမ်မြောက် ပြည်သူ့စကားဝိုင်းဆွေးနွေးပွဲ ကျင်းပမည်

ဘိုကလေး အောက်တိုဘာ ၃

မြို့ရွာဖွံ့ဖြိုးတိုးတက်ရေး ပူးပေါင်းဆောင်ရွက်ကြရန် ရည်ရွယ်ကျင်းပသည့် ပြည်သူ့စကားဝိုင်းဆွေးနွေးပွဲကို ရောဝတီတိုင်းဒေသကြီး ဘိုကလေးမြို့ မြို့နယ်ခန်းမ၌ အောက်တိုဘာ ၈ ရက် နံနက် ၉ နာရီတွင် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါဆွေးနွေးပွဲတွင် "မြို့ရွာဖွံ့ဖြိုးတိုးတက်ရေးအားလုံးပါဝင်ဆောင်ရွက်ပေး" ခေါင်းစဉ်ဖြင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါ်မေသန်းခွန်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမင်းသိုင်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ဇင်ဦး၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးတင်မျိုးဦး၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးသက်အောင်၊ မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးကျော်သူရနှင့် စာရေးဆရာမ သတင်းထောက်သူဇာနွယ် (ဖျာပုံ) တို့က ဦးဆောင်ဆွေးနွေးကြမည်ဖြစ်သည်။

ဘိုကလေးမြို့တွင် ပြည်သူများ၏အသံ သိရှိနိုင်ရန်၊ ပြည်သူနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာများ ရင်းနှီးစွာ တွေ့ဆုံဆွေးနွေးနိုင်ရန် ရည်ရွယ်ပြုလုပ်သည့် ပြည်သူ့စကားဝိုင်းဆွေးနွေးပွဲများကို ကျေးလက်ဒေသများအထိပါ သွားရောက်ပြီး ကျင်းပလျက်ရှိရာ ယခုအကြိမ်သည် စတုတ္ထအကြိမ်မြောက်ဖြစ်ပြီး ယခုနှစ်အတွင်း နောက်ထပ် ငါးကြိမ် ဆက်လက်ပြုလုပ်သွားရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သူဇာနွယ်(ဖျာပုံ)

ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးနှင့် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ သဘာဝဘေးလျော့ပါးရေးဆိုင်ရာ အထူးကိုယ်စားလှယ်တို့ တွေ့ဆုံ

နေပြည်တော် အောက်တိုဘာ ၃

(၆၉)ကြိမ်မြောက် Executive Committee of the High Commissioner's Programme(Ex-COM) တက်ရောက်ရန် ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့၌ ရောက်ရှိနေသော လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးသည် ယနေ့ဒေသစံတော်ချိန် နံနက် ၁၀ နာရီတွင် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ သဘာဝဘေးလျော့ပါးရေးဆိုင်ရာ အထူးကိုယ်စားလှယ် Ms. Mami-Mizutori နှင့် United Nations Office for Disaster Risk Reduction ရုံး၌ တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက ရာသီဥတုပြောင်းလဲဖြစ်ပေါ်မှုကြောင့် မြန်မာနိုင်ငံတွင် ဖြစ်ရိုးဖြစ်စဉ် မဟုတ်သော သဘာဝဘေးများ ရင်ဆိုင်ကြုံတွေ့နေရကြောင်း၊ မိမိတို့အနေဖြင့် ပြောင်းလဲမှုအား လိုက်လျောညီထွေ ရင်ဆိုင်တုံ့ပြန်နိုင်ရေး ကြိုးစားဆောင်ရွက်လျက်ရှိပါကြောင်း၊ ကမ္ဘာလုံးဆိုင်ရာ သဘာဝဘေးလျော့ပါးရေး မူဘောင်ဖြစ်သည့် Sendai Framework နှင့် လိုက်လျောညီထွေစွာ မြန်မာနိုင်ငံဘေးအန္တရာယ်ကြောင့် ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ချရေး လုပ်ငန်းစီမံချက်(၂၀၁၇) (Myanmar Action Plan on Disaster Risk Reduction-MAPDRR)ကို ဆက်လက်ပြီးသက်သူအားလုံး ပါဝင်ရေးဆွဲပြုစုထားပြီး လုပ်ငန်းများ အကောင်အထည်ဖော်လျက်ရှိပါကြောင်း။

မြန်မာပြည်သူများ သဘာဝဘေးဒဏ် ကြုံကြိုခံရင်ဆိုင်နိုင်ရန် မိမိတို့ကြိုးပမ်းဆောင်ရွက်နေကြောင်း၊ လုပ်ငန်းပမာဏကြီးမားကျယ်ပြန့်သဖြင့် နိုင်ငံအတွင်းမှ ဆက်လက်သက်သူအားလုံး ပူးပေါင်းဆောင်ရွက်နေသကဲ့သို့ နိုင်ငံတကာပညာရှင်များ၏ နည်းပညာပံ့ပိုးကူညီမှု၊ စီမံချက်များအတွက် ထောက်ပံ့မှု မြန်မာနိုင်ငံ၏ သဘာဝဘေးစီမံခန့်ခွဲနယ်ပယ်မှ တာဝန်ရှိသူများ စွမ်းဆောင်ရည်မြှင့်တင်နိုင်ရေး ဆောင်ရွက်မှုတို့အား ဆက်လက်ပံ့ပိုးမှုလိုအပ်ကြောင်း၊ မိမိတို့အနေဖြင့် တိုင်းဒေသကြီး၊ ပြည်နယ်အလိုက် ဘေးအန္တရာယ်ကျရောက်နိုင်ခြေဆန်းစစ်မှုများ ပြုလုပ်နိုင်ရန် ကြိုးစားလျက်ရှိရာ United Nations International Strategy for Disaster Reduction (UNISDR)ကဲ့သို့ သဘာဝဘေးလျော့ပါးရေး ဦးဆောင်ရေးအဖွဲ့က ပံ့ပိုးကူညီမှုရှိပါက ပိုမိုသင့်လျော်ကောင်းမွန်ပါကြောင်း။

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနအနေဖြင့် လူမှုကာကွယ်စောင့်ရှောက်ရေး၊ သဘာဝဘေးနှင့် လူကြောင့်ဖြစ်သော ဘေးများ စီမံခန့်ခွဲရေး၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများအား ဆောင်ရွက်လျက်ရှိရာတွင် မသန်စွမ်းများအပြင် ထိခိုက်လွယ်သူအားလုံးကို မကျန်လပ်စေရန်နှင့် တန်းတူညီမျှ ကူညီမှုရရှိစေရန် ဆောင်ရွက်လျက်ရှိပါကြောင်း၊ လုပ်ငန်းများဆောင်ရွက်ရာတွင် ပြည်သူလူထုအား ပိုမိုထိရောက်ကောင်းမွန်စွာ အကျိုးပြုနိုင်ရန် ဥပဒေ၊ နည်းဥပဒေများကို ပြန်လည်ဆန်းစစ်မှုများ ဆောင်ရွက်လျက်ရှိပါကြောင်း၊ ပုံပိုးပူးပေါင်းကူညီမှုအားလည်း အသိအမှတ်ပြု ကျေးဇူးတင်ပါကြောင်း ပြောကြားသည်။

ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ အထူးကိုယ်စားလှယ်က မြန်မာနိုင်ငံ၏ သဘာဝဘေးလျော့ပါးရေးလုပ်ငန်းများအတွက် ပံ့ပိုးကူညီရမှုအတွက် ဂုဏ်ယူဝမ်းမြောက်ပါကြောင်း၊ မြန်မာနိုင်ငံမှ လက်ရှိဆောင်ရွက်နေသည့် သဘာဝဘေးလျော့ပါးရေးလုပ်ငန်းအတွက် ဦးစားပေးလုပ်ငန်းများကို ဖော်ထုတ်၍ ပူးပေါင်းကူညီသွားမည်ဖြစ်ကြောင်း၊ Sendai Framework နှင့် လိုက်လျောညီထွေစွာ ဆောင်ရွက်နေမှုနှင့် မူဘောင်ဆိုင်ရာပထမအကြိမ် အစီရင်ခံတင်သွင်းမှုကိုလည်း အသိအမှတ်ပြုပါကြောင်း၊ မြန်မာနိုင်ငံတွင် ဘေးဒဏ်ကြုံကြိုခံနိုင်သော မြို့များဖြစ်စေရေး၊ လက်ရှိပံ့ပိုးမှုများသည် ဒေသတွင်းနှင့် မြန်မာနိုင်ငံရှိ အခြားမြို့များမှပါ လိုအပ်သလို နမူနာယူဆောင်ရွက်နိုင်ကြောင်း၊ မသန်စွမ်းများ၊ ရွှေ့ပြောင်းနေထိုင်သူများ အပါအဝင် ထိခိုက်လွယ် အုပ်စုများပါဝင်စေရေး မူဝါဒချမှတ်ဆောင်ရွက်နေသည့် အခြေအနေကိုသိရှိရသဖြင့် အသိအမှတ်ပြုပါကြောင်း၊ အာရှဒေသသည် မကြာခဏ သဘာဝဘေးမျိုးစုံ ဖြစ်ပွားလေ့ရှိသည့်အတွက် မိမိတို့အားလုံး ညီညွတ်စွာပူးပေါင်းဆောင်ရွက်မှုမှာ အရေးပါသည်ကို ထပ်လောင်းအသိပေးလိုကြောင်း ဆွေးနွေးသည်။

ပြည်ထောင်စုဝန်ကြီးသည် ယမန်နေ့ကလည်း မြန်မာနိုင်ငံတွင် ဆောင်ရွက်နေသည့် လူသားချင်းစာနာမှု အကူအညီပေးရေးဆိုင်ရာများ၊ အိမ်နီးချင်းနိုင်ငံသို့ ရွှေ့ပြောင်းသွားသူများနှင့်စပ်လျဉ်း၍ နိုင်ငံတော်အစိုးရ၏ ပြင်ဆင်ဆောင်ရွက်နေမှုနှင့် ရပ်တည်ချက်များ၊ မြန်မာနိုင်ငံတွင် တရားဥပဒေစိုးမိုးရေး၊ ရေရှည်တည်တံ့ခိုင်မြဲသည့် ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်နေမှုများအား မိတ်ဖက်နိုင်ငံများ၏ ကုလသမဂ္ဂအမြဲတမ်းကိုယ်စားလှယ်အဖွဲ့ရုံးများမှ သံအမတ်ကြီးများ၊ တာဝန်ရှိသူများနှင့် အလွတ်သဘောတွေ့ဆုံဆွေးနွေးခြင်း၊ လုပ်ငန်းဆောင်ရွက်မှုများအတွက် အမြင်ချင်းဖလှယ် ဆွေးနွေးခြင်းများဆောင်ရွက်ခဲ့ကြကြောင်း သတင်းရရှိသည်။

သတင်းစဉ်

မုံရွာ၊ ဘားအံနှင့် နေပြည်တော်တို့တွင် (၅၄)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ ကျင်းပ

မုံရွာ

ရဲတပ်ဖွဲ့ဝင်များ၏လုပ်ဆောင်ချက်နှင့် သတင်းတို့သည် စက္ကန့်ပိုင်းအတွင်း လူထုကြားပျံ့နှံ့သွားမည်ဖြစ်သည့်အတွက် အစစအသေးအဖွဲဟု သဘောမထားဘဲ တာဝန်ဝတ္တရားများကို လုပ်ထုံးလုပ်နည်းဥပဒေနှင့်အညီ သတိရှိရှိဆောင်ရွက်ကြရန် စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင်က အောက်တိုဘာ ၁ ရက်က မုံရွာမြို့တော်ခန်းမ၌ ကျင်းပသော (၅၄)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့အခမ်းအနား အဖွင့်မိန့်ခွန်းတွင် ထည့်သွင်းပြောကြားသည်။

"မြန်မာနိုင်ငံရဲတပ်ဖွဲ့ဟာ ကိုလိုနီလက်ထက်က စတင်ဖွဲ့စည်းတည်ထောင်လာခဲ့တဲ့အတွက် ကိုလိုနီစရိုက်ဆိုးတွေပါလာခဲ့ပြီး မြန်မာ့မျိုးချစ်ခေါင်းဆောင်တွေကို ဖမ်းဆီးအရေးယူခဲ့တာကြောင့် "ပုလိပ်"ဆိုရင် ရွံမုန်းခံရတဲ့ အခြေအနေ ရှိခဲ့ဖူးပါတယ်။ ဒါပေမယ့် ခေတ်အဆက်ဆက်မှာ ပြုပြင်ပြောင်းလဲရေးတွေလုပ်ပြီး ပြည်သူနဲ့ နွေးနွေးထွေးထွေး ပြောဆိုဆက်ဆံလာတာတွေကြောင့် ရဲတပ်ဖွဲ့လုပ်ဆောင်မှုအပေါ် သိမြင်နားလည်ပြီး ပူးပေါင်းဆောင်ရွက်လာတာတွေ ရှိနေပါပြီ။ လုံခြုံမှုနဲ့ပတ်သက်လာရင် ရဲကိုပြေးမြင်တတ်ကြပြီး ပြည်သူတွေပါ ပူးပေါင်းဆောင်ရွက်ရမယ်ဆိုတဲ့အမြင် ရှိလာကြပါတယ်"ဟု ဒေါက်တာမြင့်နိုင်က ဖြည့်စွက်ပြောကြားသည်။

တိုင်းဒေသကြီးဝန်ကြီးချုပ်က စစ်ကိုင်းတိုင်းဒေသကြီးအတွင်း မူးယစ်ဆေးဝါးအန္တရာယ်ကင်းစင်ပပျောက်ရေးကို အားသွန်ခွန်စိုက် ပံ့ပိုးဆောင်ရွက်ပေးလျက်ရှိရာ မူးယစ်ဆေးဝါး ဖမ်းဆီးရမိမှုများအနက်မှ ကျပ်သိန်း ၁၀၀ နှင့်အထက် ဆုငွေကျပ် ငါးသိန်း၊ ကျပ်သိန်း ၅၀၀ နှင့်အထက် ဆုငွေကျပ် သုံးသိန်း၊ ကျပ်သိန်း ၁၀၀ နှင့်အထက် ဆုငွေကျပ် တစ်သိန်း ဆုချီးမြှင့်ပေးလျက်ရှိကြောင်း သိရသည်။

တိုင်းဒေသကြီးရဲတပ်ဖွဲ့မှ ၂၀၁၈ ခုနှစ် ဇန်နဝါရီ ၁ ရက်မှ စက်တင်ဘာ ၂၅ ရက်အထိ မူးယစ်ဆေးဝါးမှု ၁၂၄၂ မှု ဖမ်းဆီးရမိခဲ့ပြီး ဘိန်းဖြူ ၂၂ ဒသမ ၈၃၆ ကီလိုဂရမ်၊ ဘိန်းမည်း ၂၀၀ ဒသမ ၆၃၄၆ ကီလိုဂရမ်၊ စိတ်ကြွဆေးသွပ်ဆေးပြား ၄၃၉၉၂၅ ပြား၊ အခြားမူးယစ်ဆေးဝါးမျိုးစုံ ၁ ဒသမ ၆၇၀၃ ကီလိုဂရမ် စုစုပေါင်း ငွေကျပ် ၅၈၀၅၁ သိန်း သိမ်းဆည်းရမိ ခဲ့ပြီး တရားခံအမျိုးသား ၁၄၂၄ ဦး၊ အမျိုးသမီး ၁၃၅ ဦး ဖမ်းဆီးအရေးယူဆောင်ရွက်ခဲ့ကြောင်း တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူး ရဲမှူးကြီး လေးစိုးထံမှ သိရသည်။

တိုင်းဒေသကြီးအတွင်း မူးယစ်ဆေးဝါးဖမ်းဆီးရမိမှုမှာ ကျပ်သိန်း ၁၀၀ နှင့်အထက် ၁၁ မှု၊ ကျပ်သိန်း ၅၀၀ နှင့်အထက် ၁၁မှု၊ ကျပ်သိန်း ၁၀၀ နှင့်အထက် ၄၆ မှ စုစုပေါင်း ၆၈ မှု ဖမ်းဆီးရမိရာ တိုင်းဒေသကြီးအစိုးရအဖွဲ့က ဆုကြေးငွေကျပ် ၁၃၆ သိန်းကို ချီးမြှင့်ပေးအပ်ခဲ့သည်။ **မျိုးဝင်းထွန်း(မုံရွာ)**

ဘားအံ

ကရင်ပြည်နယ်ရဲတပ်ဖွဲ့အနေဖြင့် ၂၀၁၈ ခုနှစ်အတွင်း စက်တင်ဘာ ၃၀ ရက်အထိ အမှုကြီး ၁၀ မျိုး ဖြစ်ပွားမှု ၄၈ မှု၊ အခြားမှု ၁၀ မျိုး ဖြစ်ပွားမှု ၉၇၀ ဖမ်းဆီးအရေးယူဆောင်ရွက်နိုင်ခဲ့ပြီး ကြိုတင်ကာကွယ်မှု ၁၀ မျိုး အနေဖြင့် အမှုပေါင်း ၃၁၁၉ မှု ကာကွယ်တားဆီးနိုင်ခဲ့ကြောင်း၊ မူးယစ်ဆေးဝါးဖမ်းဆီးရမိမှုအနေဖြင့် ၃၅၈ မှု ဖမ်းဆီးအရေးယူနိုင်ခဲ့ပြီး ၃၀၁ မှု တရားစွဲတင်နိုင်ခဲ့ကာ ၅၇ မှု စစ်ဆေးလျက်ရှိကြောင်း၊ ယာဉ်မတော်တဆမှု ၂၈၅ မှု ဖြစ်ပွားခဲ့သည့်အနက် ၁၆၂ မှုတရားစွဲတင်ခဲ့ပြီး ၁၂၃ မှုမှာ စစ်ဆေးလျက်ရှိကြောင်း၊ ယာဉ်တိုက်မှုကြောင့် သေဆုံးမှုမှာ ၉၆ မှုရှိကြောင်း အောက်တိုဘာ ၁ ရက် နံနက် ၈ နာရီက ဘားအံမြို့ ဇွဲကပင်ခန်းမ၌ကျင်းပသည့် (၅၄)ကြိမ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့အခမ်းအနားမှ သိရသည်။

အဆိုပါအခမ်းအနားသို့ ကရင်ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့်တက်ရောက်အမှာစကားပြောကြားခဲ့ပြီး ပြည်နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီး အောင်မြတ်မိုးက ရဲချုပ်၏သဝဏ်လွှာအား ဖတ်ကြားကာ ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်နှင့် အစိုးရအဖွဲ့ဝင်ဝန်ကြီးများက ရဲလုပ်ငန်းစွမ်းဆောင်ရည်ဆုရရှိသူများ၊ ရဲတပ်ဖွဲ့နှင့် စိတ်အားထက်သန်စွာ ပူးပေါင်းဆောင်ရွက်ခဲ့သူများအား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ခဲ့သည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် အခမ်းအနားသို့တက်ရောက်လာသူများသည် ရဲတပ်ဖွဲ့နေ့အထိမ်းအမှတ် ဒီဒီယိုကလစ်ကို ကြည့်ရှုခဲ့ကြပြီး ခင်းကျင်းပြသထားသည့် ကရင်ပြည်နယ်ရဲတပ်ဖွဲ့ပြခန်းအား လှည့်လည်ကြည့်ရှုခဲ့ကြကြောင်း သတင်းရရှိသည်။ **စောမျိုးမင်းသိန်း(ပြန်/ဆက်)**

အောက်တိုဘာ ၁ ရက်က (၅၄)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့အခမ်းအနားတွင် နေပြည်တော် ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးမျိုးဆွေက နေပြည်တော် ရဲတပ်ဖွဲ့အောက်ရှိ မြို့နယ်များမှ စွမ်းစွမ်းတမံဆောင်ရွက်ခဲ့သည့် ရဲတပ်ဖွဲ့ဝင် တစ်ဦးအား ဂုဏ်ပြုဆုချီးမြှင့်စဉ်။ **မင်းမင်းလတ်(မန်းတက္ကသိုလ်)**

၂၀၁၈ ခုနှစ် အောက်တိုဘာ ၅၊ ၆ ရက်တွင် အာဂျင်တီးနားနိုင်ငံ၌ ကျင်းပမည့် နိုင်ငံတကာအိုလံပစ်ကော်မတီ Olympism in Action Forum, 133rd IOC Session နှင့် တတိယအကြိမ်မြောက် အိုလံပစ် လူငယ်အားကစားပြိုင်ပွဲသို့ တက်ရောက်မည့် မြန်မာအားကစားကိုယ်စားလှယ်အဖွဲ့သည် အောက်တိုဘာ ၃ ရက် ညနေပိုင်းက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ထွက်ခွာသွားရာ အား/ကာသိပ္ပံ(ရန်ကုန်) ကျောင်းအုပ်ကြီး ဦးစိုးအောင်နှင့် တာဝန်ရှိသူများ လေဆိပ်မှမထွက်ခွာမီ တွေ့ရစဉ်။

ဓာတ်ပုံ- စိုးညွန့်

ရွှေပြည်သာမြို့နယ်တွင် သက်ကြီးဘိုးဘွားများအား လူမှုရေးပင်စင်ပေးအပ်

ရွှေပြည်သာ အောက်တိုဘာ ၃

ရန်ကုန်တိုင်းဒေသကြီး ရွှေပြည်သာမြို့နယ်တွင်အသက် ၈၅ နှင့်အထက် သက်ကြီးဘိုးဘွားများ လူမှုရေး၊ ကျန်းမာရေးနှင့် လူနေမှုဘဝ အဆင်ပြေစေရန် ရည်ရွယ်၍ လူမှုရေးပင်စင် ထောက်ပံ့ပေးအပ်ပွဲကို ယမန်နေ့ မွန်းလွဲပိုင်းက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်အဝေးခန်းမ၌ ကျင်းပရာ ဘိုးဘွားတစ်ဦးလျှင် တစ်လငွေကျပ်တစ်သောင်းနှုန်းဖြင့် ဇူလိုင်လမှ စက်တင်ဘာလအထိ သုံးလအတွက် ငွေကျပ်သုံးသောင်းကို ရွှေပြည်သာမြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာ ၂၇ ခုမှ အသက် ၈၅ နှင့်အထက် ဘိုးဘွား ၁၈၇ ဦးအား ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

နေမျိုးထွန်း(ရွှေပြည်သာ)

ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပြုချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်ရေးကော်မတီ၏ ၂၀၁၈ ခုနှစ် မေလမှ ဩဂုတ်လအထိ လုပ်ငန်းဆောင်ရွက်မှုများနှင့်စပ်လျဉ်း၍ ပြည်သူသို့ အစီရင်ခံစာ

ရခိုင်ပြည်နယ်၏ စီးပွားရေးနှင့် လူမှုရေးပွဲ့ဖြိုးမှု

ရခိုင်ပြည်နယ်အတွင်း ရင်းနှီးမြှုပ်နှံမှုပြခြင်းမှ ရရှိလာမည့် အကျိုးအမြတ်များကို ဒေသခံပြည်သူလူထု ကောင်းမွန်စွာ ရရှိခံစားနိုင်ရန် ကုမ္ပဏီများ မှတ်ပုံတင်ခြင်းကို ရခိုင်ပြည်နယ် ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန ရခိုင်ပြည်နယ်ဦးစီးမှူးရုံးက ဆောင်ရွက်ပေးလျက်ရှိရာ ၂၀၁၈ ခုနှစ် မေလမှ ဩဂုတ်လအတွင်း ကုမ္ပဏီစုစုပေါင်း ၈၅ ခုကို မှတ်ပုံတင်ပေးခဲ့ပါသည်။ ကုမ္ပဏီမှတ်ပုံတင်မှုလုပ်ငန်းစဉ်များ လွယ်ကူချောမွေ့စေရန် အီလက်ထရွန်နစ်စနစ်ဖြင့် ကုမ္ပဏီမှတ်ပုံတင်ခြင်းနှင့် ပြန်လည်မှတ်ပုံတင်ခြင်းလုပ်ငန်းစဉ်များကို ဩဂုတ်လ ၁ ရက်နေ့မှ စတင်၍ Myanmar Companies Online(MyCO) မှတစ်ဆင့် လွယ်ကူချောမွေ့စွာ ဆောင်ရွက်နိုင်ပြီဖြစ်ရာ ရခိုင်ပြည်နယ်ဦးစီးမှူးရုံးတွင် MyCO စနစ်ဖြင့် ပြန်လည်မှတ်ပုံတင်ထားသော ကုမ္ပဏီ စုစုပေါင်း ၅၃ ခုရှိပါသည်။

မှတ်ပုံတင်ပေးခဲ့သော ကုမ္ပဏီပေါင်း ၈၅ ခု

ရခိုင်ပြည်နယ် ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သော စီမံကိန်းများဆောင်ရွက်ရန် ဒေသခံပြည်သူလူထုထံမှ ရယူအသုံးပြုခဲ့သော မြေယာများအတွက် မြေယာလျော်ကြေးများ ပေးချေလျက်ရှိရာ ဂွမြို့နယ်နှင့် စစ်တွေမြို့နယ်အတွင်းရှိ မြေကေ ၉. ၁၇ ကေအတွက် မြေပိုင်ရှင် (၅)ဦးသို့ မြေယာလျော်ကြေးငွေ ကျပ် ၃၄. ၈၄၃ သန်း ပေးချေခဲ့ပါသည်။

မြေယာလျော်ကြေးငွေကျပ် ၃၄. ၈၄၃ သန်း

ကျောက်ဖြူအထူးစီးပွားရေးဇုန် စီမံကိန်းလုပ်ငန်းများနှင့် စပ်လျဉ်း၍ Final Agreements များ မချုပ်ဆိုမီ မူဘောင်သဘောတူညီချက် Framework Agreement(Deep Sea Port) ချုပ်ဆိုနိုင်ရေး ညှိနှိုင်းဆောင်ရွက်လျက်ရှိပါသည်။

အလုပ်သမားဈေးကွက်နှင့် သက်ဆိုင်သည့် လေ့လာဆန်းစစ်မှု (Labour Market Assessment-LMA) ပြုလုပ်ရေး ILO နှင့် ဆက်လက်ညှိနှိုင်းပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။ လုပ်သားလိုအပ်ချက်စာရင်းစနစ်တကျပြုစုနိုင်ရေးအတွက် အလုပ်သမားမှတ်ပုံတင်ခြင်းကိုလည်း ဆောင်ရွက်လျက်ရှိရာ မေလမှ ဩဂုတ်လထိ ကျား ၁၀၈၄ ဦး၊ မ ၇၂၁ ဦး၊ ပေါင်း ၁၈၀၅ ဦးတို့အား အလုပ်သမားမှတ်ပုံတင်နိုင်ခဲ့ပြီး ကျား ၁၅၉ ဦး၊ မ ၁၃၀ ပေါင်း ၂၈၉ ဦးတို့အား အလုပ်ရရှိအောင် ဆောင်ရွက်ပေးနိုင်ခဲ့သကဲ့သို့ အလုပ်သမားရေးရာဆိုင်ရာ ကျွမ်းကျင်မှုလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်နိုင်ရန် အလုပ်သမားညွှန်ကြားရေးဦးစီးဌာနနှင့် GIZ တို့ Implementation Agreement လက်မှတ်ရေးထိုးဆောင်ရွက်မည်ဖြစ်ပါသည်။ ရခိုင်ပြည်နယ်တွင် အလုပ်ဌာနပေါင်း ၁၁၂၀၆ တွင် အမျိုးသားလုပ်သားဦးရေ ၃၆၂၇၃၀ ရှိပြီး အမျိုးသမီးလုပ်သားဦးရေ ၂၇၃၅၂၇ ရှိသဖြင့် လုပ်သားထုအတွင်း အမျိုးသမီးပါဝင်မှု ရာခိုင်နှုန်းမှာ ၄၃ ရာခိုင်နှုန်း ဖြစ်ပါသည်။



တိုးတက်ဖြစ်ပေါ်လာမည့် စီးပွားရေးလုပ်ငန်းများအတွက် ကျွမ်းကျင်လုပ်သားများ ကြိုတင်လေ့ကျင့်မှုအဖြစ် အစီရင်ခံသည့်ကာလအတွင်း မော်တော်ဆိုင်ကယ်ပြုပြင်ထိန်းသိမ်းနည်းသင်တန်း၊ အင်ဂျင်စက်ပြင်သင်တန်း၊ လက်သမား၊ ပန်းရန်သင်တန်း၊ လျှပ်စစ်ပိုင်ယာရိန်းသင်တန်း၊ ပို့စိုက်ပျိုးရေးနည်းပညာသင်တန်း၊ ဆိုင်ကယ်စက်ပြင်သင်တန်း၊ မွေးမြူရေးနှင့် စိုက်ပျိုးရေးဆိုင်ရာသင်တန်း၊ အခြေခံစက်ပြင်သင်တန်း၊ အခြေခံလျှပ်စစ်ဂေဟသင်တန်း၊ လက်ကိုင်ဖုန်းပြင်သင်တန်း၊ မော်တော်ယာဉ်စက်ပြင်သင်တန်း စသည့် လုပ်ငန်းကျွမ်းကျင်မှုသင်တန်းများ စုစုပေါင်းအကြိမ် ၂၀ ဖွင့်လှစ်နိုင်ခဲ့ပြီး အမျိုးသား ၄၄၂ ဦး၊ အမျိုးသမီး ၂၅ ဦး စုစုပေါင်း ၄၆၇ ဦးတို့ကို လေ့ကျင့်ပေးခဲ့ပါသည်။



လုပ်ငန်းခွင်ကျွမ်းကျင်မှုသင်တန်း လေ့ကျင့်ပေးခဲ့သော အမျိုးသား ၄၅၆ ဦးနှင့် အမျိုးသမီး ၅၀၂ ဦး

ထို့အပြင် လုပ်သားအင်အားထုအတွင်း အမျိုးသမီးလုပ်သားအင်အားပါဝင်မှုကို မြှင့်တင်နိုင်ရန် အမျိုးသမီး ဦးစားပေးသင်တန်းများဖြစ်သည့် အိမ်တွင်းမှုသင်တန်း၊ အခြေခံစက်ချုပ်သင်တန်း၊ အဆင့်မြင့်စက်ချုပ်သင်တန်း၊ အထည်ပန်းပုံရိုက်နှင့် ဆေးရေးပန်းချီသင်တန်း၊ သစ်သီးဝလံစားသောက်ကုန်နှင့် လူသုံးကုန်ပစ္စည်း ထုတ်လုပ်နည်းသင်တန်း၊ ဆန်၊ ပဲ၊ ပြောင်း၊ ဂျုံနှင့် သီးနှံအခြေခံတန်ဖိုးမြှင့်စားသုံးကုန်ထုတ်လုပ်မှုပညာပေးသင်တန်း၊ လူသုံးကုန်နှင့် အလှကုန်ထုတ်လုပ်မှုနည်းပညာသင်တန်း၊ မြန်မာအစားအစာပြုလုပ်နည်းသင်တန်း အစရှိသည့် သင်တန်းများကို စုစုပေါင်း ၁၉ ကြိမ် ဖွင့်လှစ်ပေးခဲ့ရာ သင်တန်းသူ ၄၇၇ ဦး၊ သင်တန်းသား ၁၄ ဦး စုစုပေါင်း ၄၉၁ ဦး တက်ရောက်ခဲ့ကြပါသည်။

မောင်တောဒေသ ကုန်သွယ်မှုတိုးတက်မြင့်မားလာစေရေးအတွက် မောင်တောမြို့ ကညင်ချောင်းစီးပွားရေးဇုန်တည်ဆောက်ရန် ရခိုင်ပြည်နယ်အစိုးရအဖွဲ့နှင့် ကညင်ချောင်း စီးပွားရေးကော်မတီလိမိတက်တို့ ၈. ၅. ၂၀၁၈ ရက်နေ့တွင် စီးပွားရေးအကောင်အထည်ဖော်ရေးဆိုင်ရာ မူဘောင်သဘောတူညီချက် လက်မှတ်ရေးထိုးပြီးဖြစ်ပါသည်။ လုပ်ငန်းဆောင်ရွက်မှုဆိုင်ရာ သဘောတူစာချုပ် ချုပ်ဆိုနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်လျက်ရှိပါသည်။

ငတန်ပျင်းတံတား ပြီးစီးမှုအခြေအနေ

ပြည်နယ်လမ်းပန်းဆက်သွယ်ရေးအတွက် ပြည်နယ်အတွင်း ဆောက်လုပ်မည့်တံတား ၂၉ စင်းအနက် ကင်းဆိပ်တံတား၊ ငတန်ပျင်းတံတား၊ တက်ခုတ်တံတား၊ ကမောင်ချောင်းတံတားတို့ ရာနှုန်းပြည့် ပြီးစီးနေပြီး တံတား ၅ စင်းမှာ ၇၅ ရာခိုင်နှုန်းအထက် ပြီးစီးနေကာ ကျန်တံတား အစင်း ၂၀ စတင်ဆောက်လုပ်နေပြီဖြစ်ပါသည်။ ကျေးလက်လမ်းဖွံ့ဖြိုးရေးလုပ်ငန်းများဖြစ်သော ကွန်ကရစ်၊ ကျောက်လမ်း၊ မြေသားလမ်းအရှည် စုစုပေါင်း ၄၂ မိုင် ၅ ဖာလုံကျော်၊ ကွန်ကရစ်တံတား၊ Box Culvert ပေါင်း ၁၀၆ ခုတို့မှာ ၆၈ ရာခိုင်နှုန်းကျော် ပြီးစီးနေပြီဖြစ်ပါသည်။

ရခိုင်ပြည်နယ်အတွင်း နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေးနှင့် ယာယီနေရာချထားရေးလုပ်ငန်းများအတွက် အထောက်အကူပြုစေမည့် မောင်တောမှ လှဖိုးခေါင်သို့ အချိန်တိုတိုဖြင့် သွားရောက်နိုင်သောလမ်းဖြစ်သည့် မောင်တော-ရွှေဇား- ပြင်ဖြူလမ်းဆုံ ၆ မိုင်အနက် ၄ မိုင် ၅ ဖာလုံ ကွန်ကရစ်လမ်းခင်းထားပြီးဖြစ်၍ ကျန် ၁ မိုင် ၃ ဖာလုံ ကွန်ကရစ်ခင်းခြင်းလုပ်ငန်းနှင့် ၎င်းလမ်းပေါ်ရှိ ပျက်စီးလျက်ရှိသော ၅ ပေ ရေပွန် ၃ စင်း တည်ဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်ဆဲဖြစ်ပါသည်။

လေကြောင်းပို့ဆောင်ရေးကဏ္ဍ၌ စစ်တွေလေဆိပ်အတွင်း ကားရပ်နားရန်နေရာနှင့် ကားပတ်လမ်း ကွန်ကရစ်ခင်းခြင်း၊ လေယာဉ်ပြေးလမ်း ကျောက်စီရေမြောင်း တည်ဆောက်ခြင်းတို့ ဆောင်ရွက်နိုင်ခဲ့ပါသည်။

မြန်မာ့အမျိုးသားလေကြောင်း၏ ရခိုင်ပြည်နယ်အတွင်း ခရီးသည်ပို့ဆောင်မှုအနေဖြင့် စစ်တွေ၊ ကျောက်ဖြူ၊ မာန်အောင်၊ အမ်းမြို့များသို့ ပြည်တွင်းခရီးစဉ်အားလုံး၏ ၁၃ ရာခိုင်နှုန်း ပျံသန်းပို့ဆောင်ပေးနိုင်ခဲ့ပါသည်။

ရေကြောင်းပို့ဆောင်ရေးကဏ္ဍ၌ ပဂ္ဂလိကပိုင် ကုန်တင်ရေယာဉ်မျိုးစုံ ၁၅၄၅ စီး၊ (ရှုပ်ပြေး)လိုင်း မလိခ၊ ရွှေပြည်တန်၊ ရွှေနဒီ၊ အောင်ကျော်မိုး ၄ လိုင်းနှင့် အခြားသောပုံမှန်ပဂ္ဂလိက ရေယာဉ်လိုင်း ၂၂ လိုင်းမှ ရေယာဉ် ၈၁ စီးတို့ ခုတ်မောင်းပြေးဆွဲလျက်ရှိပါသည်။

ပြည်တွင်းရေကြောင်းပို့ဆောင်ရေးဌာနအနေဖြင့် ကစ္ဆပနဒီ-၁ နှင့် ကစ္ဆပနဒီ-၂ ရေယာဉ်များ၊ အောင်တံခွန်ရေယာဉ်များဖြင့် ပြေးဆွဲလျက်ရှိသည်။ ဂျပန်နိုင်ငံအစိုးရမှ ပေးအပ်သည့် Economic and Social Development Programme (FY-2016) စီမံကိန်းအရ ရခိုင်ပြည်နယ်စစ်တွေဆိပ်ကမ်းနှင့် တောင်ကုတ်ဆိပ်ကမ်းတို့တွင် အသုံးပြုရန် ဂျပန်ယန်း ၉၀. ၂၄ သန်းတန်ဖိုးရှိ ဆိပ်ခံတံတား ၂ စင်းကို ၂၀၁၈ ခုနှစ် မေလမှ စတင်တည်ဆောက်ခဲ့ရာ ဇူလိုင်လတွင် ပြီးစီးခဲ့ပြီး ရေယာဉ်များ ဆိုက်ကပ် အသုံးပြုလျက်ရှိပါသည်။ ဂျပန်နိုင်ငံမှ Economic and Social Development Programme (FY-2016) အစီအစဉ်ဖြင့်ပင် ပေးအပ်လျှဒါန်းမည့် ဂျပန်ယန်းသန်း ၁၀၀၀ တန်ဖိုးရှိ ကမ်းရိုးတန်းသွား (ကစ္ဆပနဒီ- ၃)ရေယာဉ်ကို ဂျပန်နိုင်ငံတွင် တည်ဆောက်လျက်ရှိရာ ၆၀ ရာခိုင်နှုန်းခန့် ပြီးစီးနေပြီဖြစ်ပါသည်။ ၂၀၁၉ ခုနှစ် ဧပြီလခန့်တွင် ရောက်ရှိမည်ဖြစ်ပြီး ရခိုင်ပြည်နယ်အတွင်း ခရီးစဉ်များ ထပ်မံတိုးချဲ့ ပြေးဆွဲသွားနိုင်မည်ဖြစ်ပါသည်။

စစ်တွေဆိပ်ကမ်းရှိ ဆိပ်ခံတံတားပြီးစီးမှုအခြေအနေ

တောင်ကုတ်ဆိပ်ကမ်းရှိ ဆိပ်ခံတံတားပြီးစီးမှုအခြေအနေ

(ဆက်လက်ဖော်ပြပါမည်)

ကြေးမုံ

အောက်တိုဘာ ၄၊ ၂၀၁၈

နိုင်ငံတကာစာချုပ်နှင့် MoU

■ ဝင်းဇေယျာထွန်း

(ယမန်နေ့မှအဆက်)

နိုင်ငံတကာစာချုပ်များ မှတ်ပုံတင်မှု

နိုင်ငံတကာစာချုပ်တွေအတွက် အရေးကြီးတဲ့အချက်က ကုလသမဂ္ဂမှာ မှတ်ပုံတင်(Register)ဖို့ ဖြစ်ပါတယ်။ ကုလသမဂ္ဂပဋိညာဉ်စာချုပ်၊ အခန်း(၁၀၂)အရ မည်သည့်နိုင်ငံတကာစာချုပ်မဆို ချုပ်ဆိုပြီးရင် ကုလသမဂ္ဂမှာ မှတ်ပုံတင်ရမှာဖြစ်ပြီး မှတ်ပုံတင်ထားခြင်းမရှိတဲ့စာချုပ်တွေကို ကုလသမဂ္ဂဆိုင်ရာကိစ္စရပ်တွေမှာ အထောက်အထားပြု ကိုးကားနိုင်ခွင့်မရှိပါဘူး။ ဒီနေရာမှာ သတိထားရမှာက ကုလသမဂ္ဂမှာ မှတ်ပုံမတင်ရင် နိုင်ငံတကာစာချုပ်မဟုတ်ဘူးလို့ ပြောလို့မရပါဘူး။ စာချုပ်မှာပါဝင်နေတဲ့ နိုင်ငံ၊ အဖွဲ့အစည်းတွေ သဘောတူနေသရွေ့ နိုင်ငံတကာစာချုပ်အဖြစ် ရပ်တည်ပြီး ဥပဒေပိုင်းဆိုင်ရာစွမ်းအားနဲ့ သက်ရောက်မှုတွေ ရှိမှာဖြစ်ပါတယ်။ ကုလသမဂ္ဂဆိုင်ရာကိစ္စရပ်တွေမှာတော့ အကိုးအကားပြုလုပ်လို့ရမှာ မဟုတ်ပါဘူး။

MoU (Memorandum of Understanding)

MoU ဟာ နိုင်ငံတကာစာချုပ်အမျိုးအစားမှာ အကျုံးဝင်မှု ရှိ၊ မရှိ၊ နိုင်ငံတကာစာချုပ်လို ဥပဒေပိုင်းဆိုင်ရာသက်ရောက်မှုတွေ၊ ဥပဒေအရ စည်းနှောင်မှု(Legally binding)တွေရှိ၊ မရှိဆိုတာ အင်မတန်ဖြေရခက်တဲ့ မေးခွန်းဖြစ်ပါတယ်။ MoU ဆိုတဲ့အမည်ကို ကြည့်ရုံနဲ့တော့ ဆုံးဖြတ်လို့ မရပါဘူး။ လက်ရှိအခြေအနေမှာ အချို့ MoU တွေကို နိုင်ငံတကာစာချုပ်လို့ အသိအမှတ်ပြုထားပြီး အများစုဟာ ဥပဒေအရ စည်းနှောင်မှုမရှိတဲ့ သဘောတူညီချက်(Non-binding instrument)များ ဖြစ်နေကြပါတယ်။ MoU မှာပါဝင်တဲ့ စာသား၊ အသုံးအနှုန်းပေါ်မှာမူတည်၍သာ ဆုံးဖြတ်နိုင်မှာ ဖြစ်ပါတယ်။

နိုင်ငံတကာဥပဒေအရ စည်းနှောင်မှုမရှိခြင်း

နိုင်ငံတွေအနေနဲ့ MoU တွေချုပ်ဆိုရတဲ့ ရည်ရွယ်ချက်ကိုကြည့်မယ်ဆိုရင် နိုင်ငံတကာဥပဒေအရ၊ နိုင်ငံတကာဥပဒေသကဲ့သို့ သတ်မှတ်၍ စည်းနှောင်မှုခံယူလိုခြင်းမရှိမှုဟာ အဓိကအချက်ဖြစ်နေကြောင်းကို တွေ့ရှိရမှာဖြစ်ပါတယ်။ အချို့သော MoU တွေမှာ နိုင်ငံတကာစာချုပ်များကဲ့သို့ ဥပဒေအရ စည်းနှောင်မှုမရှိကြောင်းကို ရှင်းရှင်းလင်းလင်း ရေးသားဖော်ပြထားလေ့ရှိပါတယ်။ ဥပမာ - ဥရောပဒေသလုံခြုံရေးနဲ့ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စများအတွက် ချုပ်ဆိုတဲ့ MoU ဖြစ်တဲ့ Helsinki Final Act 1975 မှာ "…not eligible for registration (as a treaty) under Article-102 of the (UN) Charter"လို့ ဖော်ပြထားပါတယ်။ အဓိပ္ပာယ်က "နိုင်ငံတကာစာချုပ်မဟုတ်သည့်အတွက် ဥပဒေအရစည်းနှောင်မှုမရှိကြောင်း၊ ဒါကြောင့် ကုလသမဂ္ဂပဋိညာဉ်စာချုပ်၊ အခန်း(၁၀၂)အရ မှတ်ပုံတင်ဖို့မလိုကြောင်း"ကို ဆိုလိုတာဖြစ်ပါတယ်။ ယေဘုယျအားဖြင့် ကုလသမဂ္ဂပဋိညာဉ်စာချုပ်၊ အခန်း(၁၀၂)အရ မှတ်ပုံတင်ဖို့မလိုအပ်ဘူး၊ မှတ်ပုံတင်ဖို့အရည်အချင်းမကိုက်ညီဘူးဆိုတာနဲ့ နိုင်ငံတကာစာချုပ်မဟုတ်ကြောင်း နိုင်ငံတကာဥပဒေအရ အကြမ်းဖျင်းသတ်မှတ်လို့ရပါတယ်။ အစ္စရေးနဲ့အမေရိကန် နှစ်နိုင်ငံအကြား ချုပ်ဆိုတဲ့ ကုန်သွယ်ရေးဆိုင်ရာ MoU မှာ "..the principle set forth below shall not be legally binding.." လို့ဖော်ပြထားပါတယ်။ ဥပဒေအရ စည်းနှောင်မှုမရှိတဲ့အတွက် နိုင်ငံတကာစာချုပ်မဟုတ်ဘူးလို့ အဓိပ္ပာယ်ဖွင့်ဆိုနိုင်ပါတယ်။ တချို့ MoU တွေမှာတော့ သွယ်ဝိုက်ပြီး ဖော်ပြထားတတ်ပါတယ်။ ဥပမာ - Stockholm Conference on Confidence and Security-Building Measures and Disarmament in Europe အစည်းအဝေးအတွင်း ဥရောပနိုင်ငံများအတည်ပြုခဲ့တဲ့ သဘောတူညီချက်မှာ "..the measure adopted in this document are politically binding.." လို့ဖော်ပြထားပါတယ်။ ဒါကြောင့် ဒီသဘောတူညီချက်ဟာ နိုင်ငံရေးအရသာ စည်းနှောင်မှုရှိပြီး နိုင်ငံတကာဥပဒေကြောင်းအရ စည်းနှောင်မှု၊ သက်ရောက်မှုမရှိတဲ့အတွက် နိုင်ငံတကာစာချုပ်မဟုတ်ကြောင်း ကောက်ချက်ချနိုင်ပါတယ်။

ကုလသမဂ္ဂပဋိညာဉ်စာချုပ်၊ အခန်း(၁၀၂)ဟာ နိုင်ငံတကာစာချုပ်များအပေါ်သာ သက်ရောက်မှုရှိတဲ့အတွက် MoU တွေကို ကုလသမဂ္ဂမှာ မှတ်ပုံတင်စရာမလိုပါဘူး။ ဒါပေမယ့် ကုလသမဂ္ဂမှာ မှတ်ပုံတင်ထားတဲ့ စာချုပ်များစာရင်းမှာ MoU အချို့ပါနေတာကို တွေ့နိုင်ပါတယ်။ ကုလသမဂ္ဂ မှတ်ပုံတင်ဌာနအနေနဲ့ မှတ်ပုံတင်ဖို့အဆိုပြုလာတဲ့ MoU အဓိပ္ပာယ်ဖွင့်ဆိုမှုအရသော်လည်းကောင်း၊ မှားယွင်းမှုအရသော်လည်းကောင်း ခွင့်ပြုခဲ့တာဖြစ်နိုင်ပါတယ်။

စကားလုံးအသုံးအနှုန်း

MoU ဆိုတာ သာမန်အားဖြင့် ဥပဒေကြောင်းအရ စည်းနှောင်မှု၊ သက်ရောက်မှုမရှိဘူးလို့ အကြမ်းဖျင်းယူဆနိုင်သော်လည်း MoU လို့ သတ်မှတ်နိုင်ဖို့ ပြည့်စုံရမယ့်အချက်တွေကို နိုင်ငံတကာစာချုပ်မှာကဲ့သို့ တိတိကျကျ သတ်မှတ်ထားတာမရှိပါဘူး။ ဒါကြောင့် အဓိပ္ပာယ်အမျိုးမျိုး ဖွင့်ဆိုနိုင်ပြီး ကောက်ချက်အမျိုးမျိုးချနိုင်တဲ့အတွက် MoU ဟာ များစွာရှုပ်ထွေးမှုရှိပါတယ်။ MoU ချုပ်ဆိုရခြင်းရဲ့ အဓိကရည်ရွယ်ချက်ဟာ နိုင်ငံတကာဥပဒေရဲ့၊ နိုင်ငံတကာဥပဒေကဲ့သို့သတ်မှတ်၍ စည်းနှောင်မှု၊ သက်ရောက်မှုများကို မခံယူဘဲ ရှောင်ရှားနိုင်ဖို့ဖြစ်တဲ့အတွက် MoU တွေ ချုပ်ဆိုရာမှာ၊ အထူးသဖြင့် MoU အထဲမှာ ပါဝင်တဲ့စာသားတွေ ရွေးချယ်ရာမှာ စကားလုံးအသုံးအနှုန်း အထူးသတိပြုဖို့လိုအပ်ပါတယ်။ အသုံးပြုတဲ့ စာသားတွေမှာ နိုင်ငံတကာဥပဒေကြောင်းအရ သက်ရောက်မှုရှိနိုင်တဲ့ စကားလုံးအသုံးအနှုန်းများကို သတိထားရှောင်ရှားရမှာ ဖြစ်ပါတယ်။ နိုင်ငံတကာစာချုပ်တွေမှာ အသုံးပြုတဲ့စာသားတွေဟာ ဥပဒေကြောင်းအရ သက်ရောက်မှုပြင်းထန်ပါတယ်။ နိုင်ငံတစ်နိုင်ငံအနေနဲ့ စတင်ချုပ်ဆိုစဉ်က MoU ဟု အမည်တပ်၍ ချုပ်ဆိုခဲ့သော်လည်း အသုံးပြုတဲ့စာသားတွေမှာ နိုင်ငံတကာစာချုပ်တစ်ရပ်အဖြစ် သတ်မှတ်နိုင်တဲ့အသုံးအနှုန်းများ ပါဝင်သွားခဲ့ရင် တစ်ဖက်အဖွဲ့အစည်းက အဆိုပါသဘောတူညီချက်ဟာ MoU မဟုတ်ဘဲ နိုင်ငံတကာဥပဒေအရ စည်းနှောင်မှုရှိတဲ့ နိုင်ငံတကာစာချုပ်တစ်ရပ်ဖြစ်ကြောင်း ငြင်းဆိုပြောဆိုနိုင်မှာဖြစ်ပါတယ်။ နိုင်ငံတကာစာချုပ်တစ်ရပ်အဖြစ် သတ်မှတ်နိုင်ခြင်းရှိ၊ မရှိ၊ နိုင်ငံတကာဥပဒေရဲ့ စည်းနှောင်မှု၊ သက်ရောက်မှုရှိ၊ မရှိ ဆိုတာကို အခြားအချက်တွေအရ ကွဲပြားမှုမရှိတဲ့၊ ခွဲခြားနိုင်ခြင်းမရှိတဲ့ အခြေအနေမျိုးကြုံရပြီဆိုရင် MoU ရဲ့စာသားမှာအသုံးပြုထားတဲ့ စာသားအသုံးအနှုန်းအရသာ ခွဲခြားသွားရမှာဖြစ်ပါတယ်။ ဒါကြောင့် MoU မှာအသုံးပြုတဲ့ စာသားအသုံးအနှုန်းဟာ အလွန်အရေးကြီးကြောင်း သတိပေးရခြင်းဖြစ်ပါတယ်။

ဥပမာအားဖြင့် နိုင်ငံတကာစာချုပ်တွေမှာ "shall"လို့သုံးရင် ၎င်းရဲ့သက်ရောက်မှုကိုလျှော့ချပြီး MoU မှာ "will" လို့သုံးသင့်ပါတယ်။ "shall"နဲ့ " will" ရဲ့အဘိဓာန်လာအဓိပ္ပာယ်ဟာ သိပ်မကွာပေမယ့် စာချုပ်ချုပ်ဆိုတဲ့ နေရာမှာတော့ ဥပဒေပိုင်းဆိုင်ရာအဓိပ္ပာယ်ဖွင့်ဆိုချက်အရ များစွာကွာခြားပါတယ်။ အရေးကြီးတဲ့စကားလုံးအသုံးအနှုန်းနမူနာလေးတွေကို အောက်မှာဖော်ပြထားပါတယ်။ ဒါပေမယ့် MoU မှာပါဝင်တဲ့ အကြောင်းအရာ၊ ချုပ်ဆိုချိန်မှာရှိတဲ့ ပတ်ဝန်းကျင်အခြေအနေ စတာတွေအပေါ်မူတည်ပြီး အသုံးပြုပုံနဲ့ အဓိပ္ပာယ်ဖွင့်ဆိုမှု ကွဲပြားမှုတော့ရှိနိုင်ပါတယ်-

နိုင်ငံတကာစာချုပ်	MoU
Article	Paragraph
Agree	Decide, accept, approve
Agreement	Arrangement, understanding
Authentic	Equally valid
Continue in force	Continue to have effect
Done	Signed
Enter in force	Come into effect, come into operation
Mutually agree	Jointly decide
Obligations	Commitments
Parties	Participants, governments
Rights	Benefit
Shall	Will
Undertake	Carry out
Undertaking	Understanding

MoU ကိုယ်တိုင်ကသော်လည်းကောင်း၊ ပါဝင်သူများကသော်လည်းကောင်း နိုင်ငံတကာဥပဒေရဲ့ စည်းနှောင်မှု၊ သက်ရောက်မှုများခံယူလိုတဲ့ ရည်ရွယ်ချက်(Intent)ရှိမယ်ဆိုရင်တော့ စာသားအသုံးအနှုန်းရဲ့သက်ရောက်မှုကိုလျှော့ချပြီး အသုံးပြုပေမယ့်လည်း ဘာမှထူးခြားလာမှာမဟုတ်ပါဘူး။ နိုင်ငံတကာဥပဒေရဲ့ စည်းနှောင်မှု၊ သက်ရောက်မှုများရှိမှာဖြစ်ပါတယ်။

MoU ရဲ့စကားလုံးအသုံးအနှုန်းနဲ့ပတ်သက်ပြီး ကုလသမဂ္ဂအပြည်ပြည်ဆိုင်ရာတရားရုံး (ICJ)က ဆုံးဖြတ်ခဲ့တဲ့ ဥပမာတစ်ခု ဖော်ပြလိုပါတယ်။ အမှုကတော့ ကင်ညာနိုင်ငံနဲ့ ဆိုမာလီယာနိုင်ငံတို့အကြား ပင်လယ်ပြင်နယ်နိမိတ်သတ်မှတ်ရေးနဲ့ သက်ဆိုင်တဲ့အမှုတစ်ခုဖြစ်ပြီး ICJ က ၂၀၁၇ ခုနှစ် နှစ်ဦးပိုင်းမှာ ဆုံးဖြတ်ချက်ချမှတ်ခဲ့ပါတယ်။ အမှုတစ်ခုလုံးမဟုတ်ဘဲ MoU နဲ့ သက်ဆိုင်တဲ့ ကဏ္ဍကိုသာ ရွေးချယ်ဖော်ပြပါမယ်။ ကင်ညာနိုင်ငံနဲ့ ဆိုမာလီယာနိုင်ငံတို့ဟာ ကုန်းမြေမှ ရေမိုင် ၂၀၀ ပြင်ပရေပိုင်နက်သတ်မှတ်ပေးဖို့အတွက် ကုလသမဂ္ဂရဲ့ "ပင်လယ်ပြင်ကမ်းလွန်နယ်နိမိတ်ဆိုင်ရာကော်မရှင် (Commission on the Limits of the Continental Shelf)"ကို နှစ်နိုင်ငံလုံးက တင်ပြလျှောက်ထားတဲ့အခါမှာ တစ်ဦးကိုတစ်ဦး ကန့်ကွက်ခြင်းမပြုဖို့ ၂၀၀၉ ခုနှစ်မှာ MoU ထိုးခဲ့ကြပါတယ်။ ဒါပေမယ့် အမှန်တကယ်တင်ပြတဲ့အခါမှာ နှစ်နိုင်ငံအကြားပြဿနာများဖြစ်ခဲ့ပြီး ICJ ရဲ့အဆုံးအဖြတ်ခံယူဖို့ ဆိုမာလီယာနိုင်ငံက လျှောက်ထားခဲ့ပါတယ်။ ကင်ညာနိုင်ငံက MoUကို နိုင်ငံတကာစာချုပ်လို့ သတ်မှတ်ပြီး ၂၀၀၉ ခုနှစ်မှာ ကုလသမဂ္ဂ၌ မှတ်ပုံတင်ခဲ့ပါတယ်။ ကုလသမဂ္ဂကလည်း လက်ခံခဲ့ပါတယ်။ အမှုရင်ဆိုင်ချိန်မှာ ဆိုမာလီယာနိုင်ငံက အဆိုပါ MoU ဟာ နိုင်ငံတကာစာချုပ်မဟုတ်ကြောင်း၊ ဥပဒေကြောင်းအရ သက်ရောက်မှုမရှိကြောင်း ငြင်းဆိုခဲ့ပါတယ်။ ဒါပေမယ့် ICJ က အဆိုပါ MoU အား နိုင်ငံတကာစာချုပ်ဟုတ်၊ မဟုတ် စဉ်းစားရာမှာ အဆိုပါ MoU ဟာ ရေးသား၊ ပုံနှိပ်ပြီး လက်မှတ်ရေးထိုးထားတဲ့ သဘောတူညီချက်ဖြစ်တယ်။ MoU အသက်ဝင်ခြင်းနဲ့စပ်လျဉ်းပြီး ဖော်ပြရာမှာလည်း "**Enter in force**" လို့သုံးနှုန်းဖော်ပြထားတယ်။ ဆိုမာလီယာနိုင်ငံကလည်း သဘောတူညီချက်မှာလည်း ပါဝင်လက်မှတ်ရေးထိုးပြီး MoUအရ စည်းနှောင်မှုခံယူလိုမှု "consent to be bound"ကို ပြသထားတယ်။ ကော်မရှင်မှ ဆုံးဖြတ်မှုအပေါ် နှစ်နိုင်ငံလုံးက "နိုင်ငံတကာဥပဒေအပေါ် အခြေခံပြီး သဘောတူညီသွားမှာဖြစ်ကြောင်း (..**shall** be agreed between the two coastal States on the basic of international law..)"ကိုလည်း MoU မှာဖော်ပြထားတယ်။ ကင်ညာနိုင်ငံက MoU ကို ကုလသမဂ္ဂမှာ မှတ်ပုံတင်ပြီး ငါးနှစ်နီးပါးကြာတဲ့အထိ ဆိုမာလီယာနိုင်ငံက ကန့်ကွက်မှုမရှိဘူး အစရှိတဲ့အချက်တွေအပေါ်မူတည်ပြီး အဆိုပါ MoU ဟာ နိုင်ငံတကာစာချုပ်အဖြစ် သတ်မှတ်လို့ရတဲ့ အရည်အချင်းများကိုက်ညီကြောင်း၊ ဒဲ့ကြောင့် နှစ်နိုင်ငံလုံးအပေါ် ဥပဒေပိုင်းအရ စည်းနှောင်မှုရှိကြောင်း ဆုံးဖြတ်ခဲ့ပါတယ်။ ဆိုမာလီယာနိုင်ငံရဲ့ ငြင်းဆိုချက် ရှုံးနိမ့်ခဲ့ပါတယ်။ ဒီအမှုကိုကြည့်ရင် MoU ရဲ့စာသားအသုံးအနှုန်းဟာ ဘယ်လောက်အရေးကြီးတယ်ဆိုတာကို တွေ့ရှိနိုင်မှာ ဖြစ်ပါတယ်။

အငြင်းပွားမှုဖြေရှင်းခြင်း

MoU တွေမှာ နိုင်ငံတကာစာချုပ်တွေလိုပဲ MoU ကို အသုံးပြုမှုအပေါ်မှာသော်လည်းကောင်း၊ အဓိပ္ပာယ်ဖွင့်ဆိုရာမှာသော်လည်းကောင်း အငြင်းပွားမှုတစ်စုံတစ်ရာဖြစ်ပေါ်လာပါက ဘယ်လိုဖြေရှင်းရမယ်ဆိုတာ ဖော်ပြထားလေ့ရှိပါတယ်။ အများအားဖြင့် ပါဝင်သူများအကြား စေ့စပ်ညှိနှိုင်းခြင်းဖြင့် (Negotiation) ဖြင့်သာ ဖြေရှင်းရန်ဖော်ပြထားလေ့ရှိပြီး ပြင်ပတရားရုံးများ၊ အနုညာတခုံရုံးများမှာ ဖြေရှင်းဖို့ဖော်ပြလေ့မရှိပါဘူး။ ပြင်ပတရားရုံးများ၊ အနုညာတခုံရုံးများမှာ ဖြေရှင်းဖို့ဖော်ပြခဲ့ရင် MoU ရဲ့ ဥပဒေကြောင်းအရ သက်ရောက်မှု၊ စည်းနှောင်မှုမရှိဘူးဆိုတဲ့အချက် ပျက်ပြယ်သွားမှာဖြစ်လို့ ထည့်သွင်းခြင်းမပြုသင့်ပါဘူး။

အခြေခံမူနှင့် အကြိုဆွေးနွေးညှိနှိုင်းမှု

နိုင်ငံတကာစာချုပ်တွေနဲ့ MoU များ ချုပ်ဆိုရာမှာ ပါဝင်သူများရဲ့ကောင်းကျိုးရှေးရှုခြင်း စိတ်ကောင်းနှလုံးကောင်းနဲ့ ပါဝင်ဆောင်ရွက်မှု (in good faith)ဟာ အရေးကြီးသော်လည်းပဲ ဘယ်"မှု"အပေါ် အခြေခံရမယ်ဆိုတာ စာချုပ်ချုပ်ဆိုရန် ဆွေးနွေးခြင်းမှာရော စာသားညှိနှိုင်းထည့်သွင်းခြင်းမှာပါ ရှင်းရှင်းလင်းလင်းဖော်ပြနိုင်ရင် အကောင်းဆုံးဖြစ်ပါတယ်။ MoU များအတွက်ကတော့ နိုင်ငံရေး(သို့မဟုတ်)စိတ်ဓာတ်ရေးရာ (Political or moral basic) "မှု"အပေါ် အခြေခံကြောင်းနဲ့ နိုင်ငံတကာဥပဒေအပေါ် အခြေခံခြင်း မရှိကြောင်း ရေးသားဖော်ပြထားသင့်ပါတယ်။ စာချုပ်များ၊ MoU များ မချုပ်ဆိုခင် ဆွေးနွေးညှိနှိုင်းသဘောတူထားချက်တွေကို နိုင်ငံတကာကနားလည်နိုင်မယ့် ဘာသာစကား(ဥပမာ- အင်္ဂလိပ် ဘာသာ)နဲ့ပြုစုပြီး နှစ်ဖက်အတည်ပြုကာ သေချာစွာ မှတ်တမ်းတင်သိမ်းဆည်းထားဖို့လည်း အရေးကြီးပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ အငြင်းပွားမှုတစ်စုံတစ်ရာဖြစ်လာချိန်၊ ရရှိလာတဲ့ အထောက်အထားတွေအရ ဆုံးဖြတ်ဖို့ ခက်ခဲတဲ့အခြေအနေတွေမှာ စာချုပ်၊ MoU များ မချုပ်ဆိုခင်က အကြိုဆွေးနွေးညှိနှိုင်းချက်တွေ(Preparatory work)ကို ပြန်လည်ကြည့်ရှုဆုံးဖြတ်လေ့ရှိလို့ပဲ ဖြစ်ပါတယ်။

ဥပဒေအရစည်းနှောင်မှုမရှိခြင်းမှ နိုင်ငံတကာဥပဒေတစ်ရပ် ဖြစ်ပေါ်လာခြင်း

ဒီအချက်ဟာ နိုင်ငံတကာစာချုပ်၊ MoU တို့နဲ့ တိုက်ရိုက်မသက်ဆိုင်ဘူးလို့ပြောလို့ရပေမယ့် သတိပြုနိုင်အောင် ဖော်ပြခြင်းဖြစ်ပါတယ်။ MoU ဟာ အခြေခံအားဖြင့် ဥပဒေအရစည်းနှောင်မှုမရှိတဲ့ စာရွက်စာတမ်း (non-binding instrument) ဖြစ်ပေမယ့် နိုင်ငံတကာဥပဒေအရ သက်သေအထောက်အထား (Legal evidence)တစ်ရပ်အဖြစ် သတ်မှတ်လို့ရပါတယ်။ ဥပဒေအရ စည်းနှောင်မှုမရှိတဲ့ စာရွက်စာတမ်းဆိုပြီး ပေါ့လျော့မနေသင့်ပါဘူး။ ယနေ့ နိုင်ငံတကာအသိုင်းအဝိုင်းမှာ ဥပဒေအရ စည်းနှောင်မှုမရှိတဲ့ စာရွက်စာတမ်းများအသုံးပြုမှု ပိုမိုများပြားလာတာကို တွေ့ရှိရပါတယ်။ ဥပမာအားဖြင့် ၂၀၁၅ ခုနှစ်က တူရကီနိုင်ငံ အစ္စတန်ဘူမြို့မှာ ပြုလုပ်ခဲ့တဲ့ ကမ္ဘာ့လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ထိပ်သီးအစည်းအဝေး (World Humanitarian Summit) ရဲ့ထုတ်ပြန်ကြေညာချက်များဟာ ကမ္ဘာ့လူသားချင်းစာနာထောက်ထားမှုကိစ္စရပ်များအတွက် အလွန်အရေးကြီးတဲ့ ထုတ်ပြန်ချက်များဖြစ်ပေမယ့်လည်း ဥပဒေအရစည်းနှောင်မှုမရှိတဲ့ စာရွက်စာတမ်းအဖြစ် သတ်မှတ်ထုတ်ပြန်ခဲ့ပါတယ်။

ဒါပေမယ့် ကိစ္စရပ်တစ်ခုတည်းအပေါ် ဥပဒေအရ စည်းနှောင်မှုမရှိတဲ့ စာရွက်စာတမ်းအဖြစ် ထုတ်ဝေတဲ့အကြိမ်အရေအတွက်လည်း များလာမယ်၊ ဒီလိုထုတ်ဝေတဲ့ကာလကလည်း အတိုင်းအတာတစ်ခုအထိ ရှည်ကြာလာမယ်၊ နိုင်ငံတကာအသိုင်းအဝိုင်းကလည်း အဆိုပါစာရွက်စာတမ်းနဲ့ ပါဝင်တဲ့အကြောင်းအရာတွေကို တောက်လျှောက်အသိအမှတ်ပြုလာခဲ့မယ်ဆိုရင်တော့ အဲဒီအကြောင်းအရာဟာ "ဥပဒေဆိုင်ရာသက်သေအထောက်အထားများ"အဖြစ် တဖြည်းဖြည်းခိုင်မာမှုရှိလာပြီး နိုင်ငံတကာရဲ့ဓလေ့ထုံးတမ်း၊ အလေ့အထ (Custom)တစ်ခုအဖြစ် ရောက်ရှိလာမှာဖြစ်ပါတယ်။ ကမ္ဘာ့နိုင်ငံတွေက ၎င်းစာရွက်စာတမ်းများအပေါ် အသိအမှတ်ပြုမှုဟာလည်း အချိန်ကြာလာတာနဲ့အမျှ အဆိုပါနိုင်ငံများရဲ့အလေ့အထ (State practice)အဖြစ် တဖြည်းဖြည်း ခိုင်မာမှုရှိလာပြီး တစ်ချိန်ချိန်မှာ အဆိုပါနိုင်ငံများအနေနဲ့ ၎င်းတို့ရဲ့အသိအမှတ်ပြုမှုတွေကို ဥပဒေကြောင်းအရ ထည့်သွင်းစဉ်းစားဆောင်ရွက်ဖို့လိုအပ်တယ်ဆိုတဲ့ယုံကြည်မှု (Belief)လည်း ဖြစ်ပေါ်လာနိုင်ပါတယ်။ နိုင်ငံတကာရဲ့ ဓလေ့ထုံးတမ်း၊ အလေ့အထများ၊ ကမ္ဘာ့နိုင်ငံများရဲ့အလေ့အထ (State practice)များ၊ နိုင်ငံများအနေနဲ့ ၎င်းတို့ရဲ့အသိအမှတ်ပြုမှုတွေကို ဥပဒေကြောင်းအရ ထည့်သွင်းစဉ်းစားဆောင်ရွက်ဖို့ လိုအပ်တယ်ဆိုတဲ့ယုံကြည်မှုတို့ဟာ အချိန်အတိုင်းအတာတစ်ခုအထိ ကြာရှည်လာတဲ့အခါမှာ ဥပဒေအရ စည်းနှောင်မှုမရှိတဲ့ စာရွက်စာတမ်းများကို နိုင်ငံတကာဥပဒေတစ်ရပ်အဖြစ် ပြောင်းလဲဖြစ်ပေါ်နိုင်စွမ်းရှိတဲ့ အာနိသင်များ (Normative effect) ပိုင်ဆိုင်လာအောင် ပြောင်းလဲပစ်နိုင်ပါတယ်။ ဒီဖြစ်စဉ်ကို နိုင်ငံတကာဥပဒေများဖြစ်ပေါ်စေတဲ့ Crystalized effect (တဖြည်းဖြည်း စုစည်းလာပြီး အချိန်အတိုင်းအတာတစ်ခုတွင် အကောင်အထည် ရုပ်လုံးပေါ်လာသည့်ပုံစံ) လို့ခေါ်ပါတယ်။ နိုင်ငံတကာဥပဒေများ ဖြစ်ပေါ်စေတဲ့အကြောင်းအရာများထဲက တစ်ခုဖြစ်လို့ ထည့်သွင်းစဉ်းစားနိုင်အောင် အကြမ်းဖျင်းဖော်ပြခြင်းဖြစ်ပါတယ်။ ဒါကြောင့် စာရွက်စာတမ်းများရဲ့ "ဥပဒေကြောင်းအရ စည်းနှောင်မှုမရှိခြင်း"ဆိုတဲ့အချက်ဟာ ရေတိုကာလမှာ မသိသာပေမယ့် ရေရှည်အတွက်ဆိုရင် သတိထားရမယ့်အချက်တစ်ခု ဖြစ်ပါတယ်။

MoU ဆိုတဲ့ အမျိုးအစားအောက်မှာ "ဥပဒေအရစည်းနှောင်မှုခံယူလိုခြင်းမရှိမှု"ဆိုတဲ့အချက်အပေါ် မူတည်စဉ်းစားပါက LOA- Letter of Agreement၊ LOI-Letter of Intent၊ MOA-Memorandum of Agreement၊ MOA- Letter of Association အစရှိသည်ဖြင့် အခြားမျိုးကွဲပေါင်းများစွာ ပါဝင်လာမှာဖြစ်တဲ့အတွက် ဖော်ပြဆွေးနွေးခဲ့တဲ့အချက်အလက်များကို အဆိုပါမျိုးကွဲသဘောတူညီချက်များ ချုပ်ဆိုရာမှာလည်း အသုံးချနိုင်မည်ဖြစ်ပါကြောင်း တင်ပြရင်း နိဂုံးချုပ်အပ်ပါတယ်။

နိုင်ငံတကာစာချုပ်များ၊ MoU များ ချုပ်ဆိုရာမှာ မှန်ကန်ထိရောက်စွာနဲ့ အန္တရာယ်ကင်းစွာချုပ်ဆိုပြီး နိုင်ငံတော်ရဲ့အကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါတယ်။ ။

မြတ်သောအသက်ရှင်ခြင်း

မောင်ခိုင်မာ(အထက်မင်းလှ)

နှစ်စဉ်အောက်တိုဘာလ ၅ ရက်နေ့သည် ကမ္ဘာ့ဆရာများနေ့ ဖြစ်ပါသည်။ ဤနေ့ ဤရက်တွင် ဆရာ ဆရာမများ၏ အရေးပါမှုနှင့် ဂုဏ်ကျေးဇူးကို ဖော်ကျူးသည့်အခမ်းအနားများကို ကမ္ဘာတစ်ဝန်း၌ အနှစ်သာရရှိရှိ ကျင်းပမြဲ ဖြစ်ပါသည်။

ကမ္ဘာ့ဆရာများနေ့ဖြစ်ပေါ်ပုံ

ကမ္ဘာ့ကုလသမဂ္ဂပညာသိပ္ပံနှင့် ယဉ်ကျေးမှုအဖွဲ့ "ယူနက်စကို"က ဆရာများ၏ ဂုဏ်သိက္ခာဆိုင်ရာ စာတမ်းတစ်စောင်ပြုစုပြီးနောက် အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့ချုပ် (အိုင်အယ်လ်အို)နှင့် ထပ်မံညှိနှိုင်းပြီး ဆရာများ၏ ဂုဏ်သိက္ခာဆိုင်ရာ ထောက်ခံချက်စာတမ်းကို ရေးဆွဲပြုစုခဲ့သည်။ အဆိုပါထောက်ခံစာတမ်းကို ကုလသမဂ္ဂအထူးညီလာခံကြီးသို့ တင်ပြခဲ့ရာ အားလုံးက အညီအညွတ်ဆွေးနွေးခဲ့ကြပြီး ၁၉၆၆ ခုနှစ် အောက်တိုဘာလ ၅ ရက်နေ့တွင် ထိုအထူးညီလာခံကြီးက အတည်ပြု ပြဋ္ဌာန်းပေးလိုက်ပါသည်။ အဆိုပါ အောက်တိုဘာလ ၅ ရက်နေ့ကို ကမ္ဘာ့ဆရာများနေ့အဖြစ် သတ်မှတ်ပြီး ၁၉၆၇ ခုနှစ်မှစတင်ပြီး ကမ္ဘာတစ်ဝန်းကျင်းပလာခဲ့ခြင်းဖြစ်ရာ ယခုနှစ် ၂၀၁၈ ခုနှစ်သည် (၅၁)နှစ် ပြည့်မြောက်ပြီဖြစ်သည်။ စာရေးသူတို့နိုင်ငံအနေဖြင့် ၂၀၀၂ ခုနှစ်ရောက်မှသာ နိုင်ငံတော်အဆင့် ကျင်းပခြင်းဖြစ်၍ ယခုနှစ် ဆိုလျှင် ၁၆ နှစ်တိုင်တိုင် ရောက်ခဲ့ပြီဖြစ်၏။

ဆရာဟူသည်

ဆရာဟူသည် သင်ကြားပြသပေးသောသူ၊ သွန်သင်ဆုံးမနည်းလမ်းပြသူဟူ၍ ရိုးရှင်းစွာ အဓိပ္ပာယ်ဖွင့်ဆိုနိုင်ပါသည်။ လောကီအကျိုး၊ လောကုတ္တရာအကျိုး ပစ္စုပ္ပန်၊ သံသရာ နှစ်ဖြာသောအကျိုးကို ပေးစွမ်းနိုင်သူဖြစ်သည်။ လူသားတိုင်း၏ လက်ဦးဆရာမှာ မိဘဟုဆိုလျှင် ကျွန်ုပ်တို့အတွက် မိဘသည် ပထမဆရာ၊ ဆရာတို့သည် ဒုတိယမိဘ ဖြစ်ပေမည်။ သို့ကြောင့်လည်း ဆရာကို အနန္တဂုဏ်ဂါဝင်အဖြစ် ဘုရားနှင့် တစ်ဂုဏ်တည်း၊ မိဘနှင့် တစ်တန်းတည်းထားကာ လေးစားရိုသေမှု ပြုနေကြခြင်းဖြစ်သည်။ သွေးမတော်သားမစပ်သူတစ်ဦးအား တန်ဖိုးထားလေးစားရိုသေမှု ပြုနေကြခြင်းမှာ သာမနိဂုဏ်ဒြပ်ဖြင့်တော့ မဟုတ်ပါ။

ဆရာဟူသောဝေါဟာရကို ပုဂံခေတ်ကျောက်စာ၊ မင်စာများတွင် "ဆယာ၊ ဆြာ"ဟူ၍ အမျိုးမျိုးတွေ့ရကြောင်း၊ သက္ကတဘာသာစကားဖြင့် "အာစာယ"၊ ပါဠိဘာသာအားဖြင့် "အာစရိယ" ဖြစ်ကြောင်း၊ ရှေးမွန်ကျောက်စာများတွင် "အာစာရ်"ဟုတွေ့ရပြီး "ဆရာ" ဟူသော အဓိပ္ပာယ်ရကြောင်း၊ ထိုင်းလူမျိုးတို့က ဆရာကို "အာဂျန်"ဟုခေါ်ဝေါ်ကြောင်း၊ ဆရာဟူသောဝေါဟာရကို မြန်မာစာအရေးအသားမပေါ်မီကတည်းက မြန်မာတို့၏နှုတ်တွင် အသုံးတွင်နေသည်ကို မှန်းဆနိုင်ကြောင်း စသည်ဖြင့် ဆရာကြီး မောင်ခင်မင်(ခနုဖြူ)က ဆိုပါသည်။ "ဆရာ"ဟူသော အဓိပ္ပာယ်ကို ရွှေထောင့်အမျိုးမျိုးဖြင့် ဖွင့်ဆိုကြသည်။ ဆရာဟူသောဝေါဟာရကို ကချင်(ဂျိမ်းဖော)စကားဖြင့် "ဆဓာ"(ဆ+ခြောက်၊ စ+စာရေတီစာရေဟီ-ဆောင်ထားခြင်း)ဟု ဆိုသည်။ ဆိုလိုသည်မှာ ဆရာဟူသည် "ထက္ကြ၊ နိုးကြား၊ သနား၊ သည်းခံ၊ ဝေဖန်၊ ထောက်ရှု"ဟူသည့် ခြောက်ပါးဂုဏ်ကို ဆောင်ထားရသောသူဟုဆိုပါသည်။ နှစ်သက်ဖွယ်တစ်မျိုးကောင်းပါသည်။

ဂရိခေတ်တွေးခေါ်ပညာရှင် ပလေတိုက "မီးတုတ်ကြီးများ ကိုင်ဆောင်လျက် အခြားမီးတုတ်ပေါင်းများစွာကို ကူးစက်လင်းလက်ပေးသူမှာ ဆရာဖြစ်၏"ဟူ၍ အဓိပ္ပာယ်ဖွင့်သည်။ ဂျပန်ဘာသာတွင် ဆရာဟူသော စကားလုံးကို "ခန်းဂျိ"စကားလုံးဖြင့် ဖော်ပြထားရာ "စတင်မွေးဖွားသူ"ဟု အဓိပ္ပာယ်ရကြောင်း သိရသည်။ ဆရာ Teacher ၏ အဓိပ္ပာယ်ကို Talented၊ Elegance၊ Affection၊ Charming၊ Honesty၊ Efficiency၊ Respectability ဟူသော စကားလုံးများမှ ရှေ့ဆုံးစာလုံးတစ်လုံးချင်း ရယူ ပေါင်းစပ်ဖွဲ့ဆိုပြပါသည်။

ဆရာဟူသည်ပါဠိစကား "အာစရိယ" "ဆာယာ"မှ ဆင်းသက်လာသည်ဟုလည်းကောင်း၊ "အာဆာရ" ဟူသော သက္ကတဘာသာစကားမှ ဆင်းသက်လာသည်ဟူ၍လည်းကောင်း ဆိုကြပါသည်။ အချို့ကမူ "ဆ=နှိုင်းနှိုင်းဆဆပြုတတ်သူ၊ ရာ= အရာခပ်သိမ်း၊ ထို့ကြောင့် ဆရာ= အရာခပ်သိမ်း နှိုင်းနှိုင်းဆဆပြုတတ်သူ" ဟုလည်း ဆို၏။ ရှေးပါဠိကျမ်းဂန်တွင် "သိဿာနံဟိတံ အာစရတိ၊ ဣတိသဿာအာစရိယော" (သိဿာနံ-တပည့်တို၏၊ ဟိတံ-အကျိုးစီးပွားကို၊ အာစရတိ-ပြုကျင့်တတ်ပေ၏။ ဣတိသဿာ-ထို့ကြောင့်၊ အာစရိယော-ဆရာမည်၏။)ဟု အဓိပ္ပာယ်ဖွင့်ဆိုပါသည်။ ဆရာကို (၁) ကိုယ်ထိလက်ရောက် ကျကျနန သင်ပြပေးသော သင်ဆရာ (မုတာစရိယ)၊ (၂) သူလုပ်ကိုင်နေသည်ကို တွေ့မြင်ကာမျှဖြင့် တတ်မြောက်ခြင်းရှိစေသော မြင်စရာ (ဒိဋ္ဌာစရိယ)၊ (၃) သူပြောဆိုရွတ်ဖတ်နေသည်ကို ကြားရသဖြင့် တတ်မြောက်ခြင်းရှိစေသော ကြားဆရာ (သုတစရိယ) ဟူ၍ သုံးမျိုးသုံးစား ခွဲခြားထားပါသည်။

ဆရာကောင်း ဆရာမြတ်

လူဘောင်လောကတွင် လူသားတို့သည် မွေးဖွားသည်မှစ၍ အတတ်ပညာပါလာကြသည်မဟုတ်ဘဲ သင်ဆရာ၊ မြင်ဆရာ၊ ကြားဆရာတည်းဟူသော ဆရာတို့ထံမှသာ သင်ယူတတ်မြောက်ကြရသည် မဟုတ်ပါလား။ မည်သည့် အမှုကိစ္စကိုမဆို ဆောင်ရွက်ရာတွင် ဆရာမပြလျှင် နည်းလမ်းမကျပါ။ ဆရာကောင်းတပည့်မှသာ ပန်းကောင်းပန်နိုင်ပါလိမ့်မည်။ သာဓကအားဖြင့် ၅၅၀ နိပါတ်တော်လာသံဝရဇာတ်တွင် သံဝရမင်းသားသည် ဗာရာဏသီမင်းကြီး၏ သားတော် ၁၀၀ အနက် အထွေးဆုံးသားတော်ဖြစ်သော်လည်း ဘုရားလောင်းပညာရှိ ဆရာအမတ်ကြီး၏ သွန်သင်ဆုံးမလမ်းညွှန်မှုရသဖြင့် နောင်တော် ၉၉ ပါးတို့ကို ကျော်လွန်ကာ ဗာရာဏသီပြည့်ရှင် ဘုရင်တစ်ပါး ဖြစ်ခဲ့ရသည်။ ထို့အတူ မင်းမြတ်အနော်ရထာသည်လည်း ဆရာကောင်း ရှင်အရဟံကြောင့်သာ သာသနာပြုမင်းတစ်ပါး ဖြစ်ခဲ့ရသည်။ အပြန်အလှန်အားဖြင့် ပဉ္စာနန္ဒရိယက်ကြီး ထိုက်ခဲ့သော "အဇာတသတ်"နှင့် လက်ညှိုးပေါင်းတစ်ထောင်ဖြတ်ခဲ့သည့် ဒုစရိုက်သမားကြီးဖြစ်သွားသော အင်္ဂုလိမာလတို့သည် ဆရာတင်မှားခဲ့သော ကြောင့် မဟုတ်ပါလော။

ဤသည်ကိုကြည့်လျှင် ကျွန်ုပ်တို့ လူဘောင်လောကတွင် "ဆရာ အခန်းကဏ္ဍ မည်မျှအရေးပါကြောင်းနှင့် ဆရာကောင်းဆရာမြတ်တို့၏ ထပ်ဆင့်တိုး တန်ဖိုး"ကို လေးစားဖွယ်တွေ့မြင်ရပေမည်။ ကျေးဇူးရှင် ပထမ ရွှေကျင် ဆရာတော်ဘုရားကြီးက ဆရာကောင်းဆရာမြတ်ဟူသည် (၁) လက်အောက်ငယ်သားတို့၏ ချစ်ခင်မြတ်နိုးမှုကို ခံယူရရှိခြင်း(ဝိယ)၊ (၂) တပည့်များနှင့်တကွ ပတ်ဝန်းကျင်၏ အလေးဂရုပြုမှုကို ခံယူရခြင်း(ဂုရု)၊ (၃) တပည့်တို့၏မေတ္တာစိတ်ကို မိမိအပေါ် ပွားနိုင်အောင် အားထုတ်ခြင်း (ဘာဝနီယ)၊ (၄) တပည့်တို့အား အပြစ်တွေ့လျှင် မညှာမတာ ပြောဆိုဆုံးမတတ်ခြင်း (ဝတ္တာ)၊ (၅) အကျိုးလိုလားသော စိတ်ဖြင့် တပည့်တို့က တစ်စုံတစ်ရာ မိမိအပေါ် ထောက်ပြပြောဆိုလာလျှင် ကောင်းမွန်စွာ နားထောင်လက်ခံပေးခြင်း (ဝစနက္ခမ)၊ (၆) တပည့်တို့အပြစ်မဖြစ် စေရန်နှင့် လေးနက်သောအသိဉာဏ်များရရှိစေရန် လေးနက်ခိုင်ခံ့သောစကားတို့ကို ပြောခြင်း (ဂမ္ဘီရကထာကတ္တာ)၊ (၇) တပည့်များအပြစ်ဖြစ်စေမည့် လောကဓမ္မ ကိစ္စရပ်များကို မစေခိုင်း၊ မတိုက်တွန်းရခြင်း (နေစဋ္ဌာနေနိယောဇယ)၊ ဟူသည့် အချက်ခုနစ်ချက်နှင့် ပြည့်စုံ ကဲ့လုံရမည်ဟု မိန့်ပါသည်။

ဆရာသည်သာ အခရာ

ကမ္ဘာ့ကုလသမဂ္ဂ၏ စဉ်ဆက်မပြတ် ဖွံ့ဖြိုးမှုပန်းတိုင် ၁၇ ရပ်အနက်ပန်းတိုင် လေးတွင် "လူသားအားလုံး အကျုံးဝင်ကာ ညီညွတ်မျှတပြီး အရည်အသွေးရှိသည့် ပညာသင်ယူနိုင်ရေးနှင့် ဘဝတစ်လျှောက် အစဉ်လေ့လာသင်ယူနိုင်သော အခွင့်အလမ်းရရှိရေး" ဟူ၍ ချမှတ်ပေးထားခြင်းက နိုင်ငံတစ်နိုင်ငံ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်စေရေးတွင် ပညာရေး၏အရေးပါမှုကို မီးမောင်းထိုးပြလိုက်ခြင်း ဖြစ်ပါသည်။ ထိုသို့ နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာရေးကို မြှင့်တင်ရာတွင် ဆရာ ဆရာမတို့၏ အရည်အသွေး မြင့်မားဖို့လိုပါမည်။ ထို့ကြောင့်လည်း ၂၃-၂-၂၀၁၇ ရက်နေ့က ကျင်းပသည့် အမျိုးသားပညာရေး မဟာဗျူဟာစီမံကိန်း (၂၀၁၆-၂၀၂၁) စတင် ဆောင်ရွက်ခြင်းအခမ်းအနားတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က "အနာဂတ်ကာလကောင်းမွန်ရေးသည် ပညာရေးပေါ်တွင် မူတည်နေပြီး ပညာရေးကောင်းမွန်ရေးသည် ဆရာ ဆရာမအပေါ်တွင် မူတည်ကြောင်း" ထည့်သွင်းပြောဆိုခဲ့ပါသည်။

ဆရာများ၏ အရည်အသွေး

ယနေ့ကမ္ဘာကြီးက ပညာခေတ်ဆီသို့ ချီတက်နေချိန်ဝယ် ဆရာများ၏ အရည်အသွေး မြင့်မားရေး၊ တစ်နည်းအားဖြင့် ဆရာများ၏ အခန်းကဏ္ဍက အရေးအကြီးဆုံးသော အချက်ဖြစ်ကြောင်း လက်ခံနေရပါပြီ။ အရည်အသွေးရှိသော ပညာရေးကို အရည်အသွေးရှိသော ဆရာ ဆရာမများကသာ သင်ကြားပို့ချနိုင်ပေမည်။ ထို့ကြောင့် အရည်အသွေးရှိသော ဆရာ ဆရာမများက ပြုစုပျိုးထောင်ခြင်းကို အနာဂတ်ရင်းနှီးမြှုပ်နှံမှုဟုဆို ခြင်းဖြစ်ပါသည်။ ၂၀၁၅ ခုနှစ် နော်ဝေနိုင်ငံ အော်စလိုမြို့တွင် ကျင်းပသော "ဖွံ့ဖြိုးရေးအတွက် ပညာရေး" ထိပ်သီးဆွေးနွေးပွဲတွင် အရည်အသွေးပြည့်မီသော ဆရာ ဆရာမများ မလုံလောက်မှုကို ဖြေရှင်းရေးနှင့် ဆရာ ဆရာမများ ပညာရေးတွင် ရင်းနှီးမြှုပ်နှံရေးတို့ကို ဖော်ပြခဲ့ပါသည်။

ပါမောက္ခချုပ် ဆရာတော်ဘုရားက "တပည့်များ လေးစားမြတ်နိုးတဲ့ ဆရာ" တရားတော်တွင် တပည့်များက လေးစားမြတ်နိုးကြည့် အကြောင်းအရင်းကို ဟောကြားတော်မူသကဲ့သို့ "လူမိုက်ဆိုတာ အရက်သောက်နေမှ၊ ဖဲရိုက်နေမှ၊ ဓားပြတိုက်နေမှ၊ လူမိုက်လို့ သတ်မှတ်တာမဟုတ်ဘူး၊ အကြောင်း၊ အကျိုး၊ အကောင်း၊ အဆိုး၊ အမှား၊ အမှန် ဝေဖန်ပိုင်းခြားနိုင်စွမ်းမရှိရင် ဒီလူဟာ လူမိုက်ပါပဲ"ဟု ဟောကြားတော်မူသည့်အတိုင်း အကြောင်း၊ အကျိုး၊ အမှား၊ အမှန် ပိုင်းခြားနိုင်သည့် "ပညာ"ဟူသော အရာသင်ကြားပြသဆုံးမနေသူတို့မှာ ဆရာများပင် မဟုတ်ပါလား။ ဆရာတို့သည် တပည့်များ အခြေအနေနှင့် ဉာဏ်ရည်ဉာဏ်သွေးကို သိသည်။ ရင်ဝယ်ဖြစ်သော သားသမီးကဲ့သို့ စေတနာ၊ မေတ္တာထားသည်။ ဘယ်တပည့်ကို ဘယ်ကဲ့သို့ သင်ပေးရမည်ကို သိသည်။ တစ်နည်းအားဖြင့် ဆရာအတတ်ပညာရှိကြကြောင်းကို "အခြေပါဒ၊ သင်ဦး စက၊ ချနည်းမကျယ်၊ ဓိပ္ပာယ်ကောင်းစွာ၊ လိုရုံသာဖြင့်၊ အပ်ရာမသည်း၊ နားထွင်းနည်းသို့၊ ညှဲဖျင်းမွေ့မွေ့၊ တရွွေ့ရွွေ့လျှင်၊ တစ်နေ့တစ်ထူး၊ ကျေးဇူး ခဲ့ထွင်၊ ကျမ်းရိုးငင်လျက်၊ သင်သင်အံ့အံ့၊ ကြံကြံကြည့်ကြည့်၊ ပညာဖြည့်သည်၊ တပည့်ပုဏ္ဏား၊ သားခြောက်သောင်းဖ၊ ငါသေဌကား၊ ဆရာ့လက်အုပ်၊ မှန်ထုတ်လျှို့ဝှက်၊ သူသိခက်ဟု၊ အသက်ခန္ဓာ၊ ဆုံးကားခါမှ၊ ဆိုရာသတတ်၊ မှတ်သည်လေးတွဲ့၊ နည်းထုံးဖွဲ့သည်၊ ကြွင်းမဲ့လင်းလင်းပြပြီးတည်း"ဟူသည့် ရှင်မဟာရဋ္ဌသာရ၏ ကိုးခန်းပျို့က ဖော်ပြနေပါသည်။

မြတ်သော အသက်ရှင်ခြင်း

ဤလောကမြေမဟီဝယ် ဘယ်ဂုဏ်ကိုမျှ မမက်မော၊ တန်ဖိုးမထားဘဲ ပညာရေးလုပ်ငန်းခွင်တွင် ဇောက်ချ၍ ရသမျှသော လစာကလေးဖြင့် တင်းတိမ်ရောင့်ရဲ ရုန်းကန်နေသည့် "ဆရာ"ဟူသော ဂုဏ်တို့သာ အမြတ်တနိုး တန်ဖိုးထား မက်မောနေကြသည့် ဆရာ ဆရာမများကလည်း "အနမတဂ္ဂ" ရှိကြောင်း တလေးတစား တွေ့ရပါသည်။ ထိုဆရာ ဆရာမများသည် "ပညာဇိဝံ ဇိဝိတမာဟု သေဋ္ဌပညာဖြင့် အသက်မွေးသောသူ၏ အသက်ရှင်ခြင်းကိုသာလျှင် မြတ်သောအသက်ရှင်ခြင်း" ဟု ခံယူမှတ်ပိုက်ထားသူများ ဇောနမုချ ဖြစ်ကြပေလိမ့်မည်။ ထိုသို့သော မွန်မြတ်လှသည့် ဆရာ ဆရာမများကိုလည်း တပည့်အပေါင်းက ထာဝစဉ်ပူဇော်ကန်တော့နေကြသည်သာ ဖြစ်ပါကြောင်း။ ။

"ဤလောကမြေမဟီဝယ် ဘယ်ဂုဏ်ကိုမျှ မမက်မော၊ တန်ဖိုးမထားဘဲ ပညာရေးလုပ်ငန်းခွင်တွင် ဇောက်ချ၍ ရသမျှသော လစာကလေးဖြင့် တင်းတိမ်ရောင့်ရဲ ရုန်းကန်နေသည့် "ဆရာ"ဟူသော ဂုဏ်တို့သာ အမြတ်တနိုး တန်ဖိုးထားမက်မောနေကြသည့် ဆရာ ဆရာမများကလည်း "အနမတဂ္ဂ" ရှိကြောင်း တလေးတစား တွေ့ရပါသည်။ ထိုဆရာ ဆရာမများသည် "ပညာဇိဝံ ဇိဝိတမာဟု သေဋ္ဌပညာဖြင့် အသက်မွေးသောသူ၏ အသက်ရှင်ခြင်းကိုသာလျှင် မြတ်သောအသက်ရှင်ခြင်း"ဟု ခံယူမှတ်ပိုက်ထားသူများ ဇောနမုချ ဖြစ်ကြပေလိမ့်မည်။ ထိုသို့သော မွန်မြတ်လှသည့် ဆရာ ဆရာမများကိုလည်း တပည့်အပေါင်းက ထာဝစဉ်ပူဇော်ကန်တော့နေကြသည်သာ"

ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်း ကျောက်မျက်ရောင်းချပွဲပြုလုပ်မည့် မဏိရတနာကျောက်စိမ်းခန်းမ ကြည့်ရှုစစ်ဆေး

နေပြည်တော် အောက်တိုဘာ ၃

မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီဥက္ကဋ္ဌ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်းသည် နေပြည်တော် မဏိရတနာကျောက်စိမ်းခန်းမ၌ ကျင်းပမည့် ၂၀၁၈ ခုနှစ် နိုဝင်ဘာလ ကျောက်မျက်ရိုင်းများနှင့် ကျောက်စိမ်းအသားကျောက်များ မြန်မာကျပ်ငွေဖြင့် ရောင်းချပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် မဏိရတနာကျောက်စိမ်းခန်းမဝင်းအတွင်း ဆောင်ရွက်ထားရှိမှု အခြေအနေများကို ယနေ့မွန်းလွဲပိုင်းတွင် ကြည့်ရှုစစ်ဆေးသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးသည် မဏိရတနာကျောက်စိမ်းခန်းမ ယာဉ်ရပ်နားကွင်းသို့ ရောက်ရှိလာရာ ပြပွဲဗဟိုကော်မတီအတွင်းရေးမှူး မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးအောင်ညွှန့်သိန်းက ပြည်တွင်း၊ ပြည်ပရတနာကုန်သည်များ ပြပွဲတက်ရောက်ရန် မှတ်ပုံတင်သည့် အဆောက်အအုံကို မော်တော်ယာဉ်ရပ်နားကွင်းတွင် သီးခြားဆောက်လုပ်၍ လက်ရှိရတနာကုန်သည် မှတ်ပုံတင် အဆောက်အအုံကို ရတနာကုန်သည် ဝင်ပေါက်အဖြစ် တိုးချဲ့ဆောက်လုပ်မည့် အစီအမံများ၊ မော်တော်ယာဉ်များ စနစ်တကျ ရပ်နားနိုင်ရန်အတွက်လည်းကောင်း၊ မြန်မာကျပ်ငွေဖြင့် ရောင်းချပွဲတွင် ထုထည်ကြီးများပြီး အရေအတွက်များပြားသော ကျောက်အတွဲများ ခင်းကျင်းပြသရန်အတွက်လည်းကောင်း၊ ကျောက်စိမ်းဥယျာဉ်အတွင်းရှိ မြေကွက်လပ်ကို မြေဖို့ပြုပြင်ခြင်းနှင့် ကွန်ကရစ်ခင်းခြင်းများ ဆောင်ရွက်မည့်အစီအမံများကို လည်းကောင်း ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် မဏိရတနာကျောက်စိမ်းခန်းမဝင်းအတွင်း လှည့်လည်ကြည့်ရှု စစ်ဆေးခဲ့ပြီး ခန်းမနှင့်ခန်းမဆောင်၌ ပြပွဲဗဟိုကော်မတီအတွင်းရေးမှူး မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးအောင်ညွှန့်သိန်းနှင့် ပြပွဲဗဟိုကော်မတီဝင်များ၊ လုပ်ငန်းကော်မတီ အသီးသီးနှင့် မြန်မာနိုင်ငံကျောက်မျက်ရတနာ လုပ်ငန်းရှင်များအသင်းမှ တာဝန်ရှိသူများက သက်ဆိုင်ရာကဏ္ဍအလိုက် ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှုကို ရှင်းလင်းတင်ပြခဲ့ကြသည်။

သတင်းစဉ်

မြတ်ဆရာသို့

❖ ပန်းကိုမခွေ
ပန်းတွေဝေဖို့
စမ်းရေဖျန်း၍ ပြုစုသူ။

❖ အမှောင်ထုတွင်း
အရောင်လင်းဖို့
ကိုယ်တွင်းကျွမ်း၍ လင်းစေသူ။

❖ ဓားကောင်းတစ်လက်
တန်ဖိုးတက်ဖို့
အနစ်နာခံ
ပွန်းပဲ့ခံ၍ ထက်စေသူ။

❖ အုတ်ချပ် သဲပွင့်
ဆင့်ဆင့်မြင့်ပြီး
အဆောက်အုံကြီးအား ဖြစ်စေသူ။

❖ လူတော်ကောင်းများ
ပွေးဗွားပေးပြီး
ကျောင်းတော်ကြီးအား တင့်စေသူ
နိုင်ငံကြီးအား မြင့်စေသူ။

❖ အိုဘယ်ဆရာ
မြတ်ဆရာကား
ပမာရည်စူး ဥယျာဉ်မှူးတည်း။
ပမာပြုငြား ဖယောင်းတိုင်လားတည်း။
ပမာနှိုင်းလောက် ဓားသွေးကျောက်တည်း။
ပမာပြုရာ မဟာဗိသုကာတည်း။

❖ ထိုထိုဆရာ
မြတ်ဆရာအား
ပဏာဏွတ်ကျိုး
လက်စုံမိုး၍
ရှိခိုးပါသည်
နှစ်ပြာကိုယ်စိတ် ချမ်းမြေ့ကြစေသော်။ ။

စိုးအောင်(ပညာရေး)

ကျောင်းသား ကျောင်းသူများအတွက် ကူဘိုတာမြန်မာမှ ကျောပိုးအိတ်၊ စာအုပ်နှင့် စာရေးကိရိယာအစုံ ၁၆၃၀၀ လျှုဒါန်း

နေပြည်တော် အောက်တိုဘာ ၃

ကျောင်းသား ကျောင်းသူများ ပညာသင်ကြားမှုတွင် အထောက်အကူပြုစေရေးအတွက် ကူဘိုတာမြန်မာ ကုမ္ပဏီမှ ကျောင်းသုံးလွယ်အိတ်နှင့် စာရေးကိရိယာ အစုံ ၁၆၃၀၀ လျှုဒါန်းသည့် အခမ်းအနားကို အောက်တိုဘာ ၃ ရက်က နေပြည်တော်ရှိ ပညာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက ကူဘိုတာမြန်မာကုမ္ပဏီက ကျောင်းသား ကျောင်းသူများအတွက် ကျောပိုးအိတ်၊ စာအုပ်နှင့် စာရေးကိရိယာအစုံ ၁၆၃၀၀ လျှုဒါန်းသည့်အတွက် ကျေးဇူးတင်ရှိပါကြောင်း၊ ပြီးခဲ့သည့် နှစ်ကလည်း ရန်ကုန်၊ မန္တလေးနှင့် စစ်ကိုင်းမြို့တို့ရှိ မျက်မမြင်ကျောင်းများမှ ကျောင်းသား ကျောင်းသူများအား ပေးအပ်လှူဒါန်းခဲ့ကြောင်းနှင့် ယခုလှူဒါန်းသည့် ကျောပိုးအိတ်၊ စာအုပ်နှင့် စာရေးကိရိယာကိုလည်း ယခင်နှစ်က အတိုင်း တိုင်းဒေသကြီးနှင့် ပြည်နယ်များကို ဖြန့်ဝေပေးအပ်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ကူဘိုတာမြန်မာကုမ္ပဏီမှ မန်နေဂျင်ဒါရိုက်တာ Mr.Kunitomo Sato က ကျောင်းသုံးစာရေးကိရိယာများလှူဒါန်းရခြင်းနှင့်ပတ်သက်၍ "ကျွန်တော်တို့အနေနဲ့ ပညာရေးဝန်ကြီးဌာနနဲ့ ပူးပေါင်းပြီး အခုလိုမျိုး လာရောက်လှူဒါန်းတာ ဒုတိယအကြိမ်ပါ။ ကျောင်းသုံးလွယ်အိတ်နဲ့ စာရေးကိရိယာအစုံ ၁၆၃၀၀ ကို မြန်မာနိုင်ငံ ဒေသအသီးသီးမှာရှိတဲ့ အမှန်တကယ်လိုအပ်နေတဲ့ ကျောင်းသား ကျောင်းသူတွေကို ပံ့ပိုးကူညီသွားမှာဖြစ်ပါတယ်။ ကျောင်းသုံးလွယ်အိတ်နဲ့ စာရေးကိရိယာ အစုံ ၅၀၀၀ ကို ပညာရေးဝန်ကြီးဌာနကို လှူဒါန်းသွားမှာဖြစ်ပြီး ကျန်အစုံ ၁၁၃၀၀ ကို ကူဘိုတာမြန်မာ တာဝန်ရှိသူများမှ တစ်ဆင့် ဝေးလံခေါင်ဖျားဒေသမှာရှိတဲ့ ကလေးသူငယ်တွေကို သွားရောက်လှူဒါန်းသွားမှာ ဖြစ်ပါတယ်။ အခုလို လှူဒါန်းရခြင်းဟာ ကလေးတွေ အနာဂတ်ပညာသင်ကြားမှုမှာ တစ်ထောင့်တစ်နေရာက အထောက်အပံ့ဖြစ်မယ်လို့ မျှော်လင့်ပါတယ်" ဟု ပြောသည်။

ကူဘိုတာမြန်မာကုမ္ပဏီအနေဖြင့် ပြီးခဲ့သည့်နှစ် ဇွန် ၂၇ ရက်က SIAM KUBOTA Corporation Co.,Ltd. နှင့် ပူးပေါင်းပြီး မြန်မာနိုင်ငံအနှံ့ရှိလိုအပ်ချက်ရှိသော ကျောင်းနေအရွယ်ကလေးများအား လွယ်အိတ်နှင့် စာရေးကိရိယာအစုံ ၁၅၀၀၀ ကို လှူဒါန်းခဲ့ကြောင်း၊ အနာဂတ်တွင် ပညာရေးနှင့် သက်ဆိုင်သည့်အရာများ လိုအပ်လာသည်နှင့်အမျှ အဆိုပါ လိုအပ်ချက်များကို ထပ်မံပံ့ပိုးကူညီသွားရန်အစီအစဉ်ရှိကြောင်းလည်း သိရသည်။

အဆိုပါကျောင်းသုံးကျောပိုးအိတ်နှင့် စာရေးကိရိယာပေးအပ်လှူဒါန်းပွဲသို့ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ကူဘိုတာမြန်မာကုမ္ပဏီမှ တာဝန်ရှိသူများ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

နိုင်လင်းကြည်၊ ကိုမင်း

■ မြန်မာနိုင်ငံမှ

ကုန်သွယ်မှုမြှင့်တင်နိုင်ဖို့အတွက် ဩစတြီးယားနိုင်ငံက ထိပ်တန်းကုမ္ပဏီကြီး ၁၅ ခုပါဝင်တဲ့ ကုန်သွယ်ရေးကိုယ်စားလှယ်အဖွဲ့ဟာ နေပြည်တော်နဲ့ ရန်ကုန်မြို့ကို အောက်တိုဘာ ၁ ရက်မှ ၃ ရက်အထိသွားရောက်ခဲ့ပါတယ်။ ဒီကုန်သွယ်ရေးမစ်ရှင်အဖွဲ့ဟာ ၂၀၁၇ ခုနှစ်က ကျင်းပခဲ့တဲ့ ကုန်သွယ်ရေးကိုယ်စားလှယ်အတွက် ဩစတြီးယားကုမ္ပဏီများက ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ကိစ္စရပ်တွေကို ဆက်လက်အကောင်အထည်ဖော်ဖို့နဲ့ စီးပွားရေးဆိုင်ရာ အခွင့်အလမ်းတွေပေါ်ပေါက်လာစေဖို့အတွက် ထပ်မံစီစဉ်ပြီး ကျင်းပခြင်းဖြစ်ပါတယ်" ဟု ဩစတြီးယား ကူးသန်းရောင်းဝယ်ရေးဆိုင်ရာဌာနမှ Counsellor Mr.Gunther Sucher က ပြောသည်။

ဩစတြီးယားတွင် ဦးဆောင်လျက်ရှိသောကုမ္ပဏီ ၁၅ ခုသည် မတူကွဲပြားသော စက်မှုလုပ်ငန်းများအနေဖြင့် ကမ္ဘာလုံးဆိုင်ရာ ရှေ့ဆောင်လုပ်ငန်းရှင်များအဖြစ် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်း၊ ရေနှင့်စွန့်ပစ်ပစ္စည်း စီမံခန့်ခွဲမှုလုပ်ငန်း၊ စွမ်းအင်ပြန်လည်သုံးစွဲမှုလုပ်ငန်း၊ စက်မှုလုပ်ငန်းနှင့် သတ္တုတူးဖော်ရေးလုပ်ငန်း၊ အင်ဂျင်နီယာလုပ်ငန်းများပါဝင်ပြီး နှစ်နိုင်ငံဆက်ဆံရေးပိုမိုတိုးတက်ခိုင်မာစေရန်နှင့် စီးပွားရေးလုပ်ငန်းအကျိုးတူပူးပေါင်းဆောင်ရွက်မှုများ ထပ်မံပေါ်ပေါက်လာစေရန် ရည်ရွယ်ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။

ဩစတြီးယားနိုင်ငံသည် ဥရောပအလယ်ဗဟိုတွင် တည်ရှိပြီး ဖွံ့ဖြိုးပြီးနိုင်ငံတစ်နိုင်ငံဖြစ်ကာ ယခုအခါ မြန်မာအပါအဝင် ထိုင်း၊ ကမ္ဘောဒီးယား၊ လာအိုနှင့် ဗီယက်နမ်နိုင်ငံတို့တွင် စီးပွားရေးလုပ်ငန်းများ၊ ရင်းနှီးမြှုပ်နှံမှုများ တိုးချဲ့သွားရန်စီစဉ်လျက်ရှိကြောင်း သိရသည်။

မြင့်မောင်စိုး

❖ အာရှ ယူ-၁၉ မှ

ထိုင်း ယူ-၁၉ အမျိုးသမီးအသင်းနှင့် ခြေစမ်းပွဲနှစ်ပွဲ ယှဉ်ပြိုင်ကစားခြင်းဖြစ်သည်။ မြန်မာယူ-၁၉ အမျိုးသမီးအသင်းသည် ဇွန်လကတည်းက လေ့ကျင့်မှုပြုလုပ်နေသော်လည်း နိုင်ငံတကာခြေစမ်းပွဲတစ်ပွဲသာ ကစားရသေးသည်။ မြန်မာယူ-၁၉ အမျိုးသမီးအသင်းသည် ပထမဆုံးနိုင်ငံတကာခြေစမ်းပွဲတွင် စင်ကာပူ ယူ-၁၉ အမျိုးသမီးအသင်းကို ခုနစ်ဂိုးပြတ်အနိုင်ရထားသည်။ မြန်မာအသင်းယှဉ်ပြိုင်မည့် ၂၀၁၉ အာရှ ယူ-၁၉ အမျိုးသမီးခြေစစ်ပွဲ ပထမအဆင့် အုပ်စု (စ)ကို အောက်တိုဘာ ၂၄ ရက်မှ ၂၈ ရက်အထိ ရန်ကုန်မြို့ရှိ သုဝဏ္ဏကွင်း၌ ကျင်းပမည်ဖြစ်သည်။

မြန်မာ ယူ-၁၉ အမျိုးသမီးအသင်းတွင် နည်းပြချုပ် ဒေါ်သက်သက်ဝင်း၊ လက်ထောက်နည်းပြ ဒေါ်စန်းစန်းမော်၊ ဒေါ်စန်းယုနိုင်၊ ဂိုးနည်းပြ ဦးအောင်ကျော်ကျော်၊ ဂိုးသမား ဖူးလဲ့နဒီ၊ သရဖီအောင်၊ ထက်အိန္ဒြာလင်း၊ နောက်တန်း နန်းဇူဇူထက်၊ ဇင်ယော်ခင်၊ မိုးမိုးသန်း၊ ကြည်ပြာလင်း၊ သီတာဝင်း၊ အိအိကျော်၊ ဇွန်ယုယဦး၊ နော်ထက်ထက်ဝေ၊ အေးအေးထွေး၊ သဇင်အောင်၊ အလယ်တန်း မေဖူးကို၊ လင်းလဲ့ဦး၊ ဘွဲ့လှန်ကိန်း၊ နှင်းမြသဇင်၊ မိုးမမိုး၊ ပုံပုံပြည့်မော်၊ မေသွေးကို၊ ရှေ့တန်း စန်းသော်သော်၊ လှိုင်လှိုင်မြင့်၊ ချိုချိုမြင့်၊ နွယ်နီဝင်း၊ လင်းမြင့်မိုရ်နှင့် မြတ်နိုးခင်တို့ ပါဝင်ကြသည်။

သတင်း-ရွှိုင်းထက်ဇော်၊ ဓာတ်ပုံ-စိုးညွှန့်

❒ ရှေးဟောင်းအမွေအနှစ်မှ

"ထိန်းသိမ်းစောင့်ရှောက်တဲ့လုပ်ငန်းမှာ လက်တွေ့လုပ်မယ့် လက်သမားတွေ၊ ပန်းရန်သမားတွေက မူလလက်ရာမပျက်အောင် ဘယ်လိုထိန်းသိမ်းမလဲ၊ ဘယ်လိုနည်းပညာတွေသုံးရမလဲဆိုတဲ့ အသိပညာပိုင်း၊ အတတ်ပညာပိုင်း ဆိုင်ရာတွေကိုလည်း ကျွန်တော်တို့ သင်တန်းပို့ချပေးတယ်" ဟု ဦးသူရိန်အောင်က ပြောသည်။

ရန်ကုန်မြို့ပြအမွေအနှစ်ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့အနေဖြင့် ရန်ကုန်မြို့လယ်တွင် ရှေးဟောင်းအမွေအနှစ်စာရင်းကောက်ယူခြင်း၊ ဓာတ်ပုံရိုက်ခြင်း၊ မြေပုံပေါ်တင်ခြင်းစသည့်လုပ်ငန်းများကို ဆောင်ရွက်ပြီးစီး၍ ဗဟန်းမြို့နယ်နှင့် အင်းစိန်မြို့နယ်တို့တွင် ဆက်လက်ဆောင်ရွက်လျက်ရှိရာ ပြီးစီးသလောက်ရှိပြီဖြစ်ကြောင်း သိရသည်။

သတင်း-ဇာနည်မောင်၊ ဓာတ်ပုံ-စောသိန်းဝင်း

ပြည်သူ့နိုတိသည် နိုင်ငံသားတိုင်းလိုက်နာရမည့် ဝတ္တရားဖြစ်ပြီး ၂၀၁၉-၂၀၂၀ တွင် ပြည်သူ့နိုတိအကြောင်း တစ်နိုင်ငံလုံးသိရှိစေရန် ကြိုးပမ်းဆောင်ရွက်မည်

စာရေးဆရာ ကောင်းသန့်နှင့် တွေ့ဆုံခြင်း

တွေ့ဆုံမေးမြန်း- ရဲခေါင်ညွန့်
ဓာတ်ပုံ- ဖိုးထောင်

နိုင်ငံသားတိုင်း လိုက်နာဆောင်ရွက်ရမည့် ပြည်သူ့နိုတိအကြောင်းနှင့် ရန်ကုန်တိုင်းဒေသကြီးတွင် ကျင်းပပြုလုပ်မည့် ရန်ကုန်မြို့တော်ဝန်၏ ဒုတိယအကြိမ် ပြည်သူ့နိုတိ စာမေးပွဲများ အကြောင်းများသိရှိစေရန်၊ ပြည်သူ့နိုတိနှင့် ပတ်သက်၍ ဆက်လက်ဆောင်ရွက်သွားမည့် အကြောင်းအရာများကို သိရှိစေရန်အတွက် ပြည်သူ့နိုတိစာမေးပွဲ ကျင်းပရေး ကော်မတီဝင် စာရေးဆရာ ကောင်းသန့်အား သွားရောက်တွေ့ဆုံမေးမြန်းခဲ့သည်။

မေး။ ။ နိုတိလို့ပြောလာရင် တချို့က သိပ်မသဲကွဲလို့ ပြည်သူ့နိုတိဆိုတာ ဘာကို ဆိုလိုသလဲဆိုတာ ရှင်းပြပေးပါ။

ဖြေ။ ။ ပြည်သူ့နိုတိဆိုတာ ဘာသာရေးနဲ့မဆိုင်ဘူး၊ အသားအရောင်နဲ့ မဆိုင်ဘူး၊ လူမျိုးနဲ့ မဆိုင်ဘူး၊ ရေမြေတောတောင်နဲ့လည်း မဆိုင်ဘူး။ ဒီနိုင်ငံထဲမှာ နေထိုင်နေတဲ့ နိုင်ငံသားအားလုံးနဲ့ ဆိုင်တယ်။ ပြည်သူ့နိုတိက ဘာသာမရှိဘူး။ အရောင်မရှိဘူး။ လူမျိုးမရှိဘူး။ အင်္ဂလိပ်လိုပြောရင် Civic Education။ ပြည်သူတွေရဲ့ ကျင့်ဝတ်ပေါ့။ ပြည်သူတစ်ယောက်မှာ ရပိုင်ခွင့်တွေ ရှိသလို လုပ်ရမယ့်တာဝန်ဝတ္တရားတွေလည်း ရှိတယ်။ အဲ့ဒါကို ပြည်သူနိုတိလို့ ခေါ်တယ်။

ဘယ်လိုပဲ အဓိပ္ပာယ်ဖွင့်ဆို ဖွင့်ဆို ကိုယ်၊ သူတစ်ပါး တစ်ယောက်နဲ့ တစ်ယောက် ယဉ်ယဉ်ကျေးကျေး အပြန်အလှန် ပြုမူပြောဆိုဆက်ဆံပြီးတော့ ငြိမ်းချမ်းတဲ့ လူအဖွဲ့အစည်းဖြစ်အောင် ဦးတည်တဲ့ ပြုမူပြောဆို ဆောင်ရွက်မှုတွေက ပြည်သူ့နိုတိပဲ။ ယဉ်ကျေးလိမ္မာလို သင်တန်းမျိုးက ပြည်သူ့နိုတိနဲ့တော့ သွယ်ဝိုက်သက်ဆိုင်ပေမယ့် တိုက်ရိုက်မသက်ဆိုင်ဘူး။ ဗုဒ္ဓဘာသာပဲဖြစ်ဖြစ်၊ ခရစ်ယာန်ပဲဖြစ်ဖြစ်၊ အစ္စလာမ်ပဲဖြစ်ဖြစ်၊ ဟိန္ဒူပဲဖြစ်ဖြစ်၊ နတ်ကိုးကွယ်သူပဲဖြစ်ဖြစ် ပြည်သူ့နိုတိကို ကျင့်သုံးလိုက်နာရပါမယ်။ ဒီနိုင်ငံသားမှန်သမျှရပိုင်ခွင့် ရှိသလို လိုက်နာရမယ့် ဝတ္တရားတွေလည်းရှိတယ်လို့ ဆိုလိုတာပါ။

မေး။ ။ ပြည်သူ့နိုတိကို ရန်ကုန်အခြေခံပညာကျောင်းတွေမှာ ဘယ်လို ရည်ရွယ်ချက်နဲ့ စလုပ်ဖြစ်ခဲ့တယ် ဆိုတာလေး သိချင်ပါတယ်။

ဖြေ။ ။ ပထမဆုံး စလုပ်တာက ရန်ကုန်မြို့တော်ဝန်ပါ။ မြို့တော်ဝန်က လူတွေရဲ့ စိတ်ဓာတ်တွေ မယဉ်ကျေးတော့ဘူး၊ ကြမ်းတမ်းနေပြီ၊ ဒါကြောင့် ပြည်သူ့နိုတိစာမေးပွဲ လုပ်ရင်ကောင်းမယ်ဆိုပြီး စဉ်းစားတယ်။ ဒါနဲ့ ပြည်သူ့နိုတိ စာမေးပွဲ ကျင်းပဖို့ဆိုပြီး ကော်မတီ ဖွဲ့လိုက်တယ်။ အဲဒီကော်မတီထဲမှာ ကျွန်တော်ရယ်၊ စာရေးဆရာတွေဖြစ်တဲ့ ကိုဟိန်းလတ်ရယ်၊ မင်းယုဝေရယ်၊ နောက် ဆရာ မောင်ခင်မင်နဲ့ ဂုဏ်ထူး ဦးသိန်းနိုင်တို့ကို ပညာရှင်အနေနဲ့ ဖိတ်လိုက်တယ်။ ကျွန်တော်က ပြည်သူ့နိုတိနဲ့ သင့်တော်တဲ့ ပညာရေးဌာနက ညွှန်ကြားရေးမှူး (အငြိမ်းစား) တွေဖြစ်တဲ့ ဆရာ အောင်ခိုင်မြင့်နဲ့ ဆရာ မောင်ဒီပနှစ်ယောက်ကို ထပ်ဖိတ်တယ်။ သူတို့ပါလာတော့ ပိုအားပြည့်သွားတယ်။

၂၀၁၇ ခုနှစ် ဧပြီလမှာ လသာ(၂) မှာ စာမေးပွဲလုပ်တယ်။ ပြည်သူ့နိုတိကို ၂၀၁၇ ခုနှစ်ကတည်းက လုပ်တာဖြစ်ပေမယ့် လူသိသိပ်မများဘူး၊ ဖြစ်သင့်သလောက် မဖြစ်ဘူး။ ပထမဆုကို ရွှေတစ်ကျပ်သားနဲ့ ငွေ ငါးသိန်း၊ ဒုတိယကို ရွှေ သုံးမတ်သားနဲ့ ငွေလေးသိန်း၊ တတိယက ငါးမူးသားနဲ့ ငွေသုံးသိန်းဆိုပြီး ပေးခဲ့တယ်။ အထူးဆုတွေလည်း နှစ်သိန်းဆိုပြီး ပေးတယ်။ အဆင့်တွေက မူလတန်း၊ အလယ်တန်း၊ အထက်တန်းပေါ့။ မူလတန်းဆိုရင်လည်း သုံးတန်း၊ လေးတန်း၊ အလယ်တန်းဆိုရင် ငါးတန်း၊ ခြောက်တန်း၊ ခုနစ်တန်း၊ အထက်တန်းဆိုရင် ရှစ်တန်း၊ ကိုးတန်း၊ ဆယ်တန်းပေါ့။ မြို့တော်ခန်းမမှာပဲ ခမ်းခမ်းနားနား လုပ်ပေးတယ်။

မေး။ ။ အဲဒီလို ကော်မတီဖွဲ့ပြီးတော့ ဘာတွေများ ဆက်လက်ဆောင်ရွက်ပါသလဲ။

ဖြေ။ ။ ကျွန်တော်တို့ကတော့ ပညာရှင်အနေနဲ့ မေးခွန်းထုတ်တာတွေ၊ စစ်ဆေးပေးတာတွေ လုပ်ပေးခဲ့တယ်။ ဒီနှစ်လည်း ထပ်လုပ်မယ်ဆိုပြီး အရင်ဖွဲ့ထားတဲ့ ကော်မတီက လူတွေကို ပြန်ခေါ်တယ်။ ဒီနှစ်တော့ ကျွန်တော်က အကြံတစ်ခုပေးတယ်။ လူသိများအောင် ကျွန်တော်တို့ မြန်မာစာရေးဆရာကလပ်က စာရေးဆရာတွေက နိုတိနဲ့ပတ်သက်တဲ့ စာမေးပွဲ အထောက်အကူပြုဟောပြောပွဲတွေ လိုက်လုပ်ပေးမယ်။ ရန်ကုန်တိုင်းဒေသကြီးထဲက လက်လှမ်းမီတဲ့ မြို့နယ် ၄၃ မြို့နယ်ထဲက တစ်မြို့လျှင် တစ်ကျောင်းနှုန်းနဲ့ ကျွန်တော်တို့ လိုက်ဟောပြောပေးမယ်ဆိုတော့ သဘောတူတယ်။

Royal Myanmar Teamix က တိုင်းပြည်နဲ့ ပြည်သူအတွက် အကျိုးရှိတယ်၊ ကူညီမယ်ဆိုပြီး အကုန်အကျခံကူညီပေးတယ်။ ကျွန်တော်တို့အတွက် ကြိုတာ၊ ပို့တာ စားရေး၊ သောက်ရေးကအစ ဉာဏ်ပူဇော်ခအထိ ကူညီတယ်။ နောက် ကျောင်းတွေမှာလည်း ပြည်သူနိုတိ စာအုပ်တွေ လက်ဆောင်ပေးတယ်။ ကလေးတွေအတွက် ဉာဏ်စမ်းပြိုင်ပွဲလေးတွေ လုပ်ပေးတယ်။ ၂၀၁၈ ခုနှစ် ဇူလိုင်လက စလုပ်တာ အခုဆိုရင် ကျောင်းပေါင်း ၂၀ ကျော်လောက် သွားပြီး ပြီဆိုတော့ တစ်ဝက်လောက် သွားပြီးပြီ။ ကလေးတွေက ပြည်သူနိုတိနဲ့ ကင်းကွာနေတာ နှစ်ပေါင်း ၅၀ ကျော်သွားပြီ။ စာသင်ခန်းအတွင်း ယဉ်ကျေးမှုဖြစ်တဲ့ စာသင်ခန်းမှာ မဆော့ရဘူး၊ ဆရာပြောတာ နားထောင်ရမယ်၊ အမှိုက်မပစ်ရဘူး၊ နောက်ကျရင် ခွင့်တိုင်ပြီးဝင်ရမယ်၊ အပြင်ထွက်ရင် ခွင့်တောင်းရမယ် စတဲ့ အခြေခံတွေတောင် မသိတော့ဘူး။

အချို့ကလေးလေးတွေဆို စကားပြောတာက ရိုင်းလို့ရိုင်းမှန်းမသိဘဲ ပြောလာတယ်။ ရိုင်းတယ်ဆိုတဲ့ စကားထက် မယဉ်ကျေးတော့တာပေါ့။

“ပြည်သူ့နိုတိက ဘာသာမရှိဘူး။ အရောင်မရှိဘူး။ လူမျိုးမရှိဘူး။ အင်္ဂလိပ်လိုပြောရင် Civic Education။ ပြည်သူတွေရဲ့ ကျင့်ဝတ်ပေါ့။ ပြည်သူတစ်ယောက်မှာ ရပိုင်ခွင့်တွေရှိသလို လုပ်ရမယ့်တာဝန် ဝတ္တရားတွေလည်းရှိတယ်။ အဲဒါကို ပြည်သူ့နိုတိလို့ ခေါ်တယ်”

ကျွန်တော်တို့က ကလေးတွေကို အဖြစ်အပျက်တစ်ခုပေးပြီး သင်ခန်းစာသဘောနဲ့ ကောင်းလား၊ မကောင်းဘူးလား ဆွေးနွေးတယ်။ မကောင်းဘူးဆိုရင် လုပ်မလားပေါ့။ လုပ်သင့်သလား၊ လက်ခံသလားဆွေးနွေးတယ်။ အမှိုက်ဆိုလည်း ဒီအတိုင်း တွေ့ကရာ ပစ်လိုက်ရင် အမှိုက်တွေနဲ့ ပေပွညစ်ပတ်နေတဲ့ ပတ်ဝန်းကျင်မှာ နေပျော်မလား စသဖြင့်ပေါ့။ အမှိုက်တွေပြန်ကောက်မယ် ဖြေရင်လည်း အမှိုက်ပစ်တာနဲ့ အမှိုက်ကောက်တာ ဘယ်အရာက ပိုအရေးကြီးသလဲပေါ့။ အမှိုက်မပစ်ရင် မကောက်ရဘူး ဆိုတာမျိုးတွေ စဉ်းစားတတ်လာအောင် ဆွေးနွေးရတာပေါ့။ မိဘတွေကလည်း အကျိုးရှိမှန်းသိတော့ အားတက်သရော ကူညီပါတယ်။

မေး။ ။ စာရေးဆရာကလပ်က နာမည်ကျော် စာရေးဆရာတွေက ပြည်သူ့နိုတိနဲ့ ပတ်သက်ပြီး အားတက်သရော ကူညီဖြစ်တာက ဘာကြောင့်များပါလဲ။

ဖြေ။ ။ ကျွန်တော်တို့က စာဖတ်တယ်။ စာဖတ်တယ်ဆိုကတည်းက ခေါင်းထဲမှာ အသိရှိနေတယ်။ အဲဒီအသိက ဘာလဲဆိုတော့ တိုင်းပြည်အတွက် လိုအပ်တဲ့ တစ်ထောင့်တစ်နေရာကို အားလုံးက ဝိုင်းဖြည့်ပေးချင်တယ်။ ဒီအလုပ်က လုပ်သင့်တယ်ဆိုတာ အားလုံးက လက်ခံတယ်။ လုပ်ခွင့်ရတဲ့ အခါကျတော့ အားလုံးက ဝိုင်းလုပ်ပေးတာပါ။ ကျောင်းတွေမှာ ကိုယ့်မြေးအရွယ်၊ သားအရွယ် ကလေးတွေကို ပညာပေးရတာ အနာဂတ်အတွက် တန်ဖိုးရှိပြီး မွန်မြတ်တဲ့ ပညာဒါနပါ။ ဒါကြောင့် သေချာစိတ်ပါလက်ပါ လိုက်လုပ်ပေးကြတာပါ။

မေး။ ။ ပြည်သူ့နိုတိနဲ့ပတ်သက်ပြီး မြို့တော်ဝန် စာမေးပွဲလုပ်တယ်ဆိုတော့ ကျွန်တော်တို့မှာ နိုတိနဲ့ပတ်သက်တဲ့ သင်ရိုးညွှန်းတမ်းမရှိတော့ ဘယ်လိုတွေ သင်ကြားပေးပါသလဲ ခင်ဗျာ။

ဖြေ။ ။ ပြည်သူ့နိုတိဆိုတာ စာမေးပွဲ မဟုတ်ပါဘူး။ စာမေးပွဲ လုပ်ရမယ့် ဘာသာရပ်လည်း မဟုတ်ဘူး။ ဒါပေမယ့် ဒီနိုင်ငံမှာက စာမေးပွဲသာ မရှိဘူးဆိုရင် အရေးမစိုက်ချင်ကြဘူး။ သင်ကြားပေးတဲ့သူရော၊ ဖတ်တဲ့သူရော လုပ်မှာ မဟုတ်ဘူး။ မိဘကလည်း စာမေးပွဲ မရှိရင် လုပ်မနေနဲ့ ကျောင်းစာသာ လုပ်ဆိုတာမျိုးပဲ ဖြစ်မှာ။ အဲဒီတော့ စာမေးပွဲလည်း ကျင်းပမယ်။ ဆုလည်း ကောင်းကောင်းပေးမယ်ဆိုတော့ စိတ်ဝင်စားတယ်။ ဒါကို ဦးဆောင်လုပ်နေတဲ့ ဆရာကြီး သုံးယောက်ရှိတယ်။ ဆရာကြီး မောင်ခင်မင်၊ ဆရာကြီးဂုဏ်ထူး ဦးသိန်းနိုင်၊ ဆရာကြီး မောင်ထွန်းတင့်ပေါ့။

သူတို့နဲ့ ကျွန်တော်ရယ်၊ အောင်ခိုင်မြင့်ရယ်၊ မောင်ဒီပရယ် တွဲလိုက်တယ်။ မေးခွန်းထုတ်တာတွေ စစ်ဆေးတာတွေပေါ့။ အဖွဲ့ဝင် စာရေးဆရာတွေလည်း ရှိတယ်။ ပြည်သူ့နိုတိမှာ ပြဋ္ဌာန်းစာအုပ်မရှိဘူး။ ပြဋ္ဌာန်းတာလည်း ကျွန်တော်တို့ အဖွဲ့ကတော့ မကြိုက်ဘူး။ ပြဋ္ဌာန်းလိုက်ရင် ဒါကို ကြက်တူရွေးတွေလို အလွတ်ကျက်မှာ။ မေးခွန်းပုံစံကို ပြောင်းလဲလာတဲ့ ပညာရေးစနစ်နဲ့အညီ ပြောင်းလိုက်တယ်။ မေးခွန်း ငါးပုဒ်ပဲ မေးတယ်။ မူလတန်း တစ်နာရီခွဲ၊ အလယ်တန်းက နှစ်နာရီ၊ အထက်တန်းက သုံးနာရီ။ သက်သောင့်သက်သာ မေးခွန်း ငါးခုပဲ ဖြေရမယ်။

တစ်နှုန့်ဆိုရင် စကားလုံး၊ ခက်ဆစ်ကို ဝါကျဖွဲ့တာနဲ့ ပြည်သူ့နိုတိနဲ့ ပတ်သက်တဲ့ ရိုးရာစကားပုံလေးတွေကို ကွက်လပ်ဖြည့်ခိုင်းတယ်၊ ရှင်းခိုင်းတယ်ပေါ့။ ကလေးတိုင်း ရနိုင်တယ်။ တတိယက ရသစာပေပျောက်သွားမှာ စိုးရိမ်လို့ ကဗျာလေးတွေကို ဘာသာပြန်ခိုင်းတယ်။ နံပါတ်လေးမေးခွန်းက အဆိုတစ်ခု ပေးတယ်။ ထောက်ခံသလား၊ မထောက်ခံဘူးလား။ သဘောမတူရင် ဘာကြောင့်၊ သဘောတူရင် ဘာကြောင့်ဆိုတာမျိုး အမှတ်ပေး စည်းမျဉ်းကို အရှင်ထားပြီး မေးတယ်။ သဘောတူတူ၊ မတူတူ ခိုင်လုံတဲ့ အကြောင်းပြချက်ပေးနိုင်ရင် အမှတ်ရမယ်။ ကလေးရဲ့ ဖြန့်ကြက်တွေးတောမှုကိုပဲ အခြေခံတယ်။ နံပါတ် ငါးမေးခွန်းကတော့ သူဘာဖြစ်ချင်သလဲ။ ဘာလုပ်ချင်တာလဲ ဆိုတဲ့ စိတ်ကူး စိတ်သန်းပေါ့။ သူ့ရဲ့ ကျောင်း၊ မိသားစု၊ ရပ်ကွက်၊ မြို့ စသဖြင့် ကောင်းအောင်ဘယ်လို လုပ်မလဲ။ ဘယ်လိုလုပ်ချင်သလဲ ဆိုတာမျိုး သူ့ခေါင်းထဲမှာရှိတာ ချရေးလို့ရတဲ့ သူ့ရဲ့ စိတ်ကူးကို မေးမယ်။

မေး။ ။ ဒီလို ပြည်သူ့နိုတိ စာမေးပွဲတွေ ကျင်းပဖို့အတွက် အစိုးရနဲ့ ပညာရေးဌာနပိုင်းက ဘယ်လိုများ ပူးပေါင်းဆောင်ရွက်ပါသလဲ။

ဖြေ။ ။ အစိုးရအနေနဲ့ မြို့တော်ဝန်ပေါ့။ နောက် စာမေးပွဲ ကျင်းပရေး ဗဟိုကော်မတီထဲမှာ ရန်ကုန်တိုင်းဒေသကြီး ပညာရေးမှူးကိုထည့်ထားတယ်။ ဒုတိယညွှန်ကြားရေးမှူးချုပ်ပါတယ်။ ပြည်သူ့နိုတိနဲ့ပတ်သက်ပြီး ကျွန်တော်တို့ သွားဟောပြောချင်တဲ့ ကျောင်းတွေကိုလည်း အမိန့်ထုတ်ပြီး စာပို့ပေးထားပါတယ်။ ကျောင်းတွေမှာ သွားဟောပြောတဲ့ အခါမှာလည်း ကရိကထများမှာစိုးလို့ စီစဉ်ပြီး ဘာမှမလုပ်ထားဖို့ မှာထားပါတယ်။

မေး။ ။ ပြည်သူ့နိုတိနဲ့ ပတ်သက်ပြီး အခြေခံပညာကျောင်းတွေအတွက် စာအုပ်ထုတ်နေပြီလို့ ကြားတယ်။ ဘယ်က ထုတ်တာပါလဲ ခင်ဗျာ။

ဖြေ။ ။ ပညာရေးဌာန၊ ပြည်သူ့နိုတိ သင်ရိုးရေးဆွဲရေးက ပထမတန်းနဲ့ ဒုတိယတန်းအတွက် စာအုပ်တော့ ထုတ်ထားပါပြီ။ တာဝန်ယူထားတဲ့ ဆရာ ဆရာမတွေ ရေးဆွဲကြတာပါ။

မေး။ ။ ပြည်သူ့နိုတိနဲ့ပတ်သက်ပြီး တစ်နိုင်ငံလုံး ဖြန့်ကြက်သွားဖို့ အစီအစဉ်ရှိနေတော့ ဘယ်လိုပုံစံများ ဆောင်ရွက်ဖို့ စီစဉ်ထားသလဲ သိချင်ပါတယ်။

ဖြေ။ ။ ကျွန်တော်တို့က ဒါကို အခုမှ ပြင်ဆင်နေတယ်။ သဘောတူညီချက်ရထားတာက ပညာရေးဌာနက ကျွန်တော်တို့မေးခွန်းပို့ပေးရင် စာမေးပွဲစစ်ပေးမယ်။ ပြီးရင် နောက်ဆုံးအနေနဲ့ ကျွန်တော်တို့က ရန်ကုန်မှာလိုပဲ စာမေးပွဲ ဖြေဆိုမှုတွေကို ပြန်စစ်မယ်လို့ ယာယီသဘောတူ ဆွေးနွေးထားတာတော့ရှိတယ်။ တစ်နိုင်ငံလုံး အတိုင်းအတာနဲ့ စာမေးပွဲစစ်ဖို့ မလွယ်ပေမယ့် တစ်နိုင်ငံလုံးမှာ ဆောင်ရွက်သွားဖို့ ကြိုးစားနေတယ်။ နောက် ကျောင်းတွေမှာ ဇယားဆွဲပြီး စကားရည်လုပွဲတို့၊ ဟောပြောပွဲတို့ အဲဒီလိုမျိုး လုပ်ဖို့ပေါ့။

ဒါဟာ ပညာရေးဌာနကို ကူညီရာလည်းရောက်တယ်။ ပထမဆုံးအနေနဲ့ ကျွန်တော်တို့ ပညာရေးကောလိပ်တွေ အရင်သွားမယ်။ ဆရာ ဆရာမဖြစ်လာမယ့်သူတွေကို ပုံပုံးမှ အရင်လုပ်ရမယ်။ ဒါမှ ကလေးတွေဆီရောက်မယ်။ ပြီးရင် ပြည်သူအားလုံးသိအောင် သိချင်းတွေ စပ်မယ်။ စာအုပ်တွေ ထုတ်မယ်။ ငါးမိနစ် ဇာတ်လမ်းတိုလေးတွေ ရိုက်မယ်။ ကျွန်တော်တို့ စာရေးဆရာတွေက ဇာတ်လမ်း ရေးပေးမယ်။ ရိုက်ပေးမယ့်သူလည်း ရှိတယ်။ ပြီးရင် ရုပ်မြင်သံကြားက လွှင့်မယ်။ နောက် ကဗျာလေးတွေ စပ်မယ်။ နောက် မီဒီယာက တစ်ဆင့်ချပြမယ်။ ၂၀၁၉- ၂၀၂၀ မှာ ပြည်သူ့နိုတိ အသံ နားထဲညံနေအောင် ကျွန်တော်တို့ ကြိုးပမ်းမယ်။

မေး။ ။ အဲဒီလို ဖြစ်ဖို့ရော အစိုးရပိုင်း၊ ပညာရေးပိုင်းက တာဝန်ရှိသူတွေနဲ့ တွေ့ဆုံပြီးပြီလားခင်ဗျာ။

ဖြေ။ ။ ပညာရေးဝန်ကြီးဌာနက တာဝန်အရှိဆုံးပုဂ္ဂိုလ်ကိုတော့ ကျွန်တော်တို့ တွေ့ပြီးသွားပြီ။ ပြောဆိုပြီးပြီ။ ပြန်ကြားရေးဝန်ကြီးဌာနနဲ့လည်း ဆရာထင်လင်းဦး သွားတွေ့ပြီးပြီ။ ပြည်သူ့နိုတိကို များများသိ၊ များများကြားလာရင် ဆင်ခြင်လာကြမှာပါ။ အခု အောက်တိုဘာလဆန်းဆို ကျွန်တော်တို့ နေပြည်တော် မြို့နယ်တိုင်းမှာရှိတဲ့ အထက်တန်းကျောင်း ရှစ်ကျောင်းကို သွားဟောပြောမယ်။ နေပြည်တော်မှာလည်း ပြည်သူ့နိုတိနဲ့ပတ်သက်တဲ့ စာမေးပွဲ လုပ်ချင်ပါတယ်ဆို ကူညီပေးမယ်။ မန္တလေးတိုင်းဒေသကြီးကလည်း လုပ်မယ်။ ဧရာဝတီတိုင်းဒေသကြီးကလည်း လုပ်မယ်ဆို အောင်မြင်သွားမယ်။

ကျေးဇူးတင်ပါတယ် ဆရာ ။

အခုကျွန်မတို့ကတော့ လောလောဆယ် နှစ်နှစ်ကျော် သုံးနှစ်ခန့်မှာ စာရင်းဝင်ကုမ္ပဏီ ငါးခုရှိတယ်ဆိုတော့ အခြေအနေမဆိုးဘူးလို့ ပြောရမှာပါ

ဒေါ်တင်မေဦး

နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုတွင် အရင်းအနှီးဈေးကွက်၏ အခန်းကဏ္ဍခေါင်းစဉ်ဖြင့် စီးပွားရေးစကားဝိုင်း ကျင်းပ

နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုတွင် အရင်းအနှီးဈေးကွက်၏ အခန်းကဏ္ဍ ခေါင်းစဉ်ဖြင့် စီးပွားရေးစကားဝိုင်းဆွေးနွေးပွဲကို မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ရိုက်ကူးထုတ်လွှင့်ခဲ့ရာ အဆိုပါစကားဝိုင်းတွင် ဒွေချေးသက်သေခံလက်မှတ်လုပ်ငန်း ကြီးကြပ်ရေးကော်မရှင်ဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်း၊ ဒွေချေးသက်သေခံလက်မှတ်လုပ်ငန်း ကြီးကြပ်ရေးကော်မရှင် အဖွဲ့ဝင်များဖြစ်ကြသည့် ဦးဌေးချွန်နှင့် ဒေါ်တင်မေဦး၊ ရန်ကုန်စတော့အိပ်ချိန်းမှ ဒါရိုက်တာအဖွဲ့ဝင် ဦးဝင်းနိုင်ဦး၊ ဒွေချေးသက်သေခံလက်မှတ်များ လဲလှယ်ရောင်းဝယ်ရေး ကုမ္ပဏီလိမိတက် (Myanmar Securities Exchange Centre Co., Ltd.- MSEC)မှ အမှုဆောင်ဒါရိုက်တာ ဒေါ်ယဉ်မြတ်မင်းနှင့် TMH Telecom Public Co., Ltd. မှ အမှုဆောင်ဒါရိုက်တာ ဒေါက်တာ နန်းလဲ့ရည်စိုးတို့က ပါဝင်ဆွေးနွေးကြသည်။ အဆိုပါစကားဝိုင်းတွင် ဆွေးနွေးခဲ့သည်များကို ဖော်ပြအပ်ပါသည်-

သတင်း- ရှင်မင်း၊ မွေးကြူ
ဓာတ်ပုံ- အေးသန်း

ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်း

ဒေါက်တာနန်းလဲ့ရည်စိုး

ဒေါ်တင်မေဦး

ဦးဌေးချွန်

ဦးဝင်းနိုင်ဦး

ဒေါ်ယဉ်မြတ်မင်း

(ယမန်နေ့မှအဆက်)

အစိအစဉ်မှူး။ ။စာရင်းဝင်ရခြင်းရဲ့ ရည်ရွယ်ချက်၊ စာရင်းဝင်ကုမ္ပဏီဖြစ်လာဖို့အတွက် ကြိုးပမ်းဆောင်ရွက်ရတာတွေနဲ့ စာရင်းဝင်ကုမ္ပဏီဖြစ်လာခြင်းအားဖြင့် ဘယ်လိုအကျိုးကျေးဇူးတွေ ရှိလာမယ်ဆိုတာ ပြောပြပေးပါ။

ဒေါက်တာနန်းလဲ့ရည်စိုး။ ။ စာရင်းဝင်ရတဲ့ ရည်ရွယ်ချက်ကတော့ လုပ်ငန်းတိုးချဲ့တဲ့အချိန်မှာ ရန်ကုန်စတော့အိပ်ချိန်းကနေ တစ်ဆင့် အရင်းအနှီးတွေ စုဆောင်းရရှိနိုင်ဖို့၊ ရန်ကုန်စတော့အိပ်ချိန်းမှာ စာရင်းဝင်အဖြစ် ဂုဏ်သိက္ခာရှိစွာရပ်တည်နိုင်ဖို့၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံသူတွေနဲ့ စီးပွားရေးမိတ်ဖက်တွေကို စာရင်းဝင်ကုမ္ပဏီအဖြစ် ဆွဲဆောင်နိုင်ဖို့အတွက် ရည်ရွယ်ပြီး စာရင်းဝင်ခဲ့တာဖြစ်ပါတယ်။

စာရင်းဝင်ဖို့အတွက် လုပ်ငန်းစဉ်တွေအနေနဲ့ ၂၀၀၇ ခုနှစ်မှာ ပုဂ္ဂလိကကုမ္ပဏီအဖြစ် တည်ထောင်ခဲ့ပါတယ်။ ဒါကြောင့် ပထမအနေနဲ့ ကျွန်မတို့က အများနဲ့သက်ဆိုင်သောကုမ္ပဏီအဖြစ်ကို ပြောင်းရပါတယ်။ အခွန်ရှင်းလင်းတာတွေလည်း ဆောင်ရွက်ရပါတယ်။ ကိုယ့်ကုမ္ပဏီအပေါ် ရင်းနှီးမြှုပ်နှံသူတွေ ယုံကြည်မှုရှိစေဖို့အတွက် ကော်ပိုရိတ်စီမံခန့်ခွဲမှုတွေ ပိုမိုကောင်းမွန်အောင်စီမံရပါတယ်။

နောက်တစ်ခုက လုပ်ငန်းအလားအလာညွှန်းတမ်းပေါ့။ လုပ်ငန်းအလားအလာညွှန်းတမ်းဆိုတာက ကုမ္ပဏီရဲ့ အသေးစိတ်အချက်အလက်တွေ၊ ဘဏ္ဍာရေးအချက်အလက်တွေ၊ ကုမ္ပဏီရဲ့ အလားအလာဖြစ်နိုင်တဲ့လုပ်ငန်းတွေကို ထည့်သွင်းရေးသားထားတဲ့ ညွှန်းတမ်းဖြစ်ပါတယ်။ အဲဒီညွှန်းတမ်းပြင်ဆင်ပြီးတော့ ဒွေချေးသက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင် (SECM) ကို တင်ပြရပါတယ်။ SECM ကို တင်ပြပြီး ခွင့်ပြုချက်ရတဲ့အခါမှာ အများပြည်သူထံ အစုရှယ်ယာကမ်းလှမ်းဖို့အတွက် ဒွေချေးသက်သေခံလက်မှတ်ကုမ္ပဏီဖြစ်တဲ့ MSEC နဲ့ ပူးပေါင်းပြီး ကနဦး အစုရှယ်ယာကမ်းလှမ်းခြင်းဆိုင်ရာ မိတ်ဆက်ပွဲတွေကို ရန်ကုန်၊ တောင်ကြီး၊ မန္တလေး၊ လားရှိုး၊ မြစ်ကြီးနားမြို့တွေမှာ ကျင်းပပါတယ်။ တကယ်ထိရောက်မှုလည်းရှိပါတယ်။ အဲဒီမှာ ရင်းနှီးမြှုပ်နှံသူတွေ လာရောက်ပြီး ဒွေချေးသက်သေခံလက်မှတ်စာရင်း (Securities Account)ကို တစ်ခါတည်းဖွင့်သွားပြီး အဝယ်အမှာလွှာတွေ တင်သွားကြပါတယ်။ ကျွန်မတို့ကုမ္ပဏီက စာရင်းဝင်ပြီး အားသာချက်တွေအများကြီးရှိပါတယ်။ ပိုပြီးသိသာတာက ကော်ပိုရိတ်စီမံခန့်ခွဲမှုပိုပြီး အားကောင်းလာတယ်။ နိုင်ငံခြားရင်းနှီးမြှုပ်နှံသူတွေအနေနဲ့လည်း ကျွန်မတို့ကုမ္ပဏီနဲ့ပူးပေါင်းဖို့ ကမ်းလှမ်းတာတွေပိုများလာတယ်။ ဒါ့အပြင် ယုံကြည်မှုလည်း ပိုများလာတယ်။

အစိအစဉ်မှူး။ ။ဆွေးနွေးပွဲ ပထမပိုင်းအချုပ်အနေနဲ့ အားလုံးရဲ့ကိုယ်စား ဒုတိယဝန်ကြီးက အရင်းအနှီးဈေးကွက် အခန်းကဏ္ဍသုံးသပ်ချက်လေးကို ပြောပြပေးစေလိုပါတယ်။

ဦးမောင်မောင်ဝင်း။ ။ အရင်းအနှီး ဈေးကွက်တစ်ခုကောင်းစွာ လည်ပတ်ဖွံ့ဖြိုးနေဖို့အတွက် နည်းစနစ်ကို အတိုကောက်အားဖြင့် 4I လို့မှတ်လို့ရပါတယ်။ 4I ဆိုတာက ပထမဆုံး I က အစုရှယ်ယာထုတ်ဝေတဲ့ကုမ္ပဏီ (Issuer)တွေရှိရမယ်။ Issuer တွေဆိုတာ အရင်းအနှီးလိုတဲ့ ကုမ္ပဏီတွေက အများပြည်သူထံမှ အစုရှယ်ယာတွေဖိတ်ခေါ်ပြီး သူတို့ရဲ့ အရင်းအနှီးတွေကို စီးပွားရေးလုပ်ငန်းတွေမှာသုံးစွဲပေးတဲ့သူတွေပါ။ ဒုတိယ I ကတော့ ရင်းနှီးမြှုပ်နှံသူ(Investor)ပါ။ ဒါက ဒွေပို့ဒွေလှုံရှိပြီး စိတ်ဝင်စားတဲ့ကုမ္ပဏီကို လိုက်ရှာ၊ သူ့ရဲ့ဒွေကို ရင်းနှီးမြှုပ်နှံတဲ့သူ ဖြစ်ပါတယ်။ တတိယ I က အခြေခံအဆောက်အအုံ (Infrastructure) ရှိရပါမယ်။ အခြေခံအဆောက်အအုံဆိုရင် ရန်ကုန်စတော့အိပ်ချိန်းလုပ်ပေးထားတယ်။

အွန်လိုင်းက ရောင်းဖို့၊ ဝယ်ဖို့လုပ်ပေးထားတာတွေ၊ ဈေးကွက်ကြီးတစ်ခုလုံးကို ထိန်းကျောင်းတည့်မတ်ပေးမယ့် ဒွေချေးသက်သေခံလက်မှတ်လုပ်ငန်း ကြီးကြပ်ရေးကော်မရှင်ကိုလည်း ဥပဒေနဲ့အညီ ဖွဲ့စည်းထားပါတယ်။ စတုတ္ထ I ကတော့ Intermediary လို့ခေါ်တဲ့ ကြားခံအဖွဲ့အစည်းတွေပေါ့။ ကြားခံအဖွဲ့အစည်းဆိုတာ Securities Company တွေဖြစ်ပါတယ်။ ခြောက်ခုအထိ ခွင့်ပြုပြီး ဖြစ်ပါတယ်။ ကျွန်တော်တို့အနေနဲ့ ဖွံ့ဖြိုးဖို့အတွက် အရှိန်စတင်ယူပြီး ကြိုးပမ်းနေတဲ့အချိန်လို့ ပြောလို့ရပါတယ်။ တိုင်းပြည်စီးပွားရေးဖွံ့ဖြိုးတိုးတက်တာနဲ့အတူ ကျွန်တော်တို့ရဲ့အရင်းအနှီးဈေးကွက်ကလည်း ပိုပြီးတိုးတက်လာလိမ့်မယ်။ နိုင်ငံတကာနဲ့ ရင်ပေါင်တန်းနိုင်လာလိမ့်မယ်လို့ မျှော်မှန်းပါတယ်။

အစိအစဉ်မှူး။ ။ဒုတိယဝန်ကြီးအနေနဲ့ အရင်းအနှီးဈေးကွက် ဖွံ့ဖြိုးတိုးတက်ရေးမှာ ဒွေချေးသက်သေခံလက်မှတ်လုပ်ငန်း ကြီးကြပ်ရေးကော်မရှင်ရဲ့ အခန်းကဏ္ဍကို ပြောပြပေးပါ။

ဒုတိယဝန်ကြီး။ ။ဒွေချေးသက်သေခံ လက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင်ကို ဥပဒေနဲ့အညီ ဖွဲ့စည်းထားပါတယ်။ ဈေးကွက်ဖွံ့ဖြိုးတိုးတက်စေအခြေအနေဖြစ်တဲ့အတွက် ကော်မရှင်က ကြီးကြပ်ကွပ်ကဲသူနဲ့ ဈေးကွက်ကို ထိန်းကျောင်းသူနေရာကနေရပ်တည်ပြီး ဆောင်ရွက်ပေးပါတယ်။ အခုအခါ ဈေးကွက်ဖွံ့ဖြိုးတိုးတက်စေအခြေအနေ ဖြစ်တဲ့အတွက် ဈေးကွက်ဖွံ့ဖြိုးတိုးတက်လာဖို့ SECM က ဦးဆောင်ပြီး ကြိုးပမ်းဆောင်ရွက်နေရတဲ့ အနေအထားမှာရှိပါတယ်။

ဒါကြောင့် SECM က ဒွေချေးသက်သေခံလက်မှတ်များ လဲလှယ်ရောင်းဝယ်ရေး ဥပဒေပါပြဋ္ဌာန်းချက်တွေနဲ့အညီ ဈေးကွက်မှာပါဝင်တဲ့သူတွေကို ကြီးကြပ်ကွပ်ကဲပါတယ်။ ကြီးကြပ်ကွပ်ကဲဖို့အတွက် လိုအပ်တဲ့ အမိန့်ကြော်ငြာစာတွေ၊ ညွှန်ကြားချက်တွေ၊ စည်းမျဉ်းစည်းကမ်းတွေ ထုတ်ပြန်ပေးပါတယ်။

ဒွေချေးသက်သေခံလက်မှတ်ကုမ္ပဏီတွေကိုလည်း သွားရောက်စစ်ဆေးပါတယ်။ သူတို့ဆီက အစီရင်ခံစာတွေ တောင်းပြီး စိစစ်ပါတယ်။ ဒါ့အပြင် ရန်ကုန်စတော့အိပ်ချိန်းကိုလည်း ကြီးကြပ်ရပါတယ်။ YSX ရဲ့စာရင်းတွေကိုလည်း တောင်းပါတယ်။ အဲဒီလုပ်ငန်းတွေလုပ်တာက ကြီးကြပ်ကွပ်ကဲသူ (Supervisor)အနေနဲ့ ဆောင်ရွက်ချက်တွေကို ပြောတာဖြစ်ပါတယ်။ စည်းမျဉ်းစည်းကမ်းရေးဆွဲထုတ်ပြန်သူ (Regulator) အနေနဲ့ကတော့ ဥပဒေတွေကို ပြင်ဖို့လိုလာရင်လည်း အထက်အဖွဲ့အစည်းအဆင့်ဆင့်ကို တင်ပြပြီး ပြင်ရမယ့်အချိန်ကျရင် ပြင်နိုင်အောင်လို့ ဆောင်ရွက်ပါတယ်။ စည်းမျဉ်းအသစ်တွေထုတ်ဖို့ လိုအပ်လာရင်လည်း စည်းမျဉ်းအသစ်တွေထုတ်ဖို့ကို Regulator အနေနဲ့ စောင့်ကြည့်ဆောင်ရွက်ရမယ့် တာဝန်တွေရှိပါတယ်။

ဈေးကွက်မဖွံ့ဖြိုးသေးတဲ့ အခြေအနေဖြစ်တဲ့အတွက် လွယ်ကူချောမွေ့စေရေးအတွက်ကိုလည်း ဆောင်ရွက်ပေးရတယ်။ အရင်းအနှီးလိုအပ်တဲ့အတွက် အစုရှယ်ယာထုတ်ချင်တဲ့သူတွေ၊ ရှယ်ယာရောင်းချင်တဲ့သူတွေ အဆင်ပြေအောင် ဖန်တီးပေးရပါတယ်။ ရင်းနှီးမြှုပ်နှံချင်တဲ့သူတွေ ရင်းနှီးမြှုပ်နှံနိုင်ဖို့အတွက် ဖန်တီးပေးရပါတယ်။ ရင်းနှီးမြှုပ်နှံမှုပြုလုပ်ထားတဲ့သူတွေအတွက်လည်း လုံခြုံစိတ်ချရမှုရှိအောင် ကာကွယ်ပေးရပါတယ်။ ဒီဈေးကွက်ကြီးချောမွေ့နေအောင်၊ ဈေးကွက်ကြီး ဖွံ့ဖြိုးလာအောင် မသိသေးတဲ့ပြည်သူတွေကို အသိပညာပေးအစီအစဉ်တွေ လုပ်ရပါတယ်။

အစိအစဉ်မှူး။ ။မြန်မာနိုင်ငံအပါအဝင် အခြားအိမ်နီးချင်းနိုင်ငံတွေရဲ့ အရင်းအနှီးဈေးကွက်အခြေအနေလေးကိုလည်း ပြောပြပေးပါ။

ဒေါ်တင်မေဦး။ ။ကျွန်မတို့နိုင်ငံနဲ့ အနီးဆုံး ထိုင်းနိုင်ငံကစတင်ဆွေးနွေးလိုပါတယ်။ ထိုင်းနိုင်ငံမှာ ၁၉၇၅ ခုနှစ်ကတည်းက စတော့အိပ်ချိန်းတည်ထောင်ခဲ့ပါတယ်။ အခုဆိုရင် ၄၃ နှစ်ခန့်ရှိပါပြီ။ ထိုင်းရဲ့ စတော့အိပ်ချိန်းမှာလည်း ဈေးအတက်၊ အကျနဲ့ ပြဿနာဖြစ်တာတွေရှိပါတယ်။ ၁၉၉၇ ခုနှစ်မှာ ဘဏ္ဍာရေးအကျပ်အတည်း(Financial Crisis) ဖြစ်ခဲ့ပါတယ်။ ထိုင်းစတော့အိပ်ချိန်းမှာ လာရောက်ရင်းနှီးမြှုပ်နှံသူတွေက စတော့အိပ်ချိန်းကတစ်ဆင့် စတော့ရှယ်ယာတွေကို ဝယ်တယ်။ ထိုင်းစတော့အိပ်ချိန်းကရတဲ့ ငွေအရင်းအနှီးကို ကာလရှည် Long- term Property Market မှာ ရင်းနှီးလိုက်တယ်၊ ကာလတိုရင်းနှီးငွေတွေကို ကာလရှည်ရင်းနှီးမြှုပ်နှံမှုပြုလုပ်တဲ့အတွက် လွဲချော်ရင်းနှီးမြှုပ်နှံမှုအသွင်သဏ္ဌာန်ဖြစ်သွားခြင်းကြောင့် ဘဏ္ဍာရေးအကျပ်အတည်းဖြစ်ခဲ့ရခြင်းဖြစ်ပါတယ်။

အဲဒီဖြစ်ရပ်တွေကို ပြန်လည်ထိန်းသိမ်းနိုင်ရေးအတွက် ဝန်ကြီးချုပ်၊ ဒုတိယဝန်ကြီးချုပ်နဲ့ ထိုင်းနိုင်ငံ ငွေချေးသက်သေခံလက်မှတ်ကော်မရှင်စတဲ့ အဆင့်မြင့်အဖွဲ့အစည်းတွေက ဦးဆောင်ပြီး ထိုင်းစတော့အိပ်ချိန်းစာရင်းဝင်ကုမ္ပဏီတွေရဲ့ ကော်ပိုရိတ်စီမံခန့်ခွဲမှု အားနည်းချက်များအပေါ် သုံးသပ်ပြီး Thai Institute of Directors (Thai IOD) လို့ ခေါ်တဲ့ ဒါရိုက်တာတွေကို လေ့ကျင့်ပေးတဲ့ Institute ကို တည်ထောင်လိုက်တယ်။ ဒုတိယဝန်ကြီးချုပ်ကိုယ်တိုင်ဦးဆောင်ပြီး ထိုင်းကုမ္ပဏီတွေရဲ့ ကော်ပိုရိတ်စီမံခန့်ခွဲမှုမြင့်တက်အောင် အစွမ်းကုန်ကြိုးစားတယ်။ တစ်ဖက်မှာလည်း Investor တွေ မှန်ကန်စွာ ရွေးချယ်ရင်းနှီးမြှုပ်နှံနိုင်အောင် Education Program ကို စဉ်ဆက်မပြတ်ဆောင်ရွက်ခဲ့ပါတယ်။ ယခုအချိန်မှာ အာဆီယံစတော့အိပ်ချိန်းတွေအနက် ထိုင်းစတော့အိပ်ချိန်းဟာ ရှေ့တန်းမှာ နေရာရနေတာကို တွေ့ရပါတယ်။ ထိုင်းစတော့ အိပ်ချိန်းမှာဆိုရင် Education Progam အနေနဲ့ စနေ၊ တနင်္ဂနွေမှာ မူလတန်း၊ အလယ်တန်း၊ အထက်တန်းကျောင်းသား ကျောင်းသူတွေ လာရောက်ပြီး ကွန်ပျူတာတွေနဲ့ ကစားနိုင်အောင် ငယ်ငယ်ထဲက Securities Culture ကို တည်ထောင်ပေးထားတယ်။ ကျွန်မတို့နိုင်ငံမှာက တော်တော်လေး အလှမ်းဝေးနေတဲ့ ကွာဟချက်ရှိပါတယ်။

ကျွန်မတို့ နိုင်ငံမှာတော့ Myanmar Institute of Directors ကို ဖွဲ့စည်းထားပြီး ဖြစ်ပါတယ်။ မြန်မာနိုင်ငံက ကုမ္ပဏီများကို ကော်ပိုရိတ်စီမံခန့်ခွဲမှု တိုးတက်လာစေရေးအတွက် ထိုင်း IOD နဲ့ အလားသဏ္ဌာန်တူ Myanmar Institute of Directors ဖွဲ့စည်းခဲ့ခြင်းဖြစ်ပါတယ်။

ဗီယက်နမ်နိုင်ငံမှာဆို ဦးဌေးချွန်ပြောသလို ၂၀၀၀ ပြည့်နှစ်ထဲက Securities Trading Center စတည်ထောင်ပါတယ်။ ဥပဒေမပြဋ္ဌာန်းနိုင်မီ State Securities Commission တည်ထောင်လိုက်တယ်။ ၂၀၀၀ ပြည့်နှစ်ကျတော့ ဟိုခ်ီမင်း စတော့အိပ်ချိန်း တည်ထောင်ခဲ့တယ်။ အဲဒီလိုမျိုး တစ်ဆင့်ပြီးတစ်ဆင့် ဆောင်ရွက်ခဲ့ကြရတယ်။ ဗီယက်နမ် စတော့အိပ်ချိန်း စတည်ထောင်တဲ့အချိန်မှာ စာရင်းဝင်ကုမ္ပဏီ ငါးခုပဲရှိခဲ့ပါတယ်။ ဒွေချေးသက်သေခံလက်မှတ်ကုမ္ပဏီကလည်း ငါးခုခန့်သာ ရှိပါတယ်။

ကျွန်မတို့မြန်မာနိုင်ငံလို တနင်္လာနေ့ကနေ သောကြာအထိ နေ့စဉ် အရောင်းအဝယ်တောင်မရှိဘူး။ ကျွန်မတို့က အရောင်းအဝယ်(Trading)ကို နှစ်ကြိမ်နဲ့စတယ်။ အခုဆို Trading ကို လေးကြိမ် လုပ်နေပြီဖြစ်ပါတယ်။ ဗီယက်နမ်စတဲ့အချိန်တုန်းက တစ်ပတ်ကို သုံးရက်ပဲ အရောင်းအဝယ်လုပ်တာပါ။ သူတို့က အဲဒီလို စခဲ့ရတာပါ။ အခုကျတော့ ဗီယက်နမ်မှာ စာရင်းဝင်ကုမ္ပဏီက ၇၀၀ ကျော်ရှိပါတယ်။ သူတို့ရဲ့ အရောင်းအဝယ်ပမာဏ (Trading Volume) ကလည်း မြင့်သွား၊ ကျွန်မတို့နဲ့ ကွာသွားပါတယ်။ လာအိုက ၂၀၁၀ ပြည့်နှစ်မှာ Stock Exchange တည်ထောင်တယ်။ ကမ္ဘောဒီးယားက ၂၀၁၁ မှာ Cambodia Securities Exchange ကိုတည်ထောင်ခဲ့ပါတယ်။

အခုဆိုရင် ခုနစ်နှစ်၊ ရှစ်နှစ်ခန့်ရှိလာပေမယ့် စာရင်းဝင်ကုမ္ပဏီအနေနဲ့ လာအိုက ခုနစ်ခုပဲရှိတယ်။ ကမ္ဘောဒီးယားက ငါးခုပဲရှိတယ်။ အခုကျွန်မတို့ကတော့ လောလောဆယ် နှစ်နှစ်ကျော် သုံးနှစ်ခန့်မှာ စာရင်းဝင်ကုမ္ပဏီ ငါးခုရှိတယ်ဆိုတော့ အခြေအနေမဆိုးဘူးလို့ ပြောရမှာပါ။

စာမျက်နှာ ၁၁ သို့ ✪

တောင်သူဦးကြီးများသို့ အသိပေးကြေညာချက်

၁။ ကုမ္ပဏီအချို့မှ ငွေချေးငှားခွင့် လိုင်စင်ခွင့်ပြုချက်မရှိဘဲ လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ပုံစံ-၇ မိတ္တူရယူပြီး ၁၀ ကေလျှင်ငွေ ၅ သိန်း၊ ၁၀ သိန်းချေးပေးမည်ဆိုကာ ဝန်ဆောင်ခ ၁ ကေ ကျပ် ၅၀၀၀၊ ၁၀၀၀၀၊ ၁၅၀၀၀ နှုန်းကောက်ခံနေကြောင်း သတင်းများရှိနေ၍ တောင်သူများ လိမ်ညာမှုမခံရစေရေး သတိပြုနိုင်ရန်နှင့် အဆိုပါလိမ်ညာသည့် ကုမ္ပဏီ၊ လုပ်ပုဂ္ဂိုလ်များကို အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနက ၁၆. ၆. ၂၀၁၈ ရက်နေ့တွင် **"တောင်သူဦးကြီးများသို့ အသိပေးကြေညာချက်"** အား နိုင်ငံပိုင်သတင်းစာများမှနေ၍ အသိပေးကြေညာခဲ့ပါသည်။

၂။ သို့ရာတွင် ကုမ္ပဏီအချို့အနေဖြင့် တောင်သူများအား မက်လုံးပေး၍ အယုံသွင်းလိမ်ညာမှုများ ပြုလုပ်ခဲ့သည်ကို အောက်ပါအတိုင်း တွေ့ရှိရပါသည်-

စဉ်	ကုမ္ပဏီအမည်	ဆောင်ရွက်သည့် မြို့နယ်
(က)	ရွှေသစ္စာမြေကုမ္ပဏီ	ပျဉ်းမနား၊ တောင်သာ၊ ကျောက်ပန်းတောင်း၊ မြောင်းမြ၊ ဝါးခယ်မမြို့နယ်များ
(ခ)	ဓနတိုးဝင်းအောင်ကုမ္ပဏီ	မိုးညှင်း၊ မိုးကောင်း၊ ပုလဲ၊ ရေနံချောင်း၊ တောင်တွင်းကြီး၊ ဇေယျာသီရိ၊ ကျောက်ဆည်မြို့နယ်များ
(ဂ)	Genral Star ကုမ္ပဏီ	တောင်ငူ၊ ဝမ်းတွင်း၊ ရွာငံမြို့နယ်များ
(ဃ)	Phyo Thet Aung ကုမ္ပဏီ	မြစ်သားမြို့နယ်

၃။ အဆိုပါကုမ္ပဏီများကို ထိရောက်စွာအရေးယူဆောင်ရွက်ရန်အတွက် ပြည်ထဲရေးဝန်ကြီးဌာန၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်နှင့် သက်ဆိုင်ရာတိုင်းဒေသကြီးအစိုးရများ၊ လက်အောက်ခံဌာနများ ညှိနှိုင်း၍ တောင်သူများ၏ ပူးပေါင်းပါဝင်မှုဖြင့် ဆောင်ရွက်လျက်ရှိပြီး ရွှေသစ္စာမြေကုမ္ပဏီကို အမှုဖွင့်လှစ်တရားစွဲဆို ဆောင်ရွက်ထားရှိပြီးဖြစ်ပါသည်။

၄။ သို့ပါ၍ တောင်သူများအနေဖြင့် ငွေရေးကြေးရေးအဖွဲ့အစည်းများ ဥပဒေအရခွင့်ပြုချက် ငွေချေးလုပ်ကိုင်ခွင့်လိုင်စင်၊ ခွင့်ပြုချက်မရှိဘဲ လိမ်ညာလုပ်ကိုင်နေသူကုမ္ပဏီ၊ လူပုဂ္ဂိုလ်တချို့၏ အယုံသွင်းလိမ်ညာမှု မခံရစေရေး သတိပြုရှောင်ရှားနိုင်ရန်နှင့် မိမိတို့ရပ်ရွာဒေသအတွင်း အဆိုပါ အလိမ်အညာကုမ္ပဏီများ၊ လူပုဂ္ဂိုလ်များ ဝင်ရောက်လာပါက ကျေးရွာ၊ ရပ်ကွက်၊ မြို့နယ်အုပ်ချုပ်ရေးမှူးများ၊ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မန်နေဂျာများ၊ ငွေရေးကြေးရေးစစ်ဆေးရေးဦးစီးဌာန ဦးစီးမှူးများထံ ချက်ချင်းသတင်းပို့ခြင်း၊ ငွေကြေးပေးအပ်ပြီးဖြစ်ပါက တရားစွဲဆိုခြင်းနည်းလမ်းများဖြင့် ထိထိရောက်ရောက် ပူးပေါင်းကူညီဆောင်ရွက်ကြပါရန် ထပ်မံအသိပေးကြေညာအပ်ပါသည်။

စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန

ဒေသခံတောင်သူများ၏ စိုက်ပျိုးရေးခက်ခဲမှု ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေး

ထန်းတပင် အောက်တိုဘာ ၃

ရန်ကုန်မြောက်ပိုင်းခရိုင် ထန်းတပင်မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဆောင်ရွက်ထားရှိသည့် ဘက်စုံအဆင့်မြှင့်နည်းပညာသုံး စံပြကျေးရွာ ဆောင်ရွက်ထားရှိမှု အခြေအနေများအား စိုက်ပျိုးရေးဦးစီးဌာနမှ ကွင်းဆင်းပြီး ဒေသခံတောင်သူများအား တွေ့ဆုံဆွေးနွေးခြင်းကို အောက်တိုဘာ ၂ ရက် နံနက် ၉ နာရီက ရေပေါ်သောင်ကျေးရွာရှိ ကျေးရွာဘက်စုံသုံး နည်းပညာပေးစခန်း၌ ကျင်းပသည်။

တွေ့ဆုံပွဲတွင် စိုက်ပျိုးရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအေးကိုကိုက ရေပေါ်သောင်ကျေးရွာအုပ်စုရှိ ဒေသခံတောင်သူများ၏ အခက်အခဲများအား တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်း ဖြေရှင်းဆောင်ရွက်ပေးခဲ့သည်။

ဆက်လက်၍ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအေးကိုကိုနှင့် တာဝန်ရှိသူများသည် ရေပေါ်သောင်ကျေးရွာအုပ်စုအတွင်းရှိ ဘက်စုံအဆင့်မြှင့်နည်းပညာသုံး စံပြကျေးရွာ ဆောင်ရွက်ထားရှိမှု အခြေအနေများနှင့် ဒေသခံတောင်သူများ၏ မိုးစပါး ၃၈၁ ကေ စိုက်ပျိုးဆောင်ရွက်ထားရှိမှုအခြေအနေများကို ကွင်းဆင်းကြည့်ရှုခဲ့ကြကြောင်း သိရသည်။

ဇင်မင်းထိုက်(ပြန်/ဆက်)

◎ စာမျက်နှာ ၁၀ မှ

ဦးဌေးချွန်။ ။အရှိန်အဟုန်နဲ့ တိုးတက်လာဖို့ လုပ်တဲ့အခါမှာ ဘယ်လိုအချက်တွေက အဓိက ဆောင်ရွက်ခဲ့လို့လဲဆိုတာ ဖြည့်စွက်ပြောပြပေးပါ။

ဒေါ်တင်မေဦး။ ။အတိုချုပ်ပြောရရင် နိုင်ငံတော်ရဲ့ သဘောထားဆန္ဒ (Willingness) အပေါ်မှာ မူတည်ပါတယ်။ ဗီယက်နမ်နိုင်ငံမှာ နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းတွေကို စာရင်းဝင်ကုမ္ပဏီဖြစ်စေဖို့ အဓိန့်နဲ့ ဆောင်ရွက်စေခဲ့တာကို တွေ့ရပါတယ်။ State Economic Enterprise (SEE) တွေကို ကော်ပိုရေးရှင်းအသွင်ပြောင်းခိုင်းပြီး စတော့အိတ်ချိန်းမှာ စာရင်းဝင်ခိုင်းတာကိုတွေ့ရတယ်။

အခုအခါ ဗီယက်နမ်မှာ စာရင်းဝင်ကုမ္ပဏီ ၇၅၀ ကျော်ရှိပါတယ်။ စတော့အိတ်ချိန်း စစချင်းအချိန်က စာရင်းဝင်ကုမ္ပဏီ ငါးခုသာရှိခဲ့ပါတယ်။ ထိုင်းနဲ့ကွာတာက ထိုင်းနိုင်ငံမှာ အထက်အဖွဲ့အစည်းတွေအကုန်လုံးက စတော့အိတ်ချိန်း စီးပွားရေးဖွံ့ဖြိုးမှုရဲ့ အဓိကယန္တရား (Engine of Growth) ကို ကိုင်စွဲပြီး မဖြစ်မနေ လိုအပ်သမျှကို အားလုံးပံ့ပိုးပေးတာကို တွေ့ရပါတယ်။ အထောက်အကူပြုအဖွဲ့အစည်းတွေအဖြစ် Bond Market Association၊ Securities Association တွေလို အဖွဲ့အစည်းတွေကိုလည်း ဖွဲ့စည်းပေးခဲ့ပါတယ်။ နိုင်ငံခြားသားတွေ လွယ်ကူစွာအရောင်းအဝယ် ဆောင်ရွက်နိုင်ဖို့ အတွက်လည်း ဖန်တီးပေးထားတာကို တွေ့ရပါတယ်။

ဦးဌေးချွန်။ ။နိုင်ငံတစ်ခုနဲ့တစ်ခုက အခြေအနေချင်း မတူကြပါဘူး။ ဗီယက်နမ်နိုင်ငံဆိုရင် နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းတွေ အများကြီးရှိတယ်။ နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းတွေကလည်း စာရင်းဝင်ကုမ္ပဏီတွေဖြစ်လာတယ်။ နဂိုထဲက နိုင်ငံပိုင်ဆိုတော့ လူတွေကလည်း ယုံကြည်ကြတယ်။ ဒီအပေါ်မှာ ရင်းနှီးမြှုပ်နှံဖို့ ဝန်မလေးတာကိုတွေ့ရတယ်။

ထိုင်းကတော့ ကော်ပိုရိတ်အလေ့အထ(Corporate Culture)ကောင်းတယ်။ နိုင်ငံတကာစံနှုန်း (International Standard) နဲ့အညီဖွဲ့ထားတဲ့ ကုမ္ပဏီတွေများတယ်။ နိုင်ငံစုံကော်ပိုရေးရှင်း(Multinational Corporation) တွေများတယ်။ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုစီးဝင်တာတွေလည်း အများကြီးရှိတယ်။ သူ့ရဲ့စီးပွားရေးက တော်တော်လေးတောင့်တင်းနေတော့ ဖွံ့ဖြိုးဖို့ဆိုတာ သိပ်ပြီးတော့ မခက်ခဲတော့ဘူး။

အစိုအစဉ်မှူး။ ။ရန်ကုန်စတော့အိတ်ချိန်းမှာ စာရင်းဝင်ကုမ္ပဏီမဟုတ်တဲ့ အများပိုင်ကုမ္ပဏီတွေအနေနဲ့ အများပြည်သူကို အစုရှယ်ယာကမ်းလှမ်းရောင်းချနိုင်ပါသလား။ စာရင်းဝင်ကုမ္ပဏီတွေနဲ့ စာရင်းဝင်မဟုတ်တဲ့ ကုမ္ပဏီတွေရဲ့ကွာခြားချက်ကို ပြောပြပေးစေလိုပါတယ်။

ဦးဌေးချွန်။ ။အများနဲ့ သက်ဆိုင်သောကုမ္ပဏီတစ်ခုဟာ ရန်ကုန်စတော့အိတ်ချိန်းမှာ စာရင်းဝင်ကုမ္ပဏီမဟုတ်သော်လည်း အများပြည်သူကို အစုရှယ်ယာဖိတ်ခေါ်ခွင့်ရှိပါတယ်။ ဒါကတော့ ကုမ္ပဏီဥပဒေအရ ဖွဲ့စည်းတည်ထောင်ထားတဲ့ အများနဲ့သက်ဆိုင်သော ကုမ္ပဏီတွေအတွက် ဆောင်ရွက်ခွင့်ရှိတဲ့ကိစ္စပါပဲ။ ငွေချေးသက်သေခံလက်မှတ်များ လဲလှယ်ရောင်းဝယ်ရေးဥပဒေ မပေါ်ခင် ငွေချေးသက်သေခံလက်မှတ် လုပ်ငန်းကြီးကြပ်ရေးကော်မရှင် မပေါ်သေးတဲ့အချိန်ကကိစ္စ ဖြစ်ပါတယ်။ အများနဲ့သက်ဆိုင်သောကုမ္ပဏီတွေဟာ ကုမ္ပဏီဥပဒေအရ အလားအလာညွှန်းတမ်းပြုစုပြီး ရင်းနှီးမြှုပ်နှံမှုနဲ့ ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနမှာ အတည်ပြုပြီး အစုရှယ်ယာဖိတ်ခေါ်ခွင့်ရှိခဲ့ပါ တယ်။

ကျွန်တော်တို့ SECM ပေါ်လာပြီးနောက်ပိုင်းမှာ ငွေချေးသက်သေခံလက်မှတ်များ လဲလှယ်ရောင်းဝယ်ရေးဥပဒေ ပုဒ်မ ၃၅ အရ အများနဲ့သက်ဆိုင်သော ကုမ္ပဏီတွေဟာ အများပြည်သူကို အစုရှယ်ယာကမ်းလှမ်းဖိတ်ခေါ်မယ်ဆိုရင် ကော်မရှင်ထံ အလားအလာညွှန်းတမ်းတင်ပြ အတည်ပြုချက်ရယူရမှာ ဖြစ်ပါတယ်။ အတည်ပြုချက်ယူပြီးရင် ကုမ္ပဏီဥပဒေအရ ရင်းနှီးမြှုပ်နှံမှုနဲ့ ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနမှာ မှတ်ပုံတင်ပြီး အစုရှယ်ယာဖိတ်ခေါ်ခွင့်ရှိပါတယ်။

ရန်ကုန်စတော့အိတ်ချိန်းမှာ စာရင်းဝင်မယ်ဆိုရင် တော့ စာရင်းဝင် "စံ" သတ်မှတ်ချက် (Listing Criteria) တွေနဲ့ ကိုက်ညီဖို့လိုပါတယ်။ TMH Telecom Public Co., Ltd ကဲ့သို့ အများပြည်သူကို အစုရှယ်ယာဖိတ်ခေါ်မှု (Public Offering) နဲ့အတူ တစ်ပြိုင်နက်တည်း စာရင်းဝင်လို့ရပါတယ်။ နှစ်မျိုးစလုံး လုပ်လို့ရပါတယ်။ ဥပဒေ နှစ်ခုနဲ့ သက်ဆိုင်ပါတယ်။ မြန်မာနိုင်ငံကုမ္ပဏီများဥပဒေပါ ပြဋ္ဌာန်းချက်ရော ငွေချေးသက်သေခံလက်မှတ်များ လဲလှယ်ရောင်းဝယ်ရေးဥပဒေပါပြဋ္ဌာန်းချက် နှစ်ခုစလုံးကို လိုက်နာပြီးတော့ ဆောင်ရွက်ကြရပါတယ်။

ဒုတိယမေးခွန်းက စတော့အိတ်ချိန်း စာရင်းဝင်ကုမ္ပဏီတွေနဲ့ စာရင်းဝင်မဟုတ်တဲ့ ကုမ္ပဏီတွေရဲ့ကွာခြားချက်ကတော့ စာရင်းဝင်ကုမ္ပဏီဖြစ်ဖို့ Listing Criteria ကိုလည်း ကျော်ဖြတ်ရပါတယ်။ ငွေချေးသက်သေခံလက်မှတ် ကုမ္ပဏီတွေကတစ်ဆင့် စာရင်းဝင်ဖို့လိုအပ်တဲ့ အချက်အလက်တွေ စာရွက်စာတမ်းတွေနဲ့ ရန်ကုန်စတော့အိတ်ချိန်းကို တင်ပြရပါတယ်။

ရင်းနှီးမြှုပ်နှံသူဟာ စတော့အိတ်ချိန်းကတစ်ဆင့် စာရင်းဝင်ကုမ္ပဏီရဲ့ သတင်းအချက်အလက်တွေကို သေသေချာချာရယူနိုင်ပြီး သတင်းအချက်အလက် ပြည့်စုံစွာနဲ့ ရင်းနှီးမြှုပ်နှံမှုပြုလုပ်ရန် ဆုံးဖြတ်နိုင်ပါတယ်။

အစိုအစဉ်မှူး။ ။ရန်ကုန်စတော့အိတ်ချိန်း ဈေးကွက်မှာ စာရင်းဝင်ကုမ္ပဏီတွေ များပြားလာဖို့အတွက် ဘယ်လိုတွေလုပ်ဆောင်ရမလဲဆိုတာ ရှင်းပြပေးစေလိုပါတယ်။

ဦးဝင်းနိုင်ဦး။ ။စောစောကပြောတဲ့ အထဲမှာလည်း တော်တော်များများ ပါသွားပါပြီ။ အရင်းအနှီးဈေးကွက်တစ်ခု ဖွံ့ဖြိုးတိုးတက်ဖို့ဆိုရင် အားကောင်းမောင်းသန်ရှိတဲ့ တောင့်တင်းခိုင်မာတဲ့ စာရင်းဝင်ကုမ္ပဏီတွေရှိဖို့က အင်မတန်မှ အရေးကြီးပါတယ်။ ဒါမှလည်း အားကောင်းမောင်းသန်ရှိတဲ့ အကျိုးအမြတ်ရှိတဲ့ စာရင်းဝင်ကုမ္ပဏီတွေများလာရင် ရင်းနှီးမြှုပ်နှံသူဘက်က ရွေးချယ်စရာ အခွင့်အလမ်းတွေ ပိုများလာမယ်၊ စိတ်ဝင်စားလာကြမယ်၊ ဈေးကွက်ဆွဲဆောင်မှု ရှိလာမယ်။ ဆွဲဆောင်မှုရှိလာရင် ဈေးကွက်ကလည်း ကြီးထွားလာမှာ ဖြစ်ပါတယ်။

ရန်ကုန်စတော့အိတ်ချိန်းအနေနဲ့ LIST for Myanmar's Future (Listing + Investment Strategy and Timeline) အစီအစဉ်တစ်ခု ဆောင်ရွက်ထားပါတယ်။ စတော့အိတ်ချိန်းမှာ စာရင်းဝင်ကုမ္ပဏီတွေ တိုးပွားလာစေရေးရည်ရွယ်ချက်နဲ့ ဆောင်ရွက်တာပါ။ ရည်ရွယ်ချက်အရ ဒီအစီအစဉ်မှာ မြန်မာ-ဂျပန် ပူးတွဲပြီး ကော်မတီတစ်ခု ဖွဲ့စည်းထားတယ်။ ကော်မတီအနေနဲ့ Special Task Force ကို ဖွဲ့စည်းထားပါတယ်။ Special Task Force ရဲ့ တာဝန်ကတော့ ဒီဈေးကွက်ထဲမှာ စာရင်းဝင်ကုမ္ပဏီတွေများလာဖို့၊ ဈေးကွက်ကျယ်ပြန့်လာဖို့အတွက် ရည်ရွယ်တာပါ။

Special Task Force က အလားအလာရှိတဲ့ ကုမ္ပဏီကြီးတွေကိုသွားပြီး လေ့လာတယ်။ စစ်တမ်းကောက်တယ်။ သူတို့တွေ Initial Public Offering လုပ်ဖို့အတွက် ဘာတွေလိုအပ်သလဲ၊ စာရင်းဝင်တဲ့အဆင့်ရောက်ဖို့အတွက် ဘာတွေလိုသလဲ၊ ဘာတွေ ကူညီပံ့ပိုးဖို့လိုသလဲဆိုတာ လေ့လာတယ်။ လေ့လာတဲ့အခါမှာ ကျွန်တော်တို့ စောစောက ပြောခဲ့သလို အများနဲ့သက်ဆိုင်သောကုမ္ပဏီ ၃၃၀ ခန့်ရှိတဲ့အထဲမှာ ၁၀၀ ကျော်ကို လေ့လာပြီးပြီ။ ဒီ ၁၀၀ ကျော်ထဲကမှ ပိုကောင်းတဲ့ ၄၀ ကို ရွေးထုတ်လိုက်တယ်။

အဲဒီအထဲကမှ ကောင်းတဲ့ ၂၀ ကို ထပ်ရွေးပြီး သူတို့ကို စာရင်းဝင်ကုမ္ပဏီတွေဖြစ်လာအောင် လိုအပ်တဲ့ ပံ့ပိုးကူညီမှုတွေ ဆောင်ရွက်ပေးနေပါတယ်။ ဒါကြောင့် ဒီနှစ်ထဲမှာ စာရင်းဝင်ကုမ္ပဏီတွေ တိုးပွားလာမယ်၊ စတော့ဈေးကွက်ကြီး တိုးတက်ဖွံ့ဖြိုးလာမယ်လို့ ပြောကြားလိုပါတယ်။

အစိအစဉ်မှူး။ ။MSEC အနေနဲ့ အရင်းအနှီးဈေးကွက် စတင်တည်ထောင်ဖို့ ကနဦးဖွဲ့စည်းခဲ့တဲ့ အဖွဲ့အစည်းလည်းဖြစ်တယ်။ ဈေးကွက်မှာ ပထမဦးဆုံး Initial Public Offering (IPO) လုပ်ငန်းကို တာဝန်ယူဆောင်ရွက်ပေးနေတဲ့ အတွေ့အကြုံလည်းရှိခဲ့ပြီဆိုတော့ နောက်ထပ် စာရင်းဝင်ကုမ္ပဏီဖြစ်ဖို့ ဆောင်ရွက်နေတဲ့ကုမ္ပဏီတွေအနေနဲ့ ဘယ်လိုတွေကြုံတင် ဆောင်ရွက်ထားသင့်သလဲဆိုတဲ့ အချက်တွေကိုလည်း သိပါရစေ။

ခေါ်ယဉ်မြတ်မင်း။ ။ပုဂ္ဂလိကကုမ္ပဏီ (Private Company) တွေအနေနဲ့ ပုဂ္ဂလိကကုမ္ပဏီကနေ အများနဲ့သက်ဆိုင်သောကုမ္ပဏီ (Public Company) အဖြစ် အရင်ဦးဆုံးပြောင်းရပါမယ်။ အဲဒီဟာ တစ်ချက်ပေါ့။ ကုမ္ပဏီတွေအနေနဲ့ ဘဏ္ဍာရေးရှင်းတမ်း (Financial Statements)တွေကို မြန်မာနိုင်ငံစာရင်းကိုင်စံ၊ ဘဏ္ဍာရေး အစီရင်ခံခြင်းဆိုင်ရာစံ (Myanmar Financial Reporting Standard–MFRS)၊ အပြည်ပြည်ဆိုင်ရာ စာရင်းကိုင်စံ၊ ဘဏ္ဍာရေးအစီရင်ခံခြင်းဆိုင်ရာစံ (International Financial Reporting Standard –IFRS) သတ်မှတ်ချက်တွေနဲ့အညီ ပြင်ဆင်ထားရပါမယ်။ အဲဒီနှစ်ချက်ကတော့ ရန်ကုန်စတော့အိတ်ချိန်းက သတ်မှတ်ထားတဲ့ စာရင်းဝင် စံသတ်မှတ်ချက် ၁၇ ချက်ထဲမှာ ပါဝင်တဲ့ အရေးပါတဲ့အချက်တွေဖြစ်ပါတယ်။ ဒီအချက်တွေအပြင် စာရင်းဝင်လိုတဲ့ကုမ္ပဏီက လုပ်ငန်းလုပ်ဖို့ ထည့်ဝင်ထားတဲ့ ရင်းနှီးငွေ (Paid-up Capital)က အနည်းဆုံး ကျပ်သန်း ၅၀၀ ရှိရပါမယ်။ အစုရှယ်ယာရှင် အရေအတွက် အနည်းဆုံး ၁၀၀ ရှိရပါမယ်။ နောက်တစ်ခုက လုပ်ငန်းလုပ်ကိုင်တဲ့ ဘဏ္ဍာနှစ် နှစ်နှစ်ပေါင်းရဲ့ဘဏ္ဍာရေးရှင်းတမ်းက အမြတ် (Profit) ထွက်ရပါမယ်။

နောက်တစ်ချက်က အားလုံးပြောတဲ့အထဲမှာလည်း ပါပါတယ်။ ကော်ပိုရိတ် စီမံအုပ်ချုပ်မှုစနစ် (Corporate Governance)ပေါ့။ ဒါလည်း အရေးကြီးပါတယ်။ ပြင်ဆင်ထားရမယ်။ ကုမ္ပဏီတစ်ခုအနေနဲ့ စာရင်းဝင်ဖို့ဆောင်ရွက်တဲ့အခါမှာ ကျွန်မတို့လို ငွေချေးသက်သေခံလက်မှတ် လုပ်ငန်းအပြင် ဥပဒေအကြံပေးလုပ်ငန်း (Law Firm) တွေ၊ စာရင်းစစ်လုပ်ငန်း (Audit Firm) တွေနဲ့ပါ ပူးပေါင်းဆောင်ရွက်ရမှာဖြစ်ပါတယ်။ ကျွန်မတို့ ဒီအဖွဲ့အစည်းလေးခုဟာ အတိုင်အဖောက်ညီညီနဲ့ စာရင်းဝင်တဲ့ Process ကို ပြီးမြောက်အောင်အထိ ဆောင်ရွက်ရမှာဖြစ်ပါတယ်။ အဲဒီတော့ ဥပဒေအကြံပေးလုပ်ငန်း (Law Firm) အနေနဲ့က ဘယ်လိုပါဝင်လာသလဲဆိုရင် စာရင်းဝင်လိုတဲ့ ကုမ္ပဏီတွေက သူ့ရဲ့စတော့ရှယ်ယာတွေကို ရောင်းမယ်။ ရန်ကုန်စတော့အိတ်ချိန်းမှာ စာရင်းဝင်လိုတယ်ဆိုရင် သူ့ရဲ့ လုပ်ငန်းဆိုင်ရာ သတင်းအချက်အလက်၊ ဘဏ္ဍာရေးဆိုင်ရာ အချက်အလက်အစရှိတဲ့ သတင်းအချက်အလက်တွေပါတဲ့ အလားအလာညွှန်းတမ်း (Prospectus)ကို ရေးဆွဲပြင်ဆင်ရပါတယ်။ အဲဒီအလားအလာညွှန်းတမ်း (Prospectus) ထဲမှာ သတင်းအချက်အလက်တွေကို ပွင့်လင်းမြင်သာမှု(Transparency)ရှိရှိ ရင်းနှီးမြှုပ်နှံမယ့်သူတွေကို ထုတ်ဖော်ပြသရပါတယ်။ အဲဒီ Process ကို လုပ်တဲ့ အဖွဲ့အစည်းကတော့ ဥပဒေအကြံပေးလုပ်ငန်း (Law Firm) ဖြစ်ပါတယ်။ ဒါပေမယ့် ကျွန်မတို့ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကုမ္ပဏီကလည်း ဘဏ္ဍာရေးဆိုင်ရာ အချက်အလက်တွေ၊ လုပ်ငန်းဆောင်ရွက်မှုဆိုင်ရာ သတင်းအချက်အလက်တွေနဲ့ပတ်သက်တဲ့ စစ်ဆေးမေးမြန်းမှုတွေ လုပ်ရပါတယ်။ စာရင်းစစ်လုပ်ငန်း (Audit Firm) အနေနဲ့ကလည်း စာရင်းစစ်စံတွေအတိုင်း ဘဏ္ဍာရေးရှင်းတမ်းတွေကို စစ်ဆေးကြရပါတယ်။

အဲဒီတော့ ကျွန်မတို့အဖွဲ့အစည်း လေးခုဟာဆိုရင် တက်ညီလက်ညီနဲ့ ဒီစတော့အိတ်ချိန်းမှာ စာရင်းဝင်ဖို့အတွက် အတူတကွ ပူးပေါင်းဆောင်ရွက်ရပါတယ်။ အဲဒီလိုဆောင်ရွက်တဲ့အခါ ကျွန်မတို့အဖွဲ့အစည်း သုံးခုဖြစ်တဲ့ ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီ (Securities Company)၊ ဥပဒေအကြံပေးအဖွဲ့အစည်း (Law Firm) နဲ့ စာရင်းစစ်လုပ်ငန်း (Audit Firm) တွေက လိုအပ်တဲ့ စာရွက်စာတမ်းတွေကို စာရင်းဝင်လိုတဲ့ ကုမ္ပဏီဆီက တောင်းခံပါတယ်။ အဲဒီလိုတောင်းခံတဲ့အခါမှာ စာရင်းဝင်လိုတဲ့ ကုမ္ပဏီက အဖွဲ့တစ်ဖွဲ့ကို ဖွဲ့ထားရပါတယ်။ သူတို့ကုမ္ပဏီအနေနဲ့ အဲဒီအဖွဲ့ထဲမှာ ဆုံးဖြတ်ချက်ချပေးနိုင်တဲ့သူ (Decision Maker) ပါဖို့လိုပါတယ်။ ဘာလို့လဲဆိုတော့ ကျွန်မတို့က သူတို့ရဲ့ အရေးကြီးတဲ့သတင်းအချက်အလက်တွေ (Confidential Data)တွေကို တောင်းမှာဖြစ်ပါတယ်။ အဲဒီအခါကျရင် သူတို့က မြန်မြန်ဆန်ဆန် ပေးနိုင်ဖို့အတွက် ဆုံးဖြတ်ချက်ချပေးနိုင်တဲ့သူ (Decision Maker) ပါမှသာလျှင် ဒီအဖွဲ့က ကျွန်မတို့ လိုအပ်တာကို မြန်မြန်ပေးနိုင်မှာဖြစ်ပါတယ်။

(ဆက်လက်ဖော်ပြပါမည်)

သမ္မတထရန့်နှင့် ပင်တဂွန်ဌာနချုပ်တို့သို့ လိပ်မူသည့် စာအိတ်နှင့် အထုပ်များတွင် ရီဆင်အဆိပ်ပါဝင်ဟု သံသယရှိ

ဝါရှင်တန် အောက်တိုဘာ ၃

လူသေစေနိုင်သည့် ရီဆင်အဆိပ်ပါဝင်သည်ဟု သံသယရှိသော စာအိတ်တစ်လုံးကို အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်ထံလိပ်မူ၍လည်းကောင်း၊ အထုပ်နှစ်ထုပ်ထက်မနည်းကို ပင်တဂွန်စစ်ဌာနချုပ်ထံ လိပ်မူ၍လည်းကောင်း ပေးပို့ခဲ့သည်ကို ရှာဖွေဖော်ထုတ်နိုင်ခဲ့ကြောင်း တာဝန်ရှိသူများက အောက်တိုဘာ ၂ ရက်တွင် ပြောကြားကြသည်။

အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်ထံ လိပ်မူထားသည့် သံသယဖြစ်ရသော စာအိတ်တစ်လုံးကို အောက်တိုဘာ ၁ ရက်တွင် လျှို့ဝှက်ထောက်လှမ်းရေးဌာနက လက်ခံရရှိခဲ့ကြောင်း၊ ယင်းနေ့မှာပင် ပင်တဂွန်စစ်ဌာနချုပ်၏ စာတိုက် စစ်ဆေးရေးဌာနတွင် သက်ဝင်းဖွယ်ရာ အထုပ်နှစ်ထုပ်ထက်မနည်းကို ကြားဖြတ်စစ်ဆေးတွေ့ရှိရကြောင်း ကာကွယ်ရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။

ယင်းစာအိတ်ကို အိမ်ဖြူတော်က လက်ခံရရှိခြင်းမရှိကြောင်း၊ ယင်းစာအိတ်ကို အိမ်ဖြူတော်သို့ ရောက်ရှိစေမည်မဟုတ်ကြောင်း အမေရိကန်လျှို့ဝှက်ထောက်လှမ်းရေးဌာနက ပြောကြားသည်။

ယင်းကိစ္စရပ်နှင့်ပတ်သက်၍ အတည်ပြုနိုင်ရေးအတွက် မိမိတို့၏လုပ်ဖော်ကိုင်ဖက်တရားဥပဒေဗိုးမိုးရေး အဖွဲ့များနှင့် ပူးပေါင်းစုံစမ်း စစ်ဆေးမှုများ အပြည့်အဝလုပ်ဆောင်နေကြောင်း လျှို့ဝှက်ထောက်လှမ်းရေးဌာနက ပြောကြားသည်။ ပင်တဂွန်စစ်ဌာနချုပ်၏စာတိုက် စစ်ဆေးရေးဌာန တာဝန်ရှိသူများက သက်ဝင်းဖွယ်ရာ အထုပ်များလက်ခံရရှိထားကြောင်း ပင်တဂွန်၏ ပြောရေးဆိုခွင့်ရှိသူ ခရစ္စရှားဝုဒ်က ပြောကြားသည်။ ယင်းအထုပ်များတွင် ရီဆင်အဆိပ်ပါရှိသည်ဟု သံသယရှိကြောင်း ၎င်းကဆက်လက်ပြောကြားသည်။

သက်ဝင်းဖွယ်ရာ အထုပ်များအတွင်း ရီဆင်အဆိပ်ပါရှိကြောင်း အတည်ပြုချက်ရရှိရန် စောင့်ဆိုင်းနေပြီး စုံစမ်းစစ်ဆေးမှုပြုလုပ်နိုင်ရန်ပင်တဂွန်ရဲအဖွဲ့က ပြည်ထောင်စုစုံစမ်းစစ်ဆေးရေးဗျူရို(အက်ဖ်ဘီအိုင်)ထံသို့ လွှဲအပ်ထားသည်။

ယင်းသက်ဝင်းဖွယ်အထုပ်များကို အမေရိကန်ကာကွယ်ရေးဝန်ကြီး ဂျင်မက်တစ်နှင့် ရေတပ်ဦးစီးချုပ် ဂျွန်ရစ်ချက်ဆန်တို့ထံ လိပ်မူထားကြောင်း ကာကွယ်ရေးဌာနတာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

အေအက်ဖ်ပီ

မာယာပင်လယ်အော်သို့ ကမ္ဘာလှည့်များလာရောက်မှု ကာလအကန့်အသတ်မရှိ ပိတ်ပင်လိုက်ပြီ

ဗန်ကောက် အောက်တိုဘာ ၃

ထိုင်းနိုင်ငံရှိ နာမည်ကျော် ပင်လယ်ကမ်းခြေအပန်းဖြေစခန်းတည်ရှိရာ မာယာပင်လယ်အော်၌ ကမ္ဘာလှည့် ခရီးသွားလုပ်ငန်း လုပ်ကိုင်ခြင်းကို ကာလအကန့်အသတ်မရှိ ပိတ်ထားရန် အာဏာပိုင်များက ညွှန်ကြားလိုက်ပြီဖြစ်ကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက အောက်တိုဘာ ၃ ရက်တွင် သတင်းထုတ်ပြန်သည်။

အကန့်အသတ်မရှိပိတ်

ထိုင်းနိုင်ငံ၏ ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းတွင် ရေပန်းအစားဆုံး ပင်လယ်ကမ်းခြေများအနက် ကမ်းခြေတစ်ခုအဖြစ် ပါဝင်သော မာယာပင်လယ်အော်ကို ကာလအကန့်အသတ်မရှိ ပိတ်ထားမည်ဖြစ်ကြောင်း အမျိုးသားဥယျာဉ်များ၊ တောရိုင်းတိရစ္ဆာန်များနှင့် တောရိုင်းအပင်များ ထိန်းသိမ်းစောင့်ရှောက်ရေးဌာနက အောက်တိုဘာ ၂ ရက်တွင် ထုတ်ပြန်ကြေညာခဲ့သည်။

လီယိုနာဒို ဒီဇင်ကာပရီယို ပါဝင်သရုပ်ဆောင်သော "ပင်လယ်ကမ်းခြေ"အမည်ရှိ ရုပ်ရှင်ဇာတ်ကားတွင် ဇာတ်ဝင်ခန်းအဖြစ် ပါရှိရာမှ ကမ္ဘာကျော်ခဲ့ရသည့် မာယာပင်လယ်အော်၏ ဂေဟစနစ်များ ပြန်လည်နာလန်ထူလာနိုင်စေရေးအတွက် ယင်းဒေသ၌ ကမ္ဘာလှည့်ခရီးသွားလုပ်ငန်း လုပ်ကိုင်ခြင်းကို ကာလအကန့်အသတ်မရှိ ရပ်ဆိုင်းထားရန် ညွှန်ကြားထားကြောင်း အာဏာပိုင်များက ပြောကြားကြသည်။

ကမ္ဘာလှည့်များဆွဲဆောင်

မာယာပင်လယ်အော်သည် ကပ္ပလီပင်လယ်တွင်းရှိ ဖီဖီလာကျွန်းတွင် တည်ရှိသည်။ ၂၀၀၀ ပြည့်နှစ်က ပေါ်ထွက်ခဲ့သော "ပင်လယ်ကမ်းခြေ"အမည်ရှိ ရုပ်ရှင်ဇာတ်ကားတွင် မာယာပင်လယ်အော်ကို ဆက်တင်ပြုလုပ်၍ ဇာတ်လမ်းဆင်ရိုက်ကူးခဲ့ရာ ကမ္ဘာကျော်ကြားခဲ့ပြီး နိုင်ငံတကာကမ္ဘာလှည့် ခရီးသည်များအား ဆွဲဆောင်နိုင်သော ပင်လယ်ကမ်းခြေတစ်ခုအဖြစ် သိရှိကြသည်။

မာယာပင်လယ်အော်ဒေသရှိ သန္တာကျောက်တန်းများကို ထိန်းသိမ်းစောင့်ရှောက်နိုင်ရန် ရည်ရွယ်လျက် ဇွန် ၁ ရက်မှစ၍ လေးလကြာမျှ ပိတ်ထားခဲ့သော ယင်းဒေသကို နောက်ထပ်အချိန်ကာလ အကန့်အသတ်မရှိ ပိတ်ထားရန် အာဏာပိုင်များက ညွှန်ကြားခဲ့သည်။ အပူချိန်မြင့်တက်လာမှုကြောင့် လည်းကောင်း၊ ကမ္ဘာလှည့်ခရီးသည်များ အရောက်အပေါက်များပြားခြင်းကြောင့်လည်းကောင်း သန္တာကျောက်တန်းများ ထိခိုက်ပျက်စီးလာခဲ့ရသည်ဆို၏။

မာယာပင်လယ်အော်သည် သာယာလှပသော ဖြူလွလွသဲသောင်ပြင် တည်ရှိခြင်းကြောင့် ကမ္ဘာလှည့်ခရီးသည်များ အလည်အပတ်လာရောက်ရန် အထူးဆွဲဆောင်နိုင်သည်။ နေ့စဉ် မာယာပင်လယ်ကမ်းခြေ ငွေသောင်ယံသို့ အလည်အပတ် လာရောက်သူပေါင်း ၆၀၀၀ အထိ ရှိသည်။ ဖီဖီလာကျွန်း၊ ဖူးခက်နှင့် ကုန်းမကြီးပေါ်ရှိ ခရာဘီမြို့တို့၏ အပန်းဖြေစခန်းများတည်ရှိရာ နေရာများမှ နေ၍ အမြန်မောင်း မော်တော်ဘုတ်ငယ်များဖြင့် မာယာပင်လယ်အော်သို့ နေ့စဉ် လာရောက်ကြလေ့ရှိသည်။

အေအက်ဖ်ပီ

အင်ဒိုနီးရှား၌ မြေငလျင်လှုပ်ခဲ့သည့် ဆူလာဝေစီကျွန်း မီးတောင်ပေါက်ကွဲမှု ဖြစ်ပွားပြန်

ဂျကာတာ အောက်တိုဘာ ၃

အင်အားပြင်းမြေငလျင်နှင့် ဆူနာမီရေလှိုင်းရိုက်ခတ်မှုတို့ကြောင့် လူပေါင်း ၁၄၀၀ ထက်မနည်း သေဆုံးစေခဲ့ရသည့် သဘာဝဘေးကျရောက်ခဲ့ကာ ဆူလာဝေစီကျွန်းတွင် အောက်တိုဘာ ၃ ရက်က နောက်ထပ်သဘာဝဘေးအန္တရာယ် ကျရောက်မှုအဖြစ် မီးတောင်ပေါက်ကွဲမှု ဖြစ်ပွားခဲ့ကြောင်း(**အောက်ပို့**) အင်ဒိုနီးရှားအစိုးရ၏ မီးတောင်ဗေဒပညာရှင်တစ်ဦးက ပြောကြားသည်။

ဆူလာဝေစီကျွန်းရှိ ဆိုပူတန်မီးတောင်သည် စက်တင်ဘာ ၂၈ ရက်က လှုပ်ခဲ့သော အင်အား ၇ ဒသမ ၅ ရှိ အင်အားပြင်း မြေငလျင်၏ အကျိုးဆက်တစ်ရပ်အဖြစ် ပေါက်ကွဲမှု ဖြစ်ပွားရသည်ဟု ယူဆရကြောင်း မီးတောင်ဗေဒနှင့် ဘူမိဗေဒဆိုင်ရာ သဘာဝဘေးအန္တရာယ် လျှော့ချရေး အေဂျင်စီအကြီးအကဲ လက်စတန်က သတင်းထောက်များအား ပြောကြားသည်။

ဆိုပူတန်မီးတောင်သည် ဩဂုတ်လမှစ၍ လှုပ်ရှားလာခဲ့ပြီး အောက်တိုဘာ ၃ ရက်တွင် ယင်းမီးတောင်မှ ပြာပူများကို မှုတ်ထုတ်ခဲ့ကြောင်း၊ မီးတောင်ပေါက်ကွဲမှု ဖြစ်ပွားသော်လည်း ဒေသခံများကို ဘေးကင်းရာသို့ရွှေ့ပြောင်းရန် ညွှန်ကြားခြင်း မရှိသေးကြောင်း ၎င်းက ပြောကြားသည်။

စက်တင်ဘာ ၂၈ ရက်က လှုပ်ခဲ့သော အင်အား ၇ ဒသမ ၅ ရှိ အင်အားပြင်း မြေငလျင်ကြောင့် လူပေါင်း ၁၄၀၇ ဦးသေဆုံးခဲ့ပြီး ၂၅၄၉ ဦး ပြင်းထန်စွာ ထိခိုက်ဒဏ်ရာများရရှိခဲ့သည်ဟု အင်ဒိုနီးရှား ဘေးအန္တရာယ်ကာကွယ်ရေး အေဂျင်စီက ဆိုသည်။

အဆိုပါ ငလျင်လှုပ်ခတ်မှုကြောင့် ဆူနာမီလှိုင်းများ၊ မြေပြိုမှုများနှင့် အပျက်အစီးအများအပြားကို ဖြစ်စေခဲ့ပြီး ယခုလောလောဆယ်တွင် လူပေါင်း ၇၀၀၀၀ ကျော်ကို ဘေးကင်းရာသို့ ရွှေ့ပြောင်းထားကြောင်း သိရသည်။

အင်ဒိုနီးရှားနိုင်ငံသို့ နိုင်ငံတကာက ကူညီထောက်ပံ့မှုများပေးလျက်ရှိသည်။ ယခုအချိန်တွင် နိုင်ငံပေါင်း ၁၇ နိုင်ငံ၏ ကူညီထောက်ပံ့မှုများကို ရရှိထားသည်ဟု အင်ဒိုနီးရှားအစိုးရက ဆိုသည်။ ဘေးအန္တရာယ်ဖြစ်ပွားသော နေရာများမှ ပြည်သူများအား ကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက်ရန် ဂျပန်၊ စင်ကာပူ၊ တောင်ကိုရီးယားနှင့် ဗြိတိန်နိုင်ငံများမှ လေယာဉ်များနှင့် ရဟတ်ယာဉ်များ လက်ခံရရှိထားကြောင်း သိရသည်။

အင်န်အိတ်ချ်ကေ၊ အေအက်ဖ်ပီ

အယ်နီညိုဖြစ်ခဲ့လျှင် အပူချိန် စံချိန်တင်မြင့်တက်ပြီး အပူဒဏ်ကို တစ်နိုင်ငံလုံးခံစားရမည်

ဒေါက်တာဦးထွန်းလွင်

ယခုလတ်တလော ဂျပန်နိုင်ငံတွင်ဖြစ်ပွားခဲ့သည့် အင်အားပြင်းတိုင်ဖုန်းမုန်တိုင်း၊ အင်ဒိုနီးရှားနိုင်ငံ ဆူနာမီဖြစ်ပွားမှုတို့နှင့်အတူ ကမ္ဘာ့ရာသီဥတုပြောင်းလဲမှုဖြစ်စဉ်များသည် ကမ္ဘာကြီးနှင့် ကမ္ဘာ့လူသားများကို တစ်နေ့ထက်တစ်နေ့ ပို၍ပို၍ ခြိမ်းခြောက်လာသည်ဟု ဆိုရပါမည်။ ယခင်က နွေ၊ မိုး၊ ဆောင်း ဥတုရာသီ သမမျှတမှုကန်သည့် မြန်မာနိုင်ငံသည်လည်း ကမ္ဘာ့ရာသီဥတုပြောင်းလဲမှုဖြစ်စဉ်များကို ခံစားလာရပြီဖြစ်သည်။ အချိန်အခါမဟုတ် မိုးသည်းထန်ခြင်း၊ ရေကြီးခြင်း ဖြစ်ရပ်ဖြစ်စဉ်များကလည်း နှစ်စဉ်နှစ်တိုင်းနီးပါး ကြုံတွေ့နေရသည်။ သို့ဖြစ်၍ မှတ်သုံးအလွန်ရောက်ရှိလာမည့် ရာသီဥတုဖြစ်စဉ်များနှင့်စပ်လျဉ်း၍ မိုးလေဝသပညာရှင် ဒေါက်တာဦးထွန်းလွင်ကို မြန်မာ့သတင်းစဉ်က သွားရောက် တွေ့ဆုံမေးမြန်းခဲ့သည်များကို ဖော်ပြလိုက်ပါသည်။

မေး။ ။ မှတ်သုံးအလွန်ရောက်ရှိလာမယ့် ရာသီဥတုဖြစ်စဉ်အပေါ် ဆရာကြီးရဲ့သုံးသပ်ချက်ကို သိပါရစေရှင့်။

ဖြေ။ ။ လက်ရှိရာသီဥတုက မှတ်သုံးကတော့မရှိတော့ဘူး။ မုန်တိုင်းကတော့ ဖြစ်ဖို့ရှိတယ်။ ဒါပေမယ့် မုန်တိုင်းက ဘင်္ဂလားပင်လယ်အော်မှာဖြစ်တာ ကျဲနေတယ်။ ဒီနှစ်က တော်တော်သတိထားရမယ့်နှစ် ဖြစ်မလားမသိဘူး။ ဘာကြောင့်လဲဆိုတော့ ပစိဖိတ်သမုဒ္ဒရာမှာ အယ်နီညိုဖြစ်ဖို့ အလားအလာနည်းနည်းပြနေတယ်။ အယ်နီညိုဖြစ်ရင် ရာသီဥတုက တော်တော်ဆိုးမယ်။ များသောအားဖြင့် အယ်နီညိုဖြစ်တဲ့နှစ်တွေက ပူပြင်းတယ်၊ ခြောက်သွေ့တယ်၊ မိုးနည်းတယ်၊ အပူချိန်မြင့်တယ်၊ အဲဒါတွေ ဖြစ်တတ်တယ်။ နောက်ဆုံးဖြစ်တာက ၂၀၁၅-၂၀၁၆ မှာဖြစ်ခဲ့တာ။ လောလောဆယ်အနေအထားကတော့ ပစိဖိတ်သမုဒ္ဒရာမှာ ပြီးခဲ့တဲ့စက်တင်ဘာ၊ အခု အောက်တိုဘာ၊ နိုဝင်ဘာ ဒီသုံးလမှာ အယ်နီညိုဖြစ်ဖို့ ၅၅ ရာခိုင်နှုန်းရှိတယ်။ နောက် ဒီနှစ် ဒီဇင်ဘာလကနေ နောက်နှစ် ဖေဖော်ဝါရီလအထိ ဆောင်းရာသီခေါ်တာပေါ့။ အဲဒီဆောင်းရာသီမှာ အယ်နီညိုဖြစ်ဖို့အလားအလာ ၇၀ ရာခိုင်နှုန်းရှိတယ်။ ဒါက တော်တော်အရေးပါတဲ့ဟာပါ။ နောက်ဆုံးဖြစ်ခဲ့တဲ့ အယ်နီညိုက မကြာသေးဘူး သုံးနှစ်လောက်ပဲရှိသေးတယ်။ ၂၀၁၅-၂၀၁၆ က ဖြစ်ခဲ့တာ။ အဲဒီတုန်းက မြန်မာနိုင်ငံအပါအဝင် အာရှ-ပစိဖိတ်ဒေသ နိုင်ငံပေါင်း ၂၈ နိုင်ငံ တော်တော်ထိခိုက်မှုများခဲ့တယ်။ မြန်မာနိုင်ငံလည်းပါတယ်။

မေး။ ။ အယ်နီညိုဖြစ်စဉ် ဖြစ်လာမယ်ဆိုရင် ဘယ်လို နောက်ဆက်တွဲ ပြဿနာတွေ ကြုံတွေ့နိုင်ပါသလဲ။

ဖြေ။ ။ ယေဘုယျအားဖြင့် အယ်နီညိုဖြစ်တဲ့နှစ်တွေမှာ ကြုံရတတ်တဲ့ပြဿနာတွေကို သက်ဆိုင်တဲ့သူတွေ ကြိုတင်သတိရှိဖို့က နံပါတ်တစ်က အယ်နီညိုဖြစ်မယ်၊ ဖြစ်မယ့်အယ်နီညိုက အားကောင်းမယ်ဆိုရင် အပူချိန်တွေ စံချိန်တင်မြင့်မယ်။ အပူဒဏ်ကို တစ်နိုင်ငံလုံး ခံစားရမယ်။ အခု ဆောင်းရာသီမှာတောင် နည်းနည်းလေး အပူဒဏ်ကို ခံနေရပြီ။ တော်တော်လေးကို သတိထားရမယ့် အနေအထားမှာရှိတယ်။

ရေရှားမှုဖြစ်လာနိုင်

နောက်ဒုတိယက အဲဒီအပူချိန်မြင့်တဲ့အတွက်ကြောင့် နွေရာသီမှာဆိုရင် ဘာဖြစ်တတ်သလဲဆိုတော့ ရေရှားမယ်။ ရေရှားတာက နောက်ပိုင်းမှာ တော်တော်ပြဿနာကြီးတယ်။ အရင်တုန်းကလည်း ရေရှားဖူးပါတယ်။ အရင်တုန်းက ရေရှားတာ အတိုင်းအတာက ဘောင်လေးနဲ့၊ များသောအားဖြင့် မြန်မာနိုင်ငံအလယ်ပိုင်းမှာ ရှားတယ်။ နွေရာသီမှာရှားတယ်။ နောက်ပိုင်းကျတော့ ရေရှားတာက အလယ်ပိုင်းတင် မကဘူး၊ မြစ်ဝကျွန်းပေါ်လည်း ပါတယ်၊ ရှမ်းပြည်နယ်လည်းပါတယ်။ နောက်နွေရာသီအထိတောင် မစောင့်ဘူး။ ဆောင်းရာသီလောက်ကတည်းကစပြီးတော့ ၂၀၁၉ ခုနှစ် ဖေဖော်ဝါရီလလောက်ထဲမှာ ရေရှားမှုဖြစ်လာနိုင်တယ်။ ၂၀၁၅-၂၀၁၆ တုန်းကလည်း အဲဒီလိုပဲ ဖေဖော်ဝါရီလလောက်က ရေရှားတယ်။ ပြောချင်တာက ရေရှားတဲ့ပြဿနာကြီးနိုင်တယ်။ သောက်ရေရော၊ စိုက်ပျိုးရေရော နှစ်မျိုးလုံး ရှားနိုင်တယ်။

နောက်ပြဿနာကဘာလဲဆိုရင် မီးလောင်မှုများမယ်။ ၂၀၁၅-၂၀၁၆ က မီးလောင်တဲ့ကုန်ကျစရိတ်က သိန်းပေါင်းသိန်းဂဏန်းနီးပါးလောက်ရှိတယ်။ နိုင်ငံအနေနဲ့တွက်ရင် နည်းနည်းနောနောဆုံးရှုံးတာမဟုတ်ဘူး။ တောမီးလောင်တာရှိတယ်၊ မြို့မီးလောင်တာရှိတယ်။ နောက် အပူချိန်ကမြင့်ပြီး မိုးကနည်းတဲ့အခါကျတော့ အများဆုံးထိခိုက်တာ စိုက်ပျိုးရေး။ စိုက်ပျိုးရေးမှာ သီးနှံတွေပျက်တယ်။ မပျက်ရင်လည်း အထွက်လျော့တယ်။ စိုက်ပျိုးသီးနှံတွေအထွက် လျော့တဲ့အတွက် စားနပ်ရိက္ခာဖူလုံမှုလည်း ထိခိုက်တယ်။ ကုန်ဈေးနှုန်းလည်း မြင့်သွားတာပေါ့။ မှတ်မိတာကတော့ ဆန်ဈေးနှုန်းတွေ မြင့်တက်သွားတယ်။ ဒါတွေက လူမှုဒုက္ခတွေ နောက်ကနေ လိုက်လာတာပါ။

ကူးစက်ရောဂါတွေဖြစ်တတ်

နောက်ပြီး များသောအားဖြင့် အယ်နီညိုဖြစ်တဲ့နှစ်တွေမှာ ကူးစက်ရောဂါတွေဖြစ်တတ်တယ်။ အတိတ်သမိုင်းမှာ ကမ္ဘာပေါ်မှာ ကူးစက်ရောဂါဖြစ်တဲ့အထဲမှာ အကျယ်ပြန့်ဆုံးနဲ့ အသေအပျောက်အများဆုံးက H_1N_1 ရောဂါပေါ့။ ၂၀၁၅-၂၀၁၆ မှာလည်း ကူးစက်ရောဂါဖြစ်တယ်။ အဲဒီကူးစက်ရောဂါက ကမ္ဘာပေါ်မှာမရှိဖူးသေးတဲ့ ဇီကာဦးခေါင်းသေးပြီး ဉာဏ်ရည်မမီတဲ့ရောဂါဖြစ်တယ်။ ဒီတစ်ခါ ကူးစက်ရောဂါက ဘယ်လိုလဲဆိုတော့ ခြင်ကိုက်ရင် ဖြစ်တတ်တယ်။ ခြင်ကိုက်ရင် ဖြစ်တတ်တဲ့ရောဂါတွေက ဒေါသူပုရိသတွေ ဖြစ်ကုန်တယ်။ ဒီတစ်ခါ ကူးစက်ရောဂါက

မြရိပ်ညိုဟိုတယ်ဟောင်းနေရာတွင် အကောင်အထည်ဖော်မည့် စီမံကိန်းအား မြေငှားရမ်းမှုရပ်ဆိုင်းကြောင်းနှင့် လုပ်ငန်းပိတ်သိမ်းရန် အကြောင်းကြားထား

ရန်ကုန် အောက်တိုဘာ ၃

ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ်ရှိ မြရိပ်ညိုဟိုတယ်ဟောင်းနေရာတွင် အကောင်အထည်ဖော်မည့် စီမံကိန်းအား စည်းကမ်းဖောက်ဖျက်မှုများကြောင့် မြေငှားရမ်းမှုရပ်ဆိုင်းကြောင်းနှင့် လုပ်ငန်းပိတ်သိမ်းရန် အကြောင်းကြားထားကြောင်း ယနေ့ မွန်းလွဲ ၂ နာရီက ရန်ကုန်မြို့လှိုင်မြို့နယ် တပ်မြို့စည်ပင်သာယာရေးအဖွဲ့ရုံး အစည်းအဝေးခန်းမတွင် ပြုလုပ်သည့် စာနယ်ဇင်းရှင်းလင်းပွဲမှ သိရသည်။

"အဓိကကတော့ ကုမ္ပဏီအနေနဲ့က MoA သဘောတူညီမှုစာချုပ်ကို ဖောက်ဖျက်တယ်။ ဖောက်ဖျက်တဲ့အကြောင်းကိုလည်း သက်ဆိုင်ရာဌာနတွေကို အကြောင်းကြားထားပြီးဖြစ်တယ်။ MoA စာချုပ်ကိုလည်း ရပ်ဆိုင်းမယ်။ တပ်မြို့စည်ပင်အနေနဲ့ကလည်း တပ်မြို့စည်ပင်ဥပဒေ ပြဋ္ဌာန်းချက်ပါအတိုင်း သူတို့ကို စီမံကိန်းရပ်ဆိုင်းဖို့၊ လက်ရှိမြေပေါ်မှာ ဆက်လက်ဆောင်ရွက်ခြင်းမရှိဖို့၊ ညွှန်ကြားလာလို့ရှိရင် ဖယ်ရှားဖို့၊ အဆင့်ဆင့် ဆောင်ရွက်သွားဖို့ ရှိပါတယ်"ဟု တပ်မြို့စည်ပင်သာယာရေးအဖွဲ့ရုံး အတွင်းရေးမှူး ဦးမိုးမင်းဝင်းက ပြောသည်။

ရန်ကုန်မြို့ ဗဟန်းမြို့နယ်ရှိ မြရိပ်ညိုဟိုတယ်မြေအား ၂၀၁၄ ခုနှစ်တွင် နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရန်နှင့် နိုင်ငံတော်ဘဏ္ဍာရေးရှိစေရန် တင်ဒါခေါ်ယူခဲ့ပြီး ဇေကမ္ဘာကုမ္ပဏီသို့ ၂၀၁၄ ခုနှစ် ဇန်နဝါရီ ၁၆ ရက်တွင် မြေငှားရမ်းရန် ကြိုတင်သဘောတူညီမှုမှတ်တမ်းလွှာ(MoA) စာချုပ်ချုပ်ဆို၍ ဆောင်ရွက်ခဲ့ကြောင်း၊ စာချုပ်ပါ စည်းကမ်းအတိုင်း မြေအသုံးချခကို နှစ်နှစ်အတွင်း ငါးကြိမ်ခွဲ၍ ပေးသွင်းရမည်ဖြစ်သော်လည်း ယနေ့အထိ နှစ်ကြိမ်သာပေးသွင်းခဲ့သဖြင့် အကြိမ်ကြိမ် သွားဆော်သတိပေးခဲ့သော်လည်း ဆက်လက်ပေးသွင်းရမည့် အမေရိကန်ဒေါ်လာ ၂၄ သန်းကျော် ပေးသွင်းမှုမရှိသေးကြောင်း တပ်မြို့စည်ပင်သာယာရေးအဖွဲ့ရုံး(ရန်ကုန်)မှ သိရသည်။

ထို့ပြင် ကုမ္ပဏီအနေဖြင့် မြရိပ်ညိုဟိုတယ်မြေအတွင်း ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ ၁၉၉၆ ခုနှစ် ဇွန်လတွင် နိုင်ငံပိုင်သတင်းစာ၌ ရေးဟောင်းလက်ရာစာရင်းဝင် အဆောက်အအုံများအဖြစ် ဖော်ပြခဲ့သော ယခင်ခေတ် မြို့တော်ဝန်အိမ် House (C)နှင့် House (D)အပါအဝင် အဆောက်အအုံလေးခုတို့အား တင်ပြချက်နှင့် ခွင့်ပြုချက် တစ်စုံတစ်ရာ မရှိဘဲ ဖြိုဖျက်ခဲ့ပြီး ရုံးနှင့်စီမံကိန်း အဆောက်အအုံသစ်များအား MIC ခွင့်ပြုချက်မရဘဲ ဆောက်လုပ်ခြင်းများ ဆောင်ရွက်ခဲ့သည့်အတွက် လုပ်ငန်းများဆက်လက် ဆောင်ရွက်လုပ်ကိုင်ရန် အကြောင်းမရှိသဖြင့် လုပ်ငန်းပိတ်သိမ်းဆောင်ရွက်သွားရန် ၂၀၁၈ ခုနှစ် မေ ၁၀ ရက်တွင် အကြောင်းကြားခဲ့ပြီးဖြစ်ကြောင်း ယနေ့စာနယ်ဇင်းရှင်းလင်းပွဲမှ သိရသည်။

မင်းသစ်

ရေစကြို မြို့နယ်၌ မြစ်ကမ်းပါးပြိုကျမှုကြောင့် ဓမ္မရံသီ(၀၆) ရွှေဘုံသာမြတ်စွာဘုရားကြီး စိုးရိမ်ရသည့်အခြေအနေရှိ

ရေစကြို အောက်တိုဘာ ၃

မကွေးတိုင်းဒေသကြီး ရေစကြိုမြို့နယ် ဗလဗကျေးရွာအုပ်စု ဗလဗကျေးရွာတွင် အလောင်းစည်သူမင်းကြီးနှင့်ဝေဠုဝတီမင်းသမီး၊ မြေးတော်မြစ်တော်များ တည်ထားကိုးကွယ်ခဲ့သည့် ဓမ္မရံသီ(၀၆)ရွှေဘုံသာမြတ်စွာဘုရားကြီးသည် ရောဝတီမြစ်ကမ်းပါး မြစ်ရေတိုက်စားမှုကြောင့် စိုးရိမ်ရသည့်အခြေအနေသို့ ရောက်ရှိလာပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ ကျေးရွာသည် နှစ်နှစ်အတွင်း ဧရာဝတီမြစ်ရေတိုက်စားပြီး မြစ်ကမ်းပါးပြိုကျမှုကြောင့် အိမ်ခြေပေါင်း ၉၀ ကျော် ရွှေ့ပြောင်းခဲ့ရပြီး ယခုအခါ ရွာဦးဘုတိကာရုံကျောင်းတိုက်ဝင်းအတွင်း သက္ကရာဇ် ၅၅၇ ခုနှစ်က တည်ထားကိုးကွယ်ခဲ့သည့် ဓမ္မရံသီ(၀၆)ရွှေဘုံသာမြတ်စွာဘုရားကြီးနှင့် အလွန်နီးကပ်နေပြီဖြစ်ကြောင်း၊ ရေအရင်းအမြစ်နှင့်မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဘုရားကြီးနှင့်အိမ်ထောင်စုများ မြစ်ကမ်းပါးပြိုကျမှုအန္တရာယ်မှ ကာကွယ်နိုင်ရန် ယခင်ခင်းထားသည့် Poly Felt အစများ ပြန်လည်ဖယ်ရှားပြီး ဘုရားကြီးနှင့်ကပ်လျက် အုတ်တန်ဆောင်းတော်အားဖြိုချကာ မြစ်ကမ်းပါးဝိတ်လျော့နိုင်သမျှ လျော့ချခဲ့ကြောင်း၊ ယခုအခါ အုတ်တန်ဆောင်းဖောင်ဒေးရှင်းပါ မြစ်ကမ်းအောက်ခြေတိုက်စားမှုကြောင့် အုတ်တန်ဆောင်းဖောင်ဒေးရှင်းမှာ သုံးပေခန့်အက်ကြောင်းထင်လာ၍ လူအင်အား၊ စက်ယန္တရားဖြင့် ဝိတ်ပိစေမည့် အရာများဖြိုချကာ ရွှေဘုံသာမြတ်စွာဘုရားကြီး မြစ်မခစေရေး ရေအရင်းအမြစ်နှင့်မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဘုရားကြီးမြစ်ကမ်းဘက်အခြေအား သဲအိတ်များတန်းစီချထားနိုင်ရန် မြစ်ကမ်းပါးထိပ်မြေညှိခြင်း၊ စက်ယန္တရားဝင်မရသည့် နေရာအား လူအင်အားဖြင့်ဆောင်ရွက်ခြင်းများ ပြုလုပ်နေပြီဖြစ်ကြောင်း ဗလဗကျေးရွာ ရပ်မိရပ်ဖဦးအေးမောင်ထွန်းက ပြောသည်။

Poly Felt အစများခင်းပြီး geo bag အိတ်များ ဖိထားသော်လည်း မြစ်ကမ်းပါးကမ်းစပ် ပေ ၃၀ ကျော် အနက်ရှိနေခြင်း၊ ရေစီးအားအလွန်သန်ကာ အောက်အခြေမှလှိုက်စားသောကြောင့် မြစ်ကမ်းပါးမြန်ဆန်စွာပြိုကျနေကြောင်း၊ ကျေးရွာသူ ကျေးရွာသားများမှာလည်း တစ်နှစ်ကျော်ကြာမြင့် သည်အထိ လူအင်အား၊ ငွေအင်အားဖြင့် ဝိုင်းဝန်းလုပ်ဆောင်နေခြင်းဖြစ်ကြောင်း၊ ရေအရင်းအမြစ်နှင့်မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တာဝန်ရှိသူများကလည်း အင်တိုက်အားတိုက် လုပ်ဆောင်ပေးနေသည်မှာလည်း ကျေးရွာအတွက် အင်အားဖြစ်စေကြောင်း ဥတိကာရုံကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တဓမ္မပါလက မိန့်ကြားသည်။

ကိုထိန်(ငဲ့သရောက်)

ပုလဲမြို့နယ်တွင် သစ်ပိတောက်ခွဲသား ၅၉ တုံး သိမ်းဆည်းရမိ

ပုလဲ အောက်တိုဘာ ၃

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ပုလဲမြို့နယ်သစ်တောဦးစီးဌာနအနေဖြင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် ပူးပေါင်း၍ တရားမဝင်သစ်များ ခုတ်လှဲခြင်း၊ သယ်ဆောင်ခြင်း၊ ခိုးယူခြင်းလုပ်ငန်းများကို တားဆီးကာကွယ်ဖော်ထုတ်ဖမ်းဆီးလျက်ရှိရာ အောက်တိုဘာ ၃ရက်က တရားမဝင်သစ် ပိတောက်ခွဲသား ၅၉ တုံး သယ်ဆောင်လာသော မော်တော်ယာဉ်ကို ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ပုလဲမြို့နယ်သစ်တောဦးစီးဌာနမှ ဝန်ထမ်းများ၊ ခရိုင်စစ်ကြောင်းအဖွဲ့မှ ဝန်ထမ်းများ၊ သစ်တောရဲတပ်ဖွဲ့မှ ရဲတပ်ဖွဲ့ဝင်များ၊ ကန့်ဒေါင်ရဲတပ်ဖွဲ့စခန်းမှူးတို့ ပါဝင်သော ပူးပေါင်းအဖွဲ့သည် အောက်တိုဘာ ၃ ရက် နံနက် ၁ နာရီက ပုလဲ-ဂန့်ဂေါကားလမ်း မိုင်တိုင်အမှတ် ၄၃/၇အနီး၌ ဂန့်ဂေါမြို့မှ ပုလဲမြို့သို့ မောင်းနှင်လာသည့် ၁၂ ဘီးမော်တော်ယာဉ်ကို စစ်ဆေးရာ ယာဉ်မောင်းနှင့်ယာဉ်နောက်လိုက်တို့မှာ ထွက်ပြေးတိမ်းရှောင်သွားခဲ့ပြီး ယာဉ်ပေါ်တွင် သစ်ပိတောက်ခွဲသား ဆိုဒ်စုံ ၅၉ တုံး (၉ ဒသမ ၅၉၆၆ တန်)ကို သိမ်းဆည်းရမိခဲ့သည်။

အဆိုပါ သိမ်းဆည်းရမိသော တရားမဝင်သစ် ပိတောက်ခွဲသားဆိုဒ်စုံ ၅၉ တုံးကို ပုလဲမြို့နယ် သစ်တောဦးစီးဌာနသို့ သယ်ဆောင်ထိန်းသိမ်းထားပြီး အဆိုပါယာဉ်ကို ပုလဲမြို့မရဲစခန်းတွင် ထိန်းသိမ်းထားကြောင်း သိရသည်။

မြို့နယ်(မြန်/ဆက်)

တာချီလိတ်မြို့နယ်၌ အမျိုးသမီးတစ်ဦးအား လူငါးဦးက လက်နက်ဖြင့် ခြိမ်းခြောက်ခေါ်ဆောင်မှုဖြစ်ပွား

တာချီလိတ် အောက်တိုဘာ ၃

မြန်မာ-ထိုင်း-လာအို နယ်စပ်ဒေသ တာချီလိတ်မြို့နယ်အတွင်း အမျိုးသမီးတစ်ဦးအား လူငါးဦးက လက်နက်များဖြင့် ခြိမ်းခြောက်ခေါ်ဆောင်သွားမှု တစ်ရပ် ယနေ့နံနက်ပိုင်းက ဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ ယနေ့နံနက် ၈ နာရီခွဲခန့်က တာချီလိတ်မြို့မှ လာအိုနယ်စပ် ဝမ်ပုံသွားကားလမ်းမပေါ်ရှိ မိုင်းဖုန်း(၃)ကျေးရွာအုပ်စု ဟွေလေလန်ကျေးရွာတွင်နေထိုင်ပြီး အိမ်ဆိုင်ဖွင့်လှစ်ထားသည့် ဦးအိုက်ကျောက်သည် နေအိမ်အတွင်း တီဗွီကြည့်နေစဉ် အိမ်ရှေ့ဈေးဆိုင်တွင် ဈေးရောင်းချနေသည့် ဇနီးဒေါ်အီနန်း၏ အော်သံကြားသဖြင့် နေအိမ်ရှေ့သို့ ထွက်လာရာ ဦးထုပ်များဆောင်းထားပြီး မျက်နှာဖုံးတပ်ထားသော သေနတ်အတို တစ်လက်ကိုင်ထားသူနှင့် သေနတ်အရှည်ကိုင်ထားသူတို့သည် ဒေါ်အီနန်းအား သေနတ်ဖြင့် ချိန်ထားပြီး အနွေးထည်ဝတ်ထားသူနှစ်ဦးက ဒေါ်အီနန်းအား လက်တစ်ဖက်စီမှ ချုပ်ကိုင်၍ အတင်းဆွဲခေါ်နေကြောင်း၊ ဦးအိုက်ကျောက် အိမ်တွင်းမှထွက်လာသည်ကို တွေ့သော အခါ ၎င်းအားသေနတ်များဖြင့် ချိန်ထားပြီး အိမ်ရှေ့တွင်ရပ်ထားသော လူတစ်ဦး အသင့်စောင့်ဆိုင်းနေသည့် ယာဉ်ပေါ်သို့ ဒေါ်အီနန်းအား အတင်းအဓမ္မတင်ဆောင်၍ ဟွေလုကျေးရွာသို့ မောင်းနှင်ထွက်ခွာသွားသဖြင့် ဟွေလေလန် ပူးပေါင်းစစ်ဆေးဂိတ်ရှိ လုံခြုံရေးတပ်ဖွဲ့ဝင်များထံ လာရောက်အကူအညီတောင်းခံခဲ့သည်။

အဆိုပါ ဖြစ်စဉ်အား သတင်းရလျှင်ရချင်း ဝမ်ပုံနယ်မြေရဲစခန်းမှူး ရဲအုပ်မောင်မောင်စိုးနှင့် တပ်ဖွဲ့ဝင်များသည် အခင်းဖြစ်နေအိမ်အား သွားရောက်စစ်ဆေးမေးမြန်းရာ ဒေါ်အီနန်းမှ အကြွေးငွေများပေးဆပ်ရန်ရှိသည်ကို မပေးဆပ်သည့်အတွက် အကြွေးများ ပြန်လည်ရရှိရန် ပြန်ပေးဆွဲသွားခြင်းဖြစ်ကြောင်း၊ ထိုကဲ့သို့ ပြန်ပေးဆွဲမှု ကျူးလွန်သူများအား ဝမ်ပုံနယ်မြေရဲစခန်းက ဖမ်းဆီးရမိရေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မောင်ယဉ်ကျေး

အရှိန်မထိန်းနိုင်သည့်ယာဉ် ကုက္ကိုပင်အား ဝင်တိုက်မိ၍ လူငါးဦးသေ၊ နှစ်ဦးဒဏ်ရာရ

တပ်ကုန်း အောက်တိုဘာ ၃

ဥတ္တရခရိုင် တပ်ကုန်းမြို့နယ် ညောင်ငါးပင်ကျေးရွာအနီး ရန်ကုန်-မန္တလေးကားလမ်းမိုင်တိုင် ၂၈၃/၅နှင့် ၂၈၃/၆ ကြားတွင် အောက်တိုဘာ ၃ရက် နံနက် ၅ နာရီခွဲခန့်က ဦးစန္ဒိမာ(လူအမည်-ဦးမောင်တိုး)မောင်းနှင်သောယာဉ်သည် အရှိန်မထိန်းနိုင်ဘဲ လမ်းယာဘက်ခြမ်းကုက္ကိုပင်အား ဝင်တိုက်မိခဲ့ရာ လူငါးဦးသေဆုံးပြီး နှစ်ဦးဒဏ်ရာရရှိခဲ့သည်။

အခင်းဖြစ်နေရာတွင် ယာဉ်မောင်း ဦးစန္ဒိမာ(လူအမည်-ဦးမောင်တိုး)၊ ဒေါ်ဝိုင်း၊ ဒေါ်ဖွားမေ၊ ဒေါ်အေးစုမြတ်နှင့် ဒေါ်ညိုတို့ သေဆုံးခဲ့ပြီး ဦးအဂ္ဂသီရိ(လူအမည်-ဦးအောင်ဆန်းဝင်း)နှင့် ဒေါ်အေးအေးမြင့် (မစိုးရိမ်ရ-အတွင်းလူနာ) တို့ကို တပ်ကုန်းခုတင် ၁၀၀ ဆေးရုံသို့ ပို့ဆောင်ခဲ့ပြီး ယာဉ်မောင်း ဦးစန္ဒိမာအား တပ်ကုန်းမြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

တင်စိုးလွင်

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေး ဆောင်ရွက်လျက်ရှိ

နေပြည်တော် အောက်တိုဘာ ၃

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့်မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းများက တင်သွင်း၊ တင်ပို့သောကုန်ပစ္စည်းများကို စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ အောက်တိုဘာ ၂ ရက်တွင် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှု နှစ်မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၂ ဒသမ ၆၀၂ သန်း)၊ မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှု နှစ်မှု (ခန့်မှန်းတန်ဖိုးငွေကျပ် သုည ဒသမ ၄၆ သန်း)စုစုပေါင်း တားဆီးမှုလေးမှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၃ ဒသမ ၀၆၂ သန်း) သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

ထူးခြားဖမ်းဆီးမှုအနေဖြင့် အောက်တိုဘာ ၂ ရက်တွင် မန္တလေးမြို့နှင့် မူဆယ်မြို့များသို့ သွားရောက်မည့်ယာဉ်များအား ရေပူအမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်စဉ် ခရီးသည်တင်ယာဉ်နှစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်း မရှိသည့် လူသုံးကုန်ပစ္စည်း ခြောက်မျိုး (စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၂ ဒသမ ၆၀၂ သန်း) စစ်ဆေးတွေ့ရှိ၍ သိမ်းဆည်းခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

မြန်မာ့ရုပ်မြင်သံကြား

၄-၁၀-၂၀၁၈ (ကြာသပတေးနေ့)

နံနက်ပိုင်း

၆း၀၀ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်

၇း၀၀ Breakfast News

၈း၃၅ "ဇီဝမျိုးတွေကြွယ်စေဖို့ သဘာဝတောတွေထိန်းကြစို့"

၉း၃၀ လှပစုံလင်အာဆီယံတစ်ခွင်

၉း၄၀ ASEAN Spotlight (46)

၁၀း၃၀ အလုပ်သမားရေးရာအစီအစဉ်

၁၁း၀၀ မြစ်မခမီဒီယာ (စာတတ်ဖို့၊ ဝင်ငွေကောင်းဖို့၊ အသက်ရှည်ဖို့)

၁၁း၃၅ ဘဝထဲကဝတ္ထု၊ ဝတ္ထုထဲကဘဝ "ရင်မွှေးပန်း" (မုံနဲ့သာဒေါ်ခင်ခင်ကြီး၊ မသန်းသန်းဆင့်၊ ဝတ်ရည်နှင်း) [ဒါရိုက်တာ-သိမ်းစိုး(သီဟရတနာ)]

၁၂း၃၀ မြန်မာဇာတ်လမ်းတွဲ "ဆေးရုံမှတ်တမ်း" (အပိုင်း-၃) (အောင်မြင့်မြတ်၊ မြတ်သူအောင်၊ သူရထူး၊ နွယ်ဒါလီထွန်း၊ ခင်သဇင်၊ ဂုဏ်ရည်အေးကျော်)(ဒါရိုက်တာ-မင်းခိုက်စိုးစန်)

၁၃း၃၀ နိုင်ငံခြားဇာတ်လမ်းတွဲ "မင်္ဂလာပါ ချောင်အန်း" (အပိုင်း-၄)

၁၄း၄၀ MSMES Medium Level ပထမဆုရ (ဦးကာက၊ ဒေါ်စိန်လင်းဖက်စိုနှပ်)

၁၅း၀၀ "ပန်းကလေးများပွင့်တော့မည်"

ညပိုင်း

၁၆း၂၀ "၂၀၁၉ ခုနှစ်၊ မတ်လ တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် စတင်အသုံးပြုမည့် မေးခွန်းပုံစံသစ်ဆိုင်ရာ သိမှတ်ဖွယ်ရာများ" (ဓာတုဗေဒဘာသာရပ်)

၁၆း၃၀ "တရုတ်-အာဆီယံတွဲလက်ညှိ ၂၁ ရာစု ပင်လယ်ရေကြောင်းပိုးလမ်းမကြီးဆီ"

၁၇း၀၅ NHK Programme "Japan's Job Encyclopedia" (မွေးမြူရေး တိရစ္ဆာန်ဆေးကုဆရာဝန်)

၁၇း၃၀ လူမှုစီးပွားမြင့်ကွင်းများ

၁၈း၂၅ မျက်မှောက်ရေးရာအဖြာဖြာ

၁၈း၅၅ "CHOICE" (အပိုင်း-၈၇)

၁၉း၁၅ မြန်မာဇာတ်လမ်းတွဲ "ဆေးရုံမှတ်တမ်း" (အပိုင်း-၄) (အောင်မြင့်မြတ်၊ မြတ်သူအောင်၊ သူရထူး၊ နွယ်ဒါလီထွန်း၊ ခင်သဇင်၊ ဂုဏ်ရည်အေးကျော်) (ဒါရိုက်တာ-မင်းခိုက်စိုးစန်)

၂၀း၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ

၂၀း၃၅ "မီးတစ်ပွင့်ရဲ့ ရာဇဝင်" (အပိုင်း-၆) "Badminton Asia U-17&U-15 Junior Championship 2018 ပြိုင်ပွဲအစီအစဉ်" -မှတ်မှတ်ထင်ထင် မြန်မာ့ရုပ်ရှင် (အပိုင်း-၁) (ဒါရိုက်တာ-ကြည်စိုးထွန်း) "ဥယျာဉ်နန်းကပန်းသခင်" -အစီအစဉ်ပြီး၏။

ရေနံစူးစမ်းရှာဖွေခြင်း၊ ရေနံတူးဖော်စမ်းသပ်ခြင်းနှင့် ရေနံထုတ်လုပ်ခြင်းဆိုင်ရာ ဥပဒေကြမ်း

ပြည်သူများ သိရှိလေ့လာအကဲဖြတ်နိုင်ရေးအတွက် ဖော်ပြခြင်းဖြစ်ပါသည်။ အကဲဖြတ်စာများကို ပြည်ထောင်စုလွှတ်တော်ရုံးသို့ လိပ်မူပေးပို့နိုင်ပါသည်။

ယမန်နေ့မှအဆက်

အခန်း(၈)

ရေနံလုပ်ငန်းလုပ်ကိုင်ခွင့် လျှောက်ထားခြင်း၊ စိစစ်ရွေးချယ်ခြင်း၊ ခွင့်ပြုမိန့်နှင့် လုပ်ငန်းလိုင်စင်ထုတ်ပေးခြင်း

၁၇။ ရေနံလုပ်ငန်းတစ်ရပ်ရပ်ကို လုပ်ကိုင်လိုသူသည် ရေနံစူးစမ်းရှာဖွေခြင်း လုပ်ငန်းအတွက် ခွင့်ပြုမိန့်ကိုလည်းကောင်း၊ ရေနံတူးဖော်စမ်းသပ်ခြင်း လုပ်ငန်းအတွက် ခွင့်ပြုမိန့်ကိုလည်းကောင်း၊ ရေနံထုတ်လုပ်ခြင်းလုပ်ငန်း အတွက် လုပ်ငန်းလိုင်စင်ကိုလည်းကောင်းရရှိရန် ဝန်ကြီးဌာနသို့ သတ်မှတ်ချက်များနှင့်အညီ အဆိုပြုလျှောက်ထားရမည်။

၁၈။ (က) ဝန်ကြီးဌာနသည် သတ်မှတ်ချက်များနှင့်အညီ တင်ဒါကော်မတီနှင့် အခြားလိုအပ်သောကော်မတီများကို ဖွဲ့စည်း၍ ရေနံလုပ်ငန်းတစ်ရပ်ရပ်လုပ်ကိုင်ခွင့်ရရှိရန် အဆိုပြုလျှောက်ထားချက်များအား စိစစ်ရွေးချယ်ရန် တာဝန်ပေးရမည်။

(ခ) တင်ဒါကော်မတီသည် သတ်မှတ်ထားသည့်အထောက်အထားနှင့် လိုအပ်ချက်များပြည့်စုံသော အဆိုပြုသူများအား ပွင့်လင်းမြင်သာစွာ ပဏာမစိစစ်ရွေးချယ်ပြီးနောက် ရွေးချယ်ခံရသူများ၏ စာရင်းချုပ် (Short List)ကိုဝန်ကြီးဌာနသို့ တင်ပြရမည်။

(ဂ) ဝန်ကြီးဌာနသည် ပဏာမရွေးချယ်ခံရသူများ၏ စာရင်းချုပ် (Short List)ကို ထုတ်ပြန်ကြေညာပေးရမည်။

၁၉။ ဦးစီးဌာနသည် -

(က) ပဏာမရွေးချယ်ခံရသည့် ပြည်တွင်းပြည်ပပုဂ္ဂလိက ကုမ္ပဏီ၊ အဖွဲ့အစည်းနှင့် ပုဂ္ဂိုလ်များထံသို့ ဦးစီးဌာနတွင် သတ်မှတ်ရက်အတွင်း လာရောက်မှတ်ပုံတင်ရေးအတွက် အကြောင်းကြားရမည်။

(ခ) သတ်မှတ်ရက်အတွင်း လာရောက်မှတ်ပုံတင်သော ပဏာမရွေးချယ်ခံရသူကို မှတ်ပုံတင်ထားရှိရမည်။

၂၀။ တင်ဒါကော်မတီသည် ပဏာမရွေးချယ်ခံရသူများ၏ အဆိုပြုချက်များကို အသေးစိတ်စိစစ်ပြီး ရေနံလုပ်ငန်းတစ်ရပ်ရပ်ကို လုပ်ကိုင်ရန်ခွင့်ပြုချက်နှင့် လုပ်ငန်းလိုင်စင် ထုတ်ပေးသင့်သော အဆိုပြုသူများကို ဝန်ကြီးဌာနသို့တင်ပြရမည်။

၂၁။ ဝန်ကြီးဌာနသည် -

(က) တင်ဒါကော်မတီက စိစစ်ရွေးချယ်သည့် အောက်ပါကုမ္ပဏီ၊ အဖွဲ့အစည်း သို့မဟုတ် ပုဂ္ဂိုလ်တို့ကို ဗဟိုကော်မတီ၏ သဘောတူညီချက်အရ လုပ်ကိုင်ခွင့်သက်တမ်းနှင့် စည်းကမ်းချက်များသတ်မှတ်၍ ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ခွင့်ပြုမိန့်နှင့် လုပ်ငန်းလိုင်စင်များကို ထုတ်ပေးနိုင်သည် -

(၁) နိုင်ငံသား သို့မဟုတ် နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုရာခိုင်နှုန်းပြည့်ဖြင့် ရေနံလုပ်ငန်းလုပ်ကိုင်လိုသည့် နိုင်ငံသား သို့မဟုတ် နိုင်ငံခြားကုမ္ပဏီ၊ အဖွဲ့အစည်း၊ အဆိုပြုသူများ၊

(၂) နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံသားရင်းနှီးမြှုပ်နှံမှုတို့ဖြင့် ဖက်စပ်လုပ်ကိုင်သော အဆိုပြုသူများ၊

(၃) နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံသားရင်းနှီးမြှုပ်နှံမှုတို့ဖြင့် ထုတ်လုပ်မှုအပေါ် ခွဲဝေခံစားရေးအခြေခံဖြင့် အကျိုးတူပူးပေါင်းဆောင်ရွက်သည့်စနစ်ဖြင့် လုပ်ကိုင်သော အဆိုပြုသူများ။

(ခ) ပုဒ်မခွဲ(က)အရခွင့်ပြုမိန့်နှင့် လုပ်ငန်းလိုင်စင်များကို အဆိုပြုသူများအားထုတ်ပေးရာတွင် သတ်မှတ်ထားသော ခွင့်ပြုမိန့်အတွက် အခကြေးငွေနှင့် လုပ်ငန်းလိုင်စင်ခတို့ကို ပေးသွင်းစေရမည်။

၂၂။ ဦးစီးဌာနသည် ပုဒ်မ ၂၁ အရ ထုတ်ပေးသည့် ခွင့်ပြုမိန့်နှင့် လုပ်ငန်းလိုင်စင်ရသူနှင့် မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းတို့ ရေနံလုပ်ငန်းတစ်ရပ်ရပ်ကို ပူးပေါင်းလုပ်ကိုင်ရေးအတွက် နှစ်ဖက်ညှိနှိုင်းရေးကိစ္စနှင့် ပဋိညာဉ်စာချုပ်ကို နှစ်ဖက်သဘောတူ ချုပ်ဆိုရေးကိစ္စတို့အတွက် စီစဉ်ဆောင်ရွက်ရမည်။

အခန်း(၉)

ရေနံစူးစမ်းရှာဖွေခြင်းလုပ်ငန်း လုပ်ကိုင်ခြင်း

၂၃။ ပုဒ်မ ၂၁ အရ ရေနံစူးစမ်းရှာဖွေခြင်းလုပ်ငန်းအတွက် ခွင့်ပြုမိန့်ရရှိသူသည် ရေနံစူးစမ်း ရှာဖွေခြင်းနှင့်စပ်လျဉ်း၍ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် ပဋိညာဉ်စာချုပ်ကို သတ်မှတ်ချက်များနှင့်အညီ ချုပ်ဆိုရမည်။

၂၄။ ဝန်ကြီးဌာနသည် -

(က) ပုဒ်မ ၂၁ အရ ရေနံစူးစမ်းရှာဖွေခြင်း လုပ်ငန်းအတွက် ခွင့်ပြုမိန့်ထုတ်ပေးရာတွင် စူးစမ်းလေ့လာသည့်ကာလ၏ ခွင့်ပြုမိန့်သက်တမ်းကို နှစ်နှစ်အထိ သတ်မှတ်ပေးနိုင်သည်။

(ခ) လိုအပ်ပါက သက်တမ်းတိုးမြှင့်ပေးရန် ခိုင်လုံသော အထောက်အထားဖြင့် လျှောက်ထားချက်အပေါ် တစ်နှစ်အထိ တစ်ကြိမ်သာ သက်တမ်းတိုးမြှင့်ပေးနိုင်သည်။

၂၅။ ရေနံစူးစမ်းရှာဖွေခြင်းလုပ်ငန်းအတွက် ခွင့်ပြုမိန့်ရရှိသူသည် ရေနံစူးစမ်းရှာဖွေခြင်းနှင့် စပ်လျဉ်း၍ ဆောင်ရွက်ချက်များနှင့် တွေ့ရှိချက်ရလဒ်တို့ကို ဝန်ကြီးဌာနနှင့် မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းသို့ သတ်မှတ်ချက်များနှင့်အညီ အစီရင်ခံရမည့်အပြင် ရေနံစူးစမ်းရှာဖွေခြင်းလုပ်ငန်းပြီးဆုံးသည့်အခါ ဆောင်ရွက်ချက်များနှင့် တွေ့ရှိချက်ရလဒ် နောက်ဆုံးအစီရင်ခံစာတို့ကို တင်ပြရမည်။

အခန်း(၁၀)

ရေနံတူးဖော်စမ်းသပ်ခြင်းလုပ်ငန်း လုပ်ကိုင်ခြင်း

၂၆။ ပုဒ်မ ၂၁ အရ ရေနံတူးဖော်စမ်းသပ်ခြင်းလုပ်ငန်းအတွက် ခွင့်ပြုမိန့်ရရှိသူသည် ရေနံတူးဖော်စမ်းသပ်ခြင်းနှင့်စပ်လျဉ်း၍ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် ပဋိညာဉ်စာချုပ်ကို သတ်မှတ်ချက်များနှင့်အညီ ချုပ်ဆိုရမည်။

၂၇။ (က) ဝန်ကြီးဌာနသည် ပုဒ်မ ၂၁ အရ ရေနံတူးဖော်စမ်းသပ်ခြင်းလုပ်ငန်းအတွက် ခွင့်ပြုမိန့်ထုတ်ပေးရာတွင် ခွင့်ပြုမိန့်သက်တမ်းသတ်မှတ်ပေးရမည်။

(ခ) ပုဒ်မခွဲ(က)အရ သတ်မှတ်ပေးသော သက်တမ်းစုစုပေါင်းကာလသည် ရှစ်နှစ်ထက်မပိုစေရ။

၂၈။ ရေနံတူးဖော်စမ်းသပ်ခြင်းလုပ်ငန်းအတွက် ခွင့်ပြုမိန့်ရရှိသူသည် ရေနံတူးဖော်စမ်းသပ်ခြင်းနှင့်စပ်လျဉ်း၍ ဆောင်ရွက်ချက်များနှင့် တွေ့ရှိချက်ရလဒ်တို့ကို ဝန်ကြီးဌာနနှင့် မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းသို့ သတ်မှတ်ချက်များနှင့်အညီ အစီရင်ခံရမည့်အပြင် ရေနံစူးစမ်းရှာဖွေခြင်းလုပ်ငန်း ပြီးဆုံးသည့်အခါ ဆောင်ရွက်ချက်များနှင့် တွေ့ရှိချက်ရလဒ် နောက်ဆုံးအစီရင်ခံစာတို့ကို တင်ပြရမည်။

အခန်း(၁၁)

ရေနံကိုစီးပွားဖြစ်ထုတ်ယူရန် ရှာဖွေတွေ့ရှိခြင်း

၂၉။ ရေနံတူးဖော်စမ်းသပ်ခြင်းလုပ်ငန်းအတွက် ခွင့်ပြုမိန့်ရရှိသူသည် -

(က) ခွင့်ပြုမိန့်ရရှိသည့် ရေနံလုပ်ကွက်မှ ရေနံကို ခိုင်လုံသော အထောက်အထားများအရ စီးပွားဖြစ်ထုတ်ယူရရှိနိုင်ကြောင်း တွေ့ရှိပါက တွေ့ရှိသည့်နေ့ရက်မှ ရက်ပေါင်း ၃၀ အတွင်း ခိုင်လုံသော အထောက်အထားများဖြင့် ဝန်ကြီးဌာနနှင့် မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းသို့ သတ်မှတ်ချက်များနှင့်အညီ အကြောင်းကြားရမည်။

(ခ) ပုဒ်မခွဲ(က)အရ အကြောင်းကြားပြီးနောက် ခွင့်ပြုမိန့်ရရှိသည့် ရေနံလုပ်ကွက်မှ ရေနံကိုစီးပွားဖြစ်ထုတ်ယူရရှိနိုင်ကြောင်း အသေးစိတ်အကဲဖြတ်လုပ်ငန်း အစီအစဉ်နှင့် ငွေရေးကြေးရေး ခန့်မှန်းတွက်ချက်မှု အစီရင်ခံစာတို့ကို အတည်ပြုနိုင်ရန် သတ်မှတ်ချက်များနှင့်အညီ ဝန်ကြီးဌာနနှင့် မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းသို့ တင်ပြရမည်။

၃၀။ ဝန်ကြီးဌာနသည် ပုဒ်မ ၂၉ အရ အကြောင်းကြားချက်ရရှိသည့်အခါ ဖော်ပြပါ ရေနံလုပ်ကွက်မှရေနံကို စီးပွားဖြစ်ထုတ်ယူရရှိနိုင်ခြင်း ရှိ၊ မရှိကို နိုင်ငံတကာ ရေနံလုပ်ငန်းတွင် အတွေ့အကြုံနှင့် ကျွမ်းကျင်မှုရှိကြောင်း ဂုဏ်သတင်းရှိသည့် အခြားတတိယကုမ္ပဏီ၊ အဖွဲ့အစည်း၏ အကဲဖြတ်ချက်ကိုရယူပြီး ခိုင်လုံသော အထောက်အထားများအရ ရေနံကို စီးပွားဖြစ်မည်မျှ ထုတ်ယူရရှိနိုင်ကြောင်း အများပြည်သူသို့ အသိပေးကြေညာရမည်။

၃၁။ ရေနံတူးဖော်စမ်းသပ်ခြင်းလုပ်ငန်းအတွက် ခွင့်ပြုမိန့်ရရှိသူသည် -

(က) ရေနံကို စီးပွားဖြစ် ရှာဖွေတွေ့ရှိပါက ချုပ်ဆိုထားသည့် လုပ်ကိုင်ခွင့်ပြုသည့် ပဋိညာဉ်စာချုပ်နှင့်အညီ ဖွံ့ဖြိုးမှုနှင့် ထုတ်လုပ်မှုအစီအစဉ် (Development and Production Plan)များ ရေးဆွဲ၍ ဝန်ကြီးဌာနသို့ တင်ပြ၍ အတည်ပြုချက်ရယူရမည်။

(ခ) ဖွံ့ဖြိုးမှုနှင့် ထုတ်လုပ်မှုအစီအစဉ်ပြောင်းလဲခြင်း၊ ပြင်ဆင်ခြင်းများပြုလုပ်လိုပါက ဝန်ကြီးဌာန၏ အတည်ပြုချက်ကို ထပ်မံရယူပြီး ရေနံလုပ်ငန်းလုပ်ကိုင်ရန် လုပ်ငန်းအစီအစဉ်ကို ဖွံ့ဖြိုးမှုနှင့် ထုတ်လုပ်မှုအစီအစဉ်နှင့်အညီ ပြည့်မီအောင် ဆောင်ရွက်ရမည်။

အခန်း(၁၂)

ရေနံထုတ်လုပ်ခြင်းလုပ်ငန်း လုပ်ကိုင်ခြင်း

၃၂။ ပုဒ်မ ၂၁ အရ ရေနံထုတ်လုပ်ခြင်းလုပ်ငန်းအတွက် လုပ်ငန်းလိုင်စင်ရရှိသူသည် ရေနံထုတ်လုပ်ခြင်းနှင့်စပ်လျဉ်း၍ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် ပဋိညာဉ်စာချုပ်ကို သတ်မှတ်ချက်များနှင့်အညီ ချုပ်ဆိုရမည်။

၃၃။ ဝန်ကြီးဌာနသည် -

(က) ပုဒ်မ ၂၁ အရ ရေနံထုတ်လုပ်ခြင်းလုပ်ငန်းအတွက် လုပ်ငန်းလိုင်စင် ထုတ်ပေးရာတွင် လိုင်စင်သက်တမ်းကို ပထမအကြိမ် နှစ် ၂၀ အထိ သတ်မှတ်ပေးနိုင်သည်။ စီးပွားရေးတွက်ခြေကိုက်မှုအပေါ်မူတည်၍ လိုင်စင်သက်တမ်းကို နှစ် ၃၀ အထိ သတ်မှတ်ပေးနိုင်သည်။

(ခ) ပုဒ်မ ၂၁ အရ လုပ်ငန်းလိုင်စင်ရရှိသူက လုပ်ငန်းလိုင်စင်သက်တမ်းတိုးမြှင့်ပေးရန် ခိုင်လုံသောအထောက်အထားဖြင့် လျှောက်ထားပါက တစ်ကြိမ်လျှင် ငါးနှစ်အထိ နှစ်ကြိမ်သက်တမ်း တိုးမြှင့်ပေးနိုင်သည်။

(ဂ) ပုဒ်မခွဲ (ခ) အရ လုပ်ငန်းလိုင်စင် သက်တမ်းကာလအတွင်း ထူးခြားသည့် အခြေအနေတစ်ရပ်ရပ်အရ လုပ်ငန်းလိုင်စင်သက်တမ်းတိုးမြှင့်ပေးရန် ခိုင်လုံသော အထောက်အထားဖြင့် လျှောက်ထားပါက စိစစ်ပြီး ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် သင့်လျော်သောကာလသတ်မှတ်၍ သက်တမ်းတိုးမြှင့်ပေးနိုင်သည်။

၃၄။ ပုဒ်မ ၂၁ အရ လုပ်ငန်းလိုင်စင်ရရှိသူသည် ရေနံထုတ်လုပ်ခြင်းနှင့် စပ်လျဉ်း၍ ဆောင်ရွက်ချက်များနှင့် တွေ့ရှိချက်ရလဒ်တို့ကို ဝန်ကြီးဌာနနှင့် မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းသို့ နှစ်စဉ် အစီရင်ခံရမည့်အပြင် ရေနံထုတ်လုပ်ခြင်းလုပ်ငန်း ပြီးဆုံးသည့်အခါ ဆောင်ရွက်ချက်များနှင့် ရေနံထုတ်ယူမှု နောက်ဆုံးအစီရင်ခံစာတို့ကို သတ်မှတ်ချက်များနှင့်အညီ တင်ပြရမည်။

အခန်း(၁၃)

ရေနံလုပ်ငန်းလုပ်ကိုင်ခွင့်ရသူက ရေနံလုပ်ကွက်ကို စွန့်လွှတ်ခြင်း

၃၅။ ရေနံစူးစမ်းရှာဖွေခြင်းလုပ်ငန်း သို့မဟုတ် ရေနံတူးဖော်စမ်းသပ်ခြင်းလုပ်ငန်းအတွက် ခွင့်ပြုမိန့်ရရှိသူသည် ခွင့်ပြုမိန့်သက်တမ်းအတွင်း မည်သည့်အချိန်အခါ၌မဆို ရေနံလုပ်ကွက် တစ်ခုလုံးတွင်ဖြစ်စေ၊ ရေနံလုပ်ကွက်၏ အစိတ်အပိုင်းတစ်ခုခုတွင်ဖြစ်စေ ရေနံစူးစမ်းရှာဖွေခြင်းလုပ်ငန်း သို့မဟုတ် ရေနံတူးဖော်စမ်းသပ်ခြင်းလုပ်ငန်းကို စွန့်လွှတ်လိုလျှင် ထိုသို့စွန့်လွှတ်လိုကြောင်း အနည်းဆုံး ရက်ပေါင်း ၃၀ ကြိုတင်၍ ဝန်ကြီးဌာနသို့ တင်ပြပြီး ဝန်ကြီးဌာန၏ ခွင့်ပြုချက်ဖြင့် စွန့်လွှတ်ပြီး လုပ်ကွက်အား ဝန်ကြီးဌာနသို့ ပြန်လည်အပ်နှံရမည်။

၃၆။ ရေနံတူးဖော်စမ်းသပ်ခြင်းလုပ်ငန်းအတွက် ခွင့်ပြုမိန့်ရရှိသူသည် -

(က) ခွင့်ပြုမိန့်သက်တမ်းကုန်ဆုံးခဲ့ကိုးတွင် ရေနံရှာဖွေတွေ့ရှိခြင်း မရှိပါက ခွင့်ပြုထားသည့် ရေနံလုပ်ကွက်ကို စွန့်လွှတ်ပြီး ဝန်ကြီးဌာနသို့ ပြန်လည်အပ်နှံရမည်။

(ခ) ခွင့်ပြုမိန့်သက်တမ်းကာလအတွင်း ရေနံကိုရှာဖွေတွေ့ရှိပါက ရေနံထုတ်လုပ်ခြင်းပြုမည့် လုပ်ကွက်ဧရိယာမှအပ ကျန်သည့် လုပ်ကွက်ဧရိယာများကို ခွင့်ပြုမိန့်သက်တမ်းကုန်ဆုံးသည့် နေ့ရက်ထက် နောက်မကျစေဘဲ သတ်မှတ်ချက်များနှင့်အညီ စွန့်လွှတ်ပြီး ဝန်ကြီးဌာနသို့ ပြန်လည်အပ်နှံရမည်။

၃၇။ ရေနံထုတ်လုပ်ခြင်းလုပ်ငန်းလိုင်စင်ရရှိသူသည် -

(က) လုပ်ငန်းလိုင်စင်သက်တမ်းအတွင်း ရေနံထုတ်ယူလျက်ရှိသည့် ရေနံသိုက်ပမာဏ (Field Reserve) ကုန်ဆုံးသည့်အခါ ရေနံဖွံ့ဖြိုးမှုနှင့် ထုတ်လုပ်မှုဧရိယာကို စွန့်လွှတ်လိုလျှင် ထိုသို့စွန့်လွှတ်လိုကြောင်း အနည်းဆုံး ရက်ပေါင်း ၉၀ ကြိုတင်၍ ဝန်ကြီးဌာနသို့ တင်ပြပြီး ဝန်ကြီးဌာန၏ ခွင့်ပြုချက်ဖြင့် သတ်မှတ်ချက်များနှင့်အညီ ပြန်လည်အပ်နှံနိုင်သည်။

(ခ) လုပ်ငန်းလိုင်စင်သက်တမ်းကုန်ဆုံးသည့်အခါ ရေနံဖွံ့ဖြိုးမှုနှင့် ထုတ်လုပ်မှု ဧရိယာကို စွန့်လွှတ်ပြီး ဝန်ကြီးဌာနသို့ သတ်မှတ်ချက်များနှင့်အညီ ပြန်လည်အပ်နှံရမည်။

၃၈။ (က) ရေနံလုပ်ငန်းလုပ်ကိုင်ခွင့်ရသူသည် ရေနံလုပ်ငန်းတစ်ရပ်ရပ် လုပ်ကိုင်ခွင့် စွန့်လွှတ်ခြင်းနှင့်စပ်လျဉ်း၍ ရေနံလုပ်ငန်း တစ်ခုခုကို စွန့်လွှတ်ခြင်းမပြုမီ ယင်းရေနံလုပ်ငန်းနှင့် သက်ဆိုင်သည့် ကုန်ကျစရိတ်များ၊ ဆုံးရှုံးမှုများ၊ ဆောင်ရွက်ရန်ကိစ္စများနှင့် ပေးလျော်ရန်ကိစ္စများအတွက် တာဝန်ရှိစေရမည်။ ထို့ပြင် စွန့်လွှတ်သည့် ရေနံလုပ်ကွက်တစ်ခုခုကို မူလပတ်ဝန်းကျင်အခြေအနေသို့ ပြန်လည်ရောက်ရှိစေရန် ဆောင်ရွက်ပေးရမည်။

(ခ) ပုဒ်မခွဲ(က)ပါတာဝန်များအတွက် သီးခြားသဘောတူညီချက်မရှိလျှင် မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းတွင် တာဝန်မရှိစေရ။

(ဂ) ပုဒ်မခွဲ(က)နှင့် (ခ)ပါ တာဝန်ရှိစေရမည့် ကိစ္စများမှအပ အခြားကိစ္စများနှင့်စပ်လျဉ်း၍ ရေနံလုပ်ငန်းလုပ်ကိုင်ခွင့်အတွက် ပဋိညာဉ်စာချုပ်ပါအတိုင်း ဖြစ်စေရမည်။

အခန်း(၁၄)

ရေနံလုပ်ငန်းလုပ်ကိုင်ခွင့်ရသူ၏ တာဝန်နှင့်အခွင့်အရေးများ

၃၉။ ရေနံလုပ်ငန်းလုပ်ကိုင်ခွင့်ရသူ၏တာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) ဤဥပဒေနှင့် ဤဥပဒေအရထုတ်ပြန်သည့် နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ လုပ်ထုံးလုပ်နည်း၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်များကိုလည်းကောင်း၊ ခွင့်ပြုမိန့်နှင့် လုပ်ငန်းလိုင်စင်စည်းကမ်းချက်များနှင့် ပဋိညာဉ်စာချုပ်ပါ စည်းကမ်းချက်များကိုလည်းကောင်း လိုက်နာခြင်း၊

(ခ) တည်ဆဲဥပဒေများအရ အခွန်အခများ ပေးဆောင်ခြင်း၊

(ဂ) ရေနံလုပ်ငန်းများလုပ်ကိုင်ရာတွင် ပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ လုပ်ငန်းခွင် အန္တရာယ်ကင်းရှင်းရေးနှင့် လုပ်ငန်းခွင်လုံခြုံရေး၊ ကျန်းမာရေးဆိုင်ရာကိစ္စရပ်များ၊ စွန့်ပစ်ပစ္စည်းများနှင့် သက်ဆိုင်သည့် မူဝါဒများ၊ တည်ဆဲဥပဒေများ၊ နိုင်ငံတကာ ရေနံလုပ်ငန်းဆိုင်ရာ ကျင့်စဉ်များနှင့်အညီ တာဝန်ယူဆောင်ရွက်ခြင်း၊ **(ဆက်လက်ဖော်ပြပါမည်)**

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် နည်းစနစ်ဒါရိုက်တာသစ်နှင့် သတင်းစာရှင်းလင်းပွဲပြုလုပ်

ရန်ကုန် အောက်တိုဘာ ၃

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် နည်းစနစ်ဒါရိုက်တာသစ်အဖြစ် သုံးနှစ်စာချုပ် ချုပ်ဆိုခန့်အပ်လိုက်သည့် ဘယ်လ်ဂျီယံနိုင်ငံသား အဲရစ်အာဗရန်နှင့် သတင်းစာရှင်းလင်းပွဲကို အောက်တိုဘာ ၂ ရက် မွန်းလွဲပိုင်းက MFF ရုံး၌ ကျင်းပရာ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် အမှုဆောင်အရာရှိချုပ် ဦးဘုန်းနိုင်ဇော်၊ အထွေထွေအတွင်းရေးမှူး ဦးကိုကိုသိန်းနှင့် တာဝန်ရှိသူများ၊ မီဒီယာများ တက်ရောက်ခဲ့သည်။

နည်းစနစ်ဒါရိုက်တာ အဲရစ်အာဗရန်က "ကျွန်တော့်မှာရှိတဲ့ အတွေ့အကြုံတွေနဲ့ အကောင်းဆုံးဖြစ်အောင် ဆောင်ရွက်သွားမှာပါ။ ကျွန်တော့် အနေနဲ့ မြန်မာ့ဘောလုံးအကြောင်းကို အရင်ကတည်းက သိထားပြီး ဩစတြေးလျမှာ အလုပ်လုပ်စဉ်ကတည်းက ယူ-၂၃၊ ယူ-၂၀ အသင်းတို့နဲ့ မြန်မာနိုင်ငံကို လိုက်ပါဖူးပါတယ်။ ကစားသမားတွေ ဖွံ့ဖြိုးတိုးတက်ဖို့၊ နည်းပြတွေရဲ့ အရည်အချင်းတိုးတက်လာဖို့ ဆောင်ရွက်မှာပါ"ဟု ပြောကြားခဲ့သည်။

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် အမှုဆောင်အရာရှိချုပ် ဦးဘုန်းနိုင်ဇော်က "မြန်မာ့ဘောလုံးလောကအတွက် ကြီးမားတဲ့အပြောင်းအလဲတစ်ခုလုပ်နိုင်မယ်လို့ ထင်ပါတယ်။ သူ့အနေနဲ့ ဘယ်လ်ဂျီယံနိုင်ငံရဲ့ ရွှေရောင်မျိုးဆက်တွေကို ပြုစုပျိုးထောင်ပေးနိုင်ခဲ့သလို ဩစတြေးလျဘောလုံးအဖွဲ့ချုပ်မှာလည်း လုပ်ဆောင်ရာမှာလည်း အောင်မြင်ခဲ့ပါတယ်။ သုံးနှစ်စာချုပ်ချုပ်ဆိုထားပြီး သူ့ရဲ့ လုပ်ဆောင်မှုတွေကိုကြည့်ပြီး သက်တမ်းတိုးမှာပါ။ သူ့အနေနဲ့ လက်ရွေးစင် အမျိုးသားနဲ့ အမျိုးသမီးအသင်းကို အကြံပေးမှာဖြစ်ပြီး အကယ်ဒမီကနေ ယူ-၂၂ လက်ရွေးစင်အသင်းထိ တာဝန်ယူဆောင်ရွက်ရမှာဖြစ်ပါတယ်" ဟု ပြောကြားခဲ့သည်။

အဲရစ်အာဗရန်သည် ဘယ်လ်ဂျီယံဘောလုံးအဖွဲ့ချုပ်တွင် ၂၀၀၂ ခုနှစ်မှ ၂၀၁၃ ခုနှစ်အထိ ဆောင်ရွက်ခဲ့ပြီး ဟာဇက်၊ ဒီဘရိုင်းနား၊ လူကာကူ စသည့် ကစားသမားကောင်းများကို လေ့ကျင့်ပေးခဲ့သူဖြစ်သည်။ ထို့ပြင် ၂၀၁၄ ခုနှစ်မှ ၂၀၁၈ ခုနှစ်အထိ ဩစတြေးလျဘောလုံးအဖွဲ့ချုပ်တွင် နည်းစနစ်ဒါရိုက်တာအဖြစ် ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

သတင်း–ရှိုင်းထက်ဇော်
ဓာတ်ပုံ–ဖိုးသော်ဇင်

မန္တလေးတိုင်းဒေသကြီးမြို့တော်ဝန်ဒေါက်တာရဲလွင်စက်ယန္တရားများကြည့်ရှုစစ်ဆေး

မန္တလေး အောက်တိုဘာ ၃

မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ မိနိဿတ်ဂျက်အထောက်အပံ့ဖြင့် ဝယ်ယူခဲ့သော စက်ယာဉ်ယန္တရားများ ချမ်းမြသာစည်မြို့နယ်၆၂ လမ်းရှိ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီစက်ရုံနှင့် မော်တော်ယာဉ်ဌာနသို့ ရောက်ရှိလာရာ အောက်တိုဘာ ၁ ရက်က မန္တလေးမြို့တော်ဝန် ဒေါက်တာရဲလွင် ကြည့်ရှုစစ်ဆေးသည်။

မြို့တော်ဝန်နှင့်အဖွဲ့အား စက်ရုံနှင့် မော်တော်ယာဉ်ဌာနဌာနမှူး၊ ဒုတိယဌာနမှူးတို့က လမ်းခင်းလုပ်ငန်းအတွက် နိုင်လွန်ကတ္တရာဖျန်းပေးသည့် အီတလီနိုင်ငံထုတ် 2018 Model AP 355F Asphalt Paver Caterpillar စက်ယန္တရားနိုင်လွန်ကတ္တရာလမ်းကြိတ်စက် Two Wheel Tanden Vibratory Rollerနှစ်စီး၊ Pneumatic Roller နှစ်စီး၊ Three Wheel Roller နှစ်စီးတို့၏ လုပ်ဆောင်ချက်များအား ရှင်းလင်းတင်ပြရာ မြို့တော်ဝန်က စက်ယန္တရားများကို ကျွမ်းကျင်သူများကိုသာ တာဝန်ပေးကိုင်တွယ်စေရန်နှင့်ပျက်စီးဆုံးရှုံးမှုများ မရှိစေရန်တို့ကို မှာကြားသည်။

ဆက်လက်၍ မြို့တော်ဝန်သည် သန့်ရှင်းရေးလုပ်ငန်းများတွင် အသုံးပြုရန်အမှိုက်သိမ်းယာဉ် Tank Carrier(TC) ငါးစီး၊ Compactor Garbage Truck 7m3 ၁၀စီး၊ Damp Truck ၁၀ စီးတို့ကို လိုက်လံစစ်ဆေးကာ မြို့တော်သန့်ရှင်းရေးအမှိုက်သိမ်းဆည်းမှုလုပ်ငန်းများပိုမိုဆောင်ရွက်နိုင်ရေးအတွက် မြို့နယ်အလိုက်ခွဲဝေချထားပေးရန်မှာကြားခဲ့ကြောင်း သိရသည်။

သီဟကိုကို (မန္တလေး)

တိုတိုထွာထွာဖတ်စရာ

ကျောင်းသား ကျောင်းသူများအား နိုင်ငံသားစိစစ်ရေးကတ်ပြားပြုလုပ်ပေး

ဖာပွန်

ကရင်ပြည်နယ် ဖာပွန်မြို့နယ် လူဝင်မှုကြီးကြပ်ရေး၊ ပြည်သူ့အင်အားဆိုင်ရာနှင့် NRC အဖွဲ့တို့ပူးပေါင်း၍ အောက်တိုဘာ ၁ ရက်က ဖာပွန်မြို့နယ် အမှတ်(၂) ရပ်ကွက် အခြေခံပညာအထက်တန်းကျောင်းသို့သွားရောက်၍ နိုင်ငံသားစိစစ်ရေးကတ်ပြားများ ကွင်းဆင်းဆောင်ရွက်ပေးခဲ့သည်။

အဆိုပါကွင်းဆင်းဆောင်ရွက်မှုကို အောက်တိုဘာ ၁ ရက်မှ ၃ ရက်ထိ ပြုလုပ်ပေးပြီး ကျောင်းသား ကျောင်းသူ စုစုပေါင်း ၁၆၀ ခန့်ကို နိုင်ငံသားစိစစ်ရေးကတ်များ ပြုလုပ်ပေးခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

မာတ်အားလိုင်းနှင့်မလွတ်ကင်းသည့်နှစ်ရှည်သီးနှံပင်များအတွက် လျော်ကြေးပေးအပ်

သံဖြူဇရပ်

လျှပ်စစ်စွမ်းအားဝန်ကြီးဌာနသည် မော်လမြိုင်မှ သံဖြူဇရပ်သို့ 66KV မာတ်အားလိုင်း တည်ဆောက်ခြင်းကြောင့် မာတ်အားလိုင်းနှင့်မလွတ်ကင်းသည့် နှစ်ရှည်သီးနှံပင်များဖြစ်သည့် ရော်ဘာ၊ ထန်းပင်များအတွက် ပိုင်ရှင်တောင်သူများအား သီးနှံလျော်ကြေးငွေ (ပထမအကြိမ်) ပေးအပ်ပွဲကို အောက်တိုဘာ ၂ ရက် နံနက် ၁၀ နာရီက သံဖြူဇရပ်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနအစည်းအဝေးခန်းမ၌ ကျင်းပသည်။

စီမံကိန်းမန်နေဂျာ ဦးဝင့်ဇော်ဦးက 66KV မာတ်အားလိုင်းတည်ဆောက်မှုကြောင့် မလွတ်ကင်းသည့် နှစ်ရှည်သီးနှံပင်များအတွက် ဝါခရူကျေးရွာမှ တောင်သူသုံးဦးအပါအဝင် အမှတ်(၂) စက်မှုဝန်ကြီးဌာနပိုင် ရော်ဘာပင်များနှင့် သံဖြူဇရပ်မြို့ ကွက်သစ်စီမံကိန်းအတွင်းရှိ ရော်ဘာပင်များအတွက် လျော်ကြေးငွေကျပ် ၂၃၈ ဒသမ ၂ သိန်းအနက် ငွေကျပ် ၁၀၂ ဒသမ ၄၂၆ သိန်းအား တောင်သူတစ်ဦးချင်းစီနှင့် သက်ဆိုင်ရာဌာနတာဝန်ရှိသူများထံ ပေးအပ်ခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

ကျွန်းလှတွင် စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်

ကျွန်းလှ

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင် ကျွန်းလှမြို့နယ်ရဲတပ်ဖွဲ့မှူး ယာယီရဲမှူး အောင်မျိုးဦး ကြီးကြပ်မှုဖြင့် ကျွန်းလှမြို့မ ရဲစခန်းမှူး ဒုရဲမှူးသန်းထိုက် ဦးဆောင်၍ တပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်အင်အား ၅၀ တို့သည် စက်တင်ဘာ ၂၉ ရက် နံနက် ၇ နာရီက ကျွန်းလှမြို့နယ် ပြည်သူ့ဆေးရုံဝင်းအတွင်း ချို့နွဲ့ယိပတ်ပေါင်းများ ရှင်းလင်းခြင်း လုပ်အားပေးဆောင်ရွက်ခဲ့ကြောင်းသိရသည်။

ကျော်စိုးမိုး (မင်္ဂလာတောင်ညွန့်)

လွတ်တော်ကိုယ်စားလှယ်များနှင့် ဌာနဆိုင်ရာများ တွေ့ဆုံဆွေးနွေး

မယ်စဲ့

မယ်စဲ့မြို့နယ် လွတ်တော်ကိုယ်စားလှယ် ဦးစိုင်းပန်ဖက ကယားပြည်နယ် မယ်စဲ့မြို့နယ်၌ လွတ်တော်ကိုယ်စားလှယ်များနှင့် ဌာနဆိုင်ရာများတွေ့ဆုံ၍ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ညှိနှိုင်းဆွေးနွေးပွဲကို အောက်တိုဘာ ၂ ရက် နံနက် ၉ နာရီက အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနအစည်းအဝေးခန်းမ၌ ကျင်းပသည်။

အမျိုးသားလွတ်တော်ကိုယ်စားလှယ် ဦးစိုင်းပန်ဖက လွတ်တော်အတွေ့အကြုံများနှင့် ပြည်သူ့လွတ်တော်ကိုယ်စားလှယ်ဦးသန်းလင်းလင်းက ဌာနဆိုင်ရာနှင့် လွတ်တော်ကိုယ်စားလှယ်တို့ လက်တွဲပြီး မြို့နယ်ဖွံ့ဖြိုးရေးလုပ်ငန်းများကို ပူးပေါင်းဆောင်ရွက်ရန်ပြောကြားပြီး မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမျိုးသန့်က ဌာနအလိုက် ဆောင်ရွက်မည့် လုပ်ငန်းအစီအမံများ၊ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများနှင့်ပတ်သက်၍ ဆွေးနွေးခဲ့ကြသည်။ **ဝတ်ရည်(ပြန်/ဆက်)**

Miss Cosmopolitan World 2018 ယှဉ်ပြိုင်ရန် အလှမယ် စိုးရတနာထွန်း မလေးရှားသို့ထွက်ခွာ

မလေးရှားနိုင်ငံမှာ အောက်တိုဘာ ၃ ရက်မှ ၂၁ ရက်အထိကျင်းပမယ့် နိုင်ငံပေါင်း ၃၅ နိုင်ငံက အလှမယ်တွေ ပါဝင်ယှဉ်ပြိုင်မယ့် Miss Cosmopolitan World 2018 ပြိုင်ပွဲကို အသက် ၂၁ နှစ် အရွယ် မြန်မာစာ တတိယနှစ် ကျောင်းသူ Miss Cosmopolitan Myanmar 2018 Winner ဆုရှင် စိုးရတနာထွန်းက မြန်မာနိုင်ငံကိုယ်စားပြုအလှမယ်အနေနဲ့ သွားရောက်ယှဉ်ပြိုင်ဖို့အတွက် အောက်တိုဘာ ၃ ရက်က ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်ကနေ ထွက်ခွာသွားပြီဖြစ်ပါတယ်။ မြန်မာနိုင်ငံကိုယ်စားပြုအလှမယ် လေဆိပ်က မထွက်ခွာခင် သူ့ရဲ့ပြိုင်ပွဲအပေါ် ထားရှိတဲ့ ယုံကြည်မှု၊ ခံစားမှုနဲ့ ပြင်ဆင်တဲ့ အပိုင်းလေးတွေကို တွေ့ဆုံမေးမြန်းတင်ပြလိုက်ပါတယ်။

မေး။ ။ကြိုတင်ပြင်ဆင်ထားတာလေးပြောပေးပါ။

ဖြေ။ ။အခုချိန်က တစ်လလောက်ပဲရတယ်။ Talent အပိုင်း ပြင်ဆင်ထားတယ်။ နိုင်ငံခြားမှာ သွားပြိုင်ရမှာဖြစ်တဲ့အတွက် အနေအထိုင်အပြုအမူတွေက အစ တီချယ်လှနုနဲ့ အသေးစိတ်လေ့ကျင့်ထားတယ်။ အင်္ဂလိပ်စကားပြောလည်း သေသေချာချာ လေ့လာထားပါတယ်။

မေး။ Talent ပိုင်းကို ဘယ်လိုပြင်ဆင်ထားလဲ။

ဖြေ။ ။Talent ကတော့ မြန်မာအက(ပန်ထွာအက)ပြီးတော့ ရှေးခေတ်ကမြန်မာစစ်သူကြီးတွေ စစ်ထွက်တဲ့အခါကျရင် ရဲရဲရင့်ရင့်နဲ့ သွားတဲ့ဟန်ပန်မျိုးပြသမှာပါ။

မေး။ ။ Winner ဆုအတွက် ဘယ်လိုမျှော်မှန်းထားလဲ။

ဖြေ။ ။အကောင်းဆုံး အတတ်နိုင်ဆုံးတော့ ယှဉ်ပြိုင်မယ်။ အရင်နှစ်တွေက သွားပြိုင်တဲ့အစ်မတွေလည်း ရလဒ်ကောင်းခဲ့တယ်။ ညီမလည်း ရလဒ်ကောင်းရမယ်လို့မျှော်လင့်ပါတယ်။ ဆုတွေတော့ မှန်းထားတယ်။ အတိအကျတော့ မပြောနိုင်သေးဘူး။

မေး။ ။ မြန်မာနိုင်ငံက ပရိသတ်တွေကို ဘာပြောချင်လဲ။

ဖြေ။ ။ ပြိုင်ပွဲက ဒီနေ့ကစကျင်းပတဲ့အတွက် ၁၉ ရက်နေ့မှာ Grand Final ကျင်းပမှာပါ။ ဒီပွဲက Live လွှင့်မှာဖြစ်တဲ့အတွက် မြန်မာနိုင်ငံက ပရိသတ်တွေလည်း Miss Cosmopolitan World 2018 Page ထဲဝင်ကြည့်ပြီး အားပေးကြပါ။ ဝေဖန်ပေးပါ။ လိုအပ်တာတွေပြောပေးပါ။ ကိုယ့်နိုင်ငံအတွက် ဆုရအောင် မဖြစ်မနေလုပ်ပါမယ်၊ အတတ်နိုင်ဆုံး ကြိုးစားပါမယ်လို့ ပြောချင်ပါတယ်။ **သတင်းနှင့်ဓာတ်ပုံ-ဇာနည်မောင်**

အခွန်ရှောင်ခဲ့မှုကြောင့် ယွမ် သန်း ၅၀၀ နီးပါး ဒဏ်ငွေပေးဆောင်ရမယ့် ဖန်ဘင်းဘင်း

တရုတ်နာမည်ကျော်မင်းသမီးတစ်ဦးဖြစ်တဲ့ ဖန်ဘင်းဘင်းဟာ အနုပညာလုပ်ငန်းတွေက ရရှိခဲ့တဲ့ ဝင်ငွေတွေကို မှန်ကန်စွာ အခွန်ပေးဆောင်ခဲ့ခြင်းမရှိကြောင်း စစ်ဆေးပေါ်ပေါက်ခဲ့တာကြောင့် ဒဏ်ကြေးအဖြစ် ယွမ် ၄၇၉ သန်းကျော် ပေးဆောင်သွားရမှာဖြစ်ကြောင်း အေးရှားဝမ်းဒေါ့ကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

ဆင်ဟွာသတင်းဌာနရဲ့ ပြီးခဲ့တဲ့ ဗုဒ္ဓဟူးနေ့က ထုတ်ပြန်ချက်တွေအရ ဖန်ဘင်းဘင်းကို တရုတ်အကောက်ခွန်ဌာနမှ တာဝန်ရှိသူတွေက အခွန်ရှောင်မှုအတွက် ဒဏ်ကြေးငွေ ပေးဆောင်စေခဲ့တဲ့အပြင် ယွမ် ၂၅၅ သန်းကိုလည်း အခွန်ပေးဆောင်စေဖို့ရာ အမိန့်ထုတ်ပြန်ခဲ့ကြောင်းလည်း သိရပါတယ်။

ဖန်ဘင်းဘင်းဟာ ပြီးခဲ့တဲ့ ဇွန်လအတွင်း အခွန်ရှောင်ခဲ့ကြောင်းနဲ့ စုံစမ်းစစ်ဆေးမှုတွေ ခံယူနေရကြောင်း သတင်းတွေပေါ်ထွက်လာခဲ့စဉ်ကတည်းက လူမှုကွန်ရက်မီဒီယာတွေပေါ်မှာပါ ကွယ်ပျောက်နေခဲ့တာ ဖြစ်ပါတယ်။ အချို့သောမီဒီယာတွေက ဖန်ဘင်းဘင်းဟာ သူ့ရဲ့နေအိမ်မှာ ရှိနေကြောင်း ရေးသားဖော်ပြခဲ့ပေမယ့် မီဒီယာတွေရဲ့ ဆက်သွယ်မေးမြန်းမှုတွေကို ဖန်ဘင်းဘင်းဘက်က တုံ့ပြန်ဖြေကြားခြင်းမရှိဘူးလို့လည်း သိရပါတယ်။ **အေးပြည့်**

ကြေးမုံစာအုပ်စင်စာအုပ်အမြင်

မော်ကွန်း

ကြေးမုံစာအုပ်စင် စာအုပ်အမြင်ကဏ္ဍတွင် စာအုပ်ထုတ်ဝေသူများ၊ စာအုပ်ဖြန့်ချိသူများ၊စာရေးဆရာများ၏ ထုတ်ဝေသော စာအုပ်များကို စာဖတ်ပရိသတ်များ ကျယ်ကျယ်ပြန့်ပြန့်သိရှိလေ့လာဖတ်ရှုနိုင်ရန်အတွက် စုစည်းဖော်ပြပေးလိုက်ပါသည်။ (စာတည်း)

အကြောင်းတရားတို့၏အစွမ်းသတ္တိများ

အဆင့်မြင့်ပဌာန်းသဘောတရားများကို နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ပညာရေး စသည့်ကဏ္ဍများတွင် လက်တွေ့အသုံးပြုနိုင်စေရန် စာရေးသူ ဒေါက်တာအေးကျော် စီစဉ်ရေးသားသည့် အကြောင်းတရားတို့၏ အစွမ်းသတ္တိများစာအုပ် ထွက်ရှိလာသည်။

ပဌာန်းတရားတော်သည် ဘဝအဆက်ဆက်ကပြုခဲ့သည့် ကောင်းသည့်ကံများ အစွမ်းကုန်ပွင့်လန်းလာစေခြင်း၊ မကောင်းမှုများမပြုမိအောင်၊ ဆောင်ရွက်ခဲ့သမျှ ကောင်းမြတ်သည့်ကိစ္စခပ်သိမ်း ပြီးပြီမ်းအောင်မြင်အောင် စွမ်းဆောင်ပေးနိုင်ခြင်း၊ အကြံဉာဏ်ကောင်းများကို ဖြစ်ပေါ်စေခြင်း စသည့် အင်မတန်အစွမ်းထက်သည့် တန်ခိုးသတ္တိများနှင့် ပြည့်စုံသည်။ ထိုသို့အစွမ်းရှိသည့်အတွက် ဖြစ်ဆဲ၊ ဖြစ်လတ္တံ့သော ဘေးအန္တရာယ်များကင်းဝေးစေခြင်း၊ စီးပွားလာဘ်လာဘတိုးတက်စေခြင်း၊ လိုအင်ဆန္ဒပြည့်ဝစေခြင်း စသည့် လောကီအကျိုးစီးပွားများကိုသာမက မဂ်ဖိုလ်နိဗ္ဗာန်တည်းဟူသော လောကုတ္တရာအကျိုးများကိုပါ ပေးစွမ်းနိုင်ကြောင်း ရေးသားထားသည်။

စာအုပ်ကို ဘဝတက်လမ်းစာပေ၊ တော်ဝင်လုံးချင်းအိမ်ရာ၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၄၂၂၀၉၃၁ က တန်ဖိုးငွေကျပ် ၃၀၀ ဖြင့် ဖြန့်ချိသည်။

ငါးပါးသီလနှင့် ဂရုဓမ္မ ပုံပြတရားတော်

ငါးပါးသီလသည် လူတိုင်းသိထားရမည့် ကိုယ်ကျင့်တရား၊ အမြဲစောင့်ထိန်းရမည့် ကိုယ်စောင့်တရားဖြစ်ကြောင်း စာရေးသူ ဦးဝင်းဆွေ (ဓမ္မဂုဏ်ရည်) ပူဇော်သည့် ငါးပါးသီလနှင့် ဂရုဓမ္မပုံပြတရားတော် စာအုပ်ထွက်ရှိလာသည်။

ငါးပါးသီလကို လူတိုင်းစောင့်ထိန်းကြ၊ ခါးဝတ်ပုဆိုးကဲ့သို့ မြဲကြမည်ဆိုလျှင် ကမ္ဘာကြီးတစ်ခုလုံး သာယာဝပြောပြီး ငြိမ်းချမ်းမှုအတိနှင့် ပြည့်စုံကြမည်ဖြစ်သည်။ ငါးပါးသီလကို စောင့်ထိန်းခြင်း၊ မမေ့မလျော့ခြင်းကြောင့် စီးပွားဥစ္စာတိုးတက်ခြင်း၊ ကောင်းသတင်းကျော်စောခြင်း၊ မည်သည့်ပဂိုလ်ထဲတွင်မဆို ရဲရဲဝံ့ဝံ့ဝင်နိုင်ခြင်း၊ မတွေမဝေဘဲသေရခြင်း စသည့်အကျိုးတရားများကို ခံစားရမည်ဖြစ်သည်။ နောင်တစ်ခေတ်တွင် လူကြီးဖြစ်လာမည့် လူငယ်များသည် ငါးပါးသီလ၏ အကျိုးအပြစ်များကို သိရှိနိုင်စေရန် လူကြီးများက ပြောဆိုသွန်သင် ဆုံးမသင့်သည်။ ထို့ကြောင့် ပုဂ္ဂိုလ်တိုင်း ပုဂ္ဂိုလ်တိုင်း၊ လူကြီးလူငယ်တိုင်း ငါးပါးသီလကို စောင့်ထိန်းကြစေရန် ရည်ရွယ်၍ ရေးသားထားသည်။

စာအုပ်ကို-ဓမ္မဂုဏ်ရည်၊ အမှတ်-၃၈၊ ရွှေတိဂုံဘုရားတောင်ဘက်၊ ဈေးတော်ရုံ ဒဂုံစာတိုက်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၄၉၂၈၄၇၁၃ နှင့် ၀၉-၉၇၁၀၀၈၁၁၇ တို့မှ တန်ဖိုးငွေကျပ် ၁၅၀၀ ဖြင့် ဖြန့်ချိသည်။

အိုပွင့်ကဗျာများ

စာရေးသူ အုံမောင်၏ အိုပွင့်ကဗျာများဟုအမည်ပေးလိုက်ခြင်းသည် စာရေးသူအသက်ရှစ်ဆယ်ကျော် ကိုးဆယ်အတွင်း ရေးသားသည့် ကဗျာများကို ဖော်ပြထားခြင်းဖြစ်သည်။

လူသားများသည် ငြိမ်းချမ်းရေးမရှိသည်ကို ငြိမ်းချမ်းရေးရရှိလာစေရန်၊ စိတ်ဆင်းရဲ၊ ကိုယ်ဆင်းရဲဖြစ်ရခြင်းကို စိတ်ချမ်းသာ ကိုယ်ချမ်းသာမှုရရှိလာစေရန် အစဉ်အမြဲ ကြိုးပမ်းနေရမည်ဖြစ်သည်။ ယနေ့ကမ္ဘာကြီးတွင် မြန်မာပြည်၌ မကောင်းသောအပြုအမူများကို ရှောင်ကြဉ်ကြလား၊ ကောင်းတာကို လက်တွေ့လုပ်ကြလားဆိုသည်ကို သင်၏နားနှင့် သင်၏မျက်စိများက အဖြေပေးလိမ့်မည်ဖြစ်သည်။ ကောင်းသောအပြုအမူများကို ပြုမူလုပ်ဆောင်ကာ မိမိတိုင်းပြည်၏ အကျိုးနှင့် မိမိ၏အကျိုးကို ရှေးရှုလုပ်ဆောင်ကြစေရန် ရည်ရွယ်ရေးသားထားသည့် ကဗျာအပုဒ်ပေါင်း ၁၀၀ ကျော် ပါရှိသည်။

စာအုပ်ကို-စိမ်းရောင်စိုစာပေ၊ အမှတ်-၁၅၉/က၊ ရွှေတိဂုံဘုရားလမ်း၊ ဘုရားကြီးရုပ်ကွက်၊ ဒဂုံစာတိုက်၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၁-၃၇၄၇၁၄ က တန်ဖိုးငွေကျပ် ၃၀၀ ဖြင့် ဖြန့်ချိသည်။

အဒေါ့်ဖ်ဟစ်တလာ



နာဇီဝါဒ ဖြန့်ချိရေးကြော်ငြာတစ်ခု နိုးထကြလော့ဟု ဂျာမန်များအား လှုံ့ဆော်ပေးကြောင်း စာရေးသူ အောင်ဌေး(ရူဝံ) စီစဉ်ရေးသားသည့် အဒေါ့်ဖ်ဟစ်တလာ စာအုပ်ထွက်ရှိလာသည်။

ဂျူးဆန့်ကျင်မုန်းတီးရေးဝါဒသည် ဟစ်တလာ၏ ကမ္ဘာကြီးအပေါ် အမြင်အားလုံးကို အရောင်ဆိုးထားပြီဖြစ်သည်။ ဆိုရှယ်ဒီမိုကရက်တစ်ပါတီကို ဂျူးများ၊ ဂျူးဘဏ်လုပ်ငန်းရှင်များက ချုပ်ကိုင်ထားသည်ဟု သူက အခိုင်အမာယုံကြည်ခဲ့သည်။ စစ်ရှုံးနိမ့်ခဲ့ခြင်းသည် သူတို့၏ပယောဂနှင့် ထောက်ပံ့ကူညီပေးခြင်းကြောင့်ဟူ၍ စွဲချက်တင်ခဲ့ကြသည်။ သူ၏ ခါးသီးမုန်းတီးသည့် စိတ်ကူးထဲတွင် ထိုသို့ရှိခဲ့သည်။ ဂျာမန်များ လက်နက်ချအည့်ခံခြင်းက ဂျာမန်ပြည်ထောင်စုကြီးကို ပိုမိုအင်အားချည့်နဲ့စေပြီး အစိုးရကို မတော်မတရား ထိန်းချုပ်လွှမ်းမိုးရန် ဂျူးများ၏ ကြီးမားသောအကောက်ကြိုမှုဖြစ်ကြောင်း ရေးသားထားသည်။

စာအုပ်ကို-ရှင်မတောင်စာပေ၊ အမှတ်-၂၉၆၊ ၁/အနော်မာ(ဂ)လမ်း၊ သာကေတမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၇၉၁၁၃၄၄ နှင့် ၀၉-၇၇၇၁၃၉၄၇၇ တို့မှ တန်ဖိုးငွေကျပ် ၂၀၀၀ ဖြင့် ဖြန့်ချိသည်။

ရသစာပေ ရွှေထီးဆောင်းခဲ့ကြသူများ

ရသစာပေတွင် ထူးချွန်သည့်စာရေးသူများအား ခီးမွမ်းဂုဏ်ပြုသောအားဖြင့် စာရေးသူ ယောနကဘိုးထောင် စီစဉ်ရေးသားသည့် ရသစာပေ ရွှေထီးဆောင်းခဲ့ကြသူများ စာအုပ်ကို ထုတ်ဝေလိုက်သည်။

ရသစာပေကောင်းများ ရှင်သန်ဖွံ့ဖြိုးတိုးတက်ရေးသည် ယနေ့ခေတ်လူငယ်များ ပခုံးထက်တွင် ကျရောက်လျက်ရှိရာ ရသစာပေကို လူငယ်လူရွယ်များ တန်ဖိုးထားလေးစားပါမှ မြန်မာရသစာပေသမိုင်းကြောင်း ကောင်းမွန်လာမည်ဖြစ်သည်။ မြန်မာရသစာပေ ရွှေထီးဆောင်းခဲ့ကြသူများတွင် ဆရာကြီးမင်းအောင်ကို မိုးအောက်မြေပြင်စာပေဆု ခီးမြှင့်ခဲ့ပြီး မြန်မာ့ရသစာပေဖွံ့ဖြိုးတိုးတက်ရေးအတွက် မော်ကွန်းနိဒါန်းဖြစ်ခဲ့သည်။ ဆရာကြီးတက်တိုး၏ မင်းမှုထမ်းရသဝတ္ထုရှည် စာပေဗိမာန်ဆု ၁၉၅၀ ပြည့်နှစ်တွင် ရွေးချယ်ခီးမြှင့်ခြင်းခံခဲ့ရသဖြင့် မြန်မာရသစာပေ ဖွံ့ဖြိုးတိုးတက်ရေးသည် ယနေ့ခေတ်လူငယ်ရသစာပေကို အထူးအလေးထားဆောင်ရွက်သင့်ကြောင်း ရည်ရွယ်၍ ရေးသားထားသည်။

စာအုပ်ကို-မိတ်ဆွေစာပေ၊ အမှတ်-၆၁၊ ဘုရင့်နောင်လမ်းမ၊ ရတနာလမ်းထိပ်၊ ပေါက်တောရပ်ကွက်၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၂၅၀၆၆၁၃၀၃ နှင့် ၀၉-၇၉၉၇၄၃၃၉၃ တို့မှ တန်ဖိုးငွေကျပ် ၇၀၀ ဖြင့် ဖြန့်ချိသည်။

ပြည်သူ့အရေးအတွက် ရေးပေးခဲ့တဲ့ ပြည်သူ့အရေးဆောင်းပါးများ

စာရေးသူဦးဦးကျော် စီစဉ်ရေးသားသည့် ပြည်သူ့အရေးအတွက်ရေးပေးခဲ့တဲ့ ပြည်သူ့အရေးဆောင်းပါးများစာအုပ် ထွက်ရှိလာသည်။

အဆိုပါစာအုပ်တွင် လေယာဉ်ကွင်းကပေးသော သင်ခန်းစာ၊ စာတိုက်ဘဏ်လုပ်ငန်း၊ ဗျူရိုကရေစီယန္တရား၊ ဂျပန်ဘောလုံးအသင်းရဲ့ မြန်မာလူမျိုး ပထမဆုံးနည်းပြဆရာ၊ ဆောင်သင့်တဲ့အခွန်၊ အမြန်လမ်းမ၊ မြန်မာ့ရခိုင်အရေး၊ လုပ်ပေးစရာတွေက တောင်ပုံယာပုံ၊ သဘာဝဘေးအန္တရာယ်၊ ပြောင်းလဲသင့်တဲ့ ကျန်းမာရေးစနစ်၊ နီးသလိုလိုနှင့် အလှမ်းဝေးနေတဲ့ လျှပ်စစ်စွမ်းအင်၊ မဖြစ်မနေဂရုစိုက်ရတော့မယ့် စားသုံးဆီဈေးကွက် စသည့်အကြောင်းအရာများကို ပြည်သူ့အရေးအတွက် ဖော်ပြထားသည့် စာအုပ်ကောင်းတစ်အုပ်ဖြစ်သည်။

စာအုပ်ကို စာပေလောကစာအုပ်တိုက်၊ အမှတ်-၁၇၃၊ ၃၃-လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၁-၃၇၄၃၉၁ က တန်ဖိုးငွေကျပ် ၂၀၀၀ ဖြင့် ဖြန့်ချိသည်။

အမေ့ခံမန္တလေး



စာရေးသူ ကိုငြိမ်း(မန္တလေး) စီစဉ်ရေးသားသည့် အမေ့ခံမန္တလေးစာအုပ် ထွက်ရှိလာသည်။

လွန်ခဲ့သည့်နှစ်ပေါင်း ၄၀ ကျော်က အနာကြီးရောဂါသည် စာရေးဆရာများ ရေးသားခဲ့ကြသည့် လက်ရေးစာမူဖိုင်ကို စာရေးသူကိုယ်တိုင် ဖတ်ရှုလေ့လာခွင့်ရလိုက်ပြီး ရောဂါသည်များ၏ စာမူကို ယခင်ကပုံနှိပ်ထုတ်ဝေရန် ရည်ရွယ်ခဲ့သော်လည်း အကြောင်းအမျိုးမျိုးကြောင့် ထုတ်ဝေခဲ့ခြင်း မရှိခဲ့ပေ။ စာမူ၏အမည်ကို ဘဝအလင်းဟုပေးထားသည်။ စာမူရေးဖွဲ့ရာတွင် မူရင်းစာမူကို ပူးတွဲဖော်ပြထားပြီး မြို့ပြနှင့်အလှမ်းကွာဝေးကာ သီးခြားနေထိုင်ရင်း အသက်ရှင်သန်ရန် ရုန်းကန်နေကြသည့် နှံ့သာမြို့ငယ်ကျေးရွာမှ ရောဂါသည်မိသားစုများအတွက် လိုအပ်သောအကူအညီများ ပိုင်းဝန်းဖြည့်ဆည်းပေးရန်နှင့် ကုသိုလ်ပြုလိုစိတ်များ ရှိလာကြစေရန် ရည်ရွယ်၍ရေးသားထားသည်။

စာအုပ်ကို ခြူးခြူးစာအုပ်တိုက်၊ အမှတ်-၇၀၊ ၃-လွှာ၊ သံတံတားလမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉ ၉၅၃၃၄၄၇၄ နှင့် ၀၉- ၇၉၇၇၈၄၇၄ တို့မှ တန်ဖိုးငွေကျပ် ၁၄၀၀ ဖြင့် ဖြန့်ချိသည်။

ပညာစာပဒေသာ



စာရေးသူ အန်ကယ်ပညာ စီစဉ်သည့် ပညာစာပဒေသာစာအုပ် ယခုလတွင် ထွက်ရှိလာသည်။

အန်ကယ်ပညာသည် လက်ရှိတွင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)၊ တပ်ထိန်းချုပ်ရုံးတွင် လက်ထောက်တပ်ထိန်းချုပ်အဖြစ် တာဝန်ထမ်းဆောင်လျက်ရှိသည်။ ယခုစာအုပ်တွင် မြန်မာ့အလင်း၊ ကြေးမုံနှင့် မြဝတီ သတင်းစာတို့တွင် ဆရာရေးသားခဲ့သည့် ဆောင်းပါးများကို တူရာကဏ္ဍခေါင်းစဉ် ငါးခုခွဲကာ စုစည်း တင်ပြထားသည်။ ယာဉ်နှင့် လမ်းအသုံးပြုသူများ သိရမည့်အချက်များကို အသိပညာပေးထားသည့် ဆောင်းပါးကိုးပုဒ်၊ စာရေးသူကိုယ်တိုင်က စိုက်ပျိုးရေးကို ဝါသနာပါပြီး မိသားစုတစ်ပိုင်တစ်နိုင် ဥယျာဉ်ခြံစိုက်ပျိုးရေးကို လုပ်ကိုင်နေသူဖြစ်၍ စိုက်ပျိုးရေးဝါသနာပါသူများ လိုက်နာဆောင်ရွက်နိုင်အောင် ရေးသားထားသည့် ဆောင်းပါး ၁၂ ပုဒ်ပါရှိသည်။ ကျောင်းသား ကျောင်းသူလေးများကို နည်းမှန်လမ်းမှန်များ ညွှန်ပြပေးထားသည့် ဆောင်းပါး ရှစ်ပုဒ် ပါရှိသည်။ မြန်မာနိုင်ငံ၏ လွတ်လပ်ရေးနေ့၊ ပြည်ထောင်စုနေ့၊ တပ်မတော်နေ့နှင့် သူရဲကောင်းဗိမာန် အကြောင်းအပါအဝင် ဆောင်းပါး ရှစ်ပုဒ်နှင့် စာရေးသူ၏အတွေ့အကြုံနှင့် ဖတ်၊ မှတ် လေ့လာ ရှာဖွေရေးသားပြုစုထားသည့် ဘဝနေနည်းဆောင်းပါး ၁၃ ပုဒ်ဖြင့် စုစုပေါင်း ဆောင်းပါးပုဒ်ရေ ၅၀ တို့ကို စုစည်းဖော်ပြထားသည်။

စာအုပ်ကို ရွှေလင်းယုန်ပုံနှိပ်တိုက်၊ အမှတ် (၄၁)၊ ဦးရွှေဥန်းလမ်းတို၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့မှ တန်ဖိုးငွေကျပ် ၃၅၀၀ ဖြင့် ဖြန့်ချိသည်။

မလွန်စူပါမတ်ကက်

ဆူးငှက်

> “ဈေးကြို” ကို နောက်တစ်ခါ “ဈေးချို့တော်” ဟု ခေါ်တွင်ခဲ့သည်။ ဈေးကြို များက ယခင် မင်းနေပြည်များဖြစ်ခဲ့သော အင်းဝနေပြည်တော်၊ အမရပူရနေပြည်တော်၏ ပန္နက်များတွင်လည်း ပါရှိခဲ့ . . .

မန္တလေးမြို့သစ် နန်းသစ်တည်ကတည်းက ခုနစ်ဌာန အပါအဝင် မြို့ပြမြေယာတွင် ဈေးများလည်း ပါရှိခဲ့သည်။ ဈေးသည် တိုင်းပြည်၏ ဝမ်းစာဖြစ်သည်။ တိုင်းပြည်စီးပွားရေး၏ ပြဒါးတိုင်ဖြစ်သည်။ ထို့ကြောင့် မန္တလေးရတနာပုံ၏ ရွှေမြို့တော်တည်ဆောက်သော အခါ ဈေးများကို စနစ်တကျနေရာချခဲ့သည်။ သက္ကရာဇ် ၁၇၈၃ ခုနှစ်က မြို့တော်ကို အင်းဝမှ အမရပူရသို့ ပြောင်း စဉ်ကလည်း မူလအင်းဝနေပြည်တော်၏ ရပ်ကွက် ၁၆ ကွက်တွင် ဈေးကြိုအရပ်လည်း ပါဝင်ခဲ့သည်။ အမရပူရ မြို့တော်ဟောင်းမှ ရတနာပုံ မန္တလေးရွှေမြို့တော်ဆီ ပြောင်းရွှေ့ရာတွင် အမရပူရ၏ မူလမြို့ကွက်ကို အခြေ တည်သောကြောင့် ‘ဈေးချို့တော်’သည်လည်း မပါ မဖြစ်ပါရခြင်းဖြစ်သည်။ အမရပူရ၏ မူလရပ်ကွက်ကြီး ၄၈ ရပ်ကွက်တွင် ဈေးချို့အရပ်ရှိခဲ့သည်။ မူရင်းနာမည် ကား ‘ဈေးကြို’ ဖြစ်သည်။ ထို့ကြောင့် မန္တလေးဈေးချို တော် မူလအစမှာ အင်းဝက ‘ဈေးကြို’ အရပ်ဟု ဆိုရ မည်။ မန္တလေး ရတနာပုံနေပြည်တော်၏ ‘ဈေးကြိုတော်’ ကား အခု ငါးပိတန်းလက်ကြား (၂၆ဘီလမ်းနဲ့၂၇လမ်း၊ ၈၃လမ်းနဲ့၈၄ လမ်း ကြား) နေရာဖြစ်သည်။ မူလဈေးကြို တော်ကြီး၏ အလယ်ဗဟိုမှာ ဈေးရုံတွေသာမက ပန်း ဥယျာဉ်လည်း ရှိခဲ့ဖူး၏။ ပါတော်မူပြီးနောက် အင်္ဂလိပ် အစိုးရက ကုလားဝန်မင်း ‘မူလာအီစမန်’ ကို ဈေးကြို အခွန်ကောက်အဖြစ် ခန့်ထားခဲ့သောကြောင့် ‘ကုလား ဝန်မင်းဈေး’၊ ‘မူလာအီစမန် ဈေး’ လို့လည်း ခေါ်ခဲ့ကြပါ သေးသည်။

လက်ကားဈေးကြီးတစ်ဈေး

မန္တလေးအနောက်ပြင် ကျယ်ဝန်းသောနေရာတွင် လက်ကားဈေးကြီးတစ်ဈေးဖြစ်သော ‘မလွန်ဈေး’ ရှိ သည်။ ရေလမ်းခရီးဖြင့် ရောက်ရှိလာမည့် ကုန်ပစ္စည်း များအတွက် ဧရာဝတီနှင့်လည်း နီးသည်။ ရှမ်းပြည်နယ် မှ ဆင်းလာမည့် တောင်ပေါ်ကုန်များအတွက် ရှမ်းကုန် သည်များ စတည်းချရာ ရှမ်းပွဲရပ်၊ ဒေးဝန်းရပ်နှင့်လည်း နီးသည်။ မတ္တရာနယ်တစ်ဝိုက်မှ ထွက်ရှိသော ကွမ်း၊ ကွမ်းရွက်နှင့် သစ်သီးသစ်နှံများ ဝင်ရောက်လာရာ ရွှေတချောင်း ရေရှည်မြောင်းနှင့်လည်း အရှေ့နှင့် အနောက် ကပ်လျက်ဖြစ်သည်။

မလွန်ဈေးက (ယခု) ၃၁ လမ်းနှင့် ၃၄ လမ်းကြား တောင်မြောက်ရှည်၍ အရှေ့အနောက်အနေနှင့်မူ ၈၅ လမ်းမှ ၈၆ လမ်းကြား တစ်ပြကျယ်သည်။ ပေအနေနှင့် တွက်ပါမူ တောင်မြောက် ပေ ၂၀၀၀ နီးပါးရှည်၍ အရှေ့ အနောက် ပေ ၆၀၀ နီးပါးကျယ်သည့် ဈေးကြီးဖြစ် သည်။ ဈေးကြီးဖွဲ့စည်းပုံတွင် သူကုန်ပစ္စည်း အမျိုး အစားလိုက် တူရာစုကာ တစ်ထပ်မျှရှိသော လုံခြုံ သည့် အဆောက်အအုံများနှင့်လည်း ရောင်းချရသည်။ မြောက်မှစ၍ အရှေ့အနောက် ၃၁ လမ်းကို မလွန်ဈေး တွင် မြောက်ယွန်းတန်းဟု ခေါ်သည်။ ထို့နောက် တောင် ဘက်တစ်ပြ ၃၂လမ်းကို တောင်ယွန်းတန်းဟုခေါ် တွင်ပြီး ထိုနှစ်လမ်းအကြား တစ်ပြအရှည်တွင် တောင် မြောက် တိုးလျှိုပေါက် အနောက်မှစ၍ အိုးတန်း၊ ခဲလန် တန်း၊ ငါးပိတန်း၊ ထန်းလျက်တန်း၊ ထုံးတန်းဟူ၍ ရှိသည်။ ဈေးတန်းများအကြား လှည်းနှစ်စီးရှောင်နိုင် သည့် လမ်းရှိသည်။ ဤပုံစံအတိုင်း ၃၂ လမ်း၊ တောင် ယွန်းတန်းနှင့် ၃၃လမ်း ကျောက်စိမ်းတန်း အကြားတွင် ကြက်သွန်တန်း၊ ချင်းတန်း၊ ငါးပိတန်း၊ ဆားတန်း၊ ကွမ်းသီး တန်းဟူ၍ လည်းကောင်း၊ ၃၃ လမ်း ကျောက်စိမ်းတန်း နှင့် ၃၄ လမ်း ညောင်ဇင်တန်း အကြားတွင် နီပါးတန်း၊ ပွတ်တန်း၊ ဆေးရိုးဝင်းဟူ၍ သူပစ္စည်းသူ့အတန်းနှင့် သူ လမ်းများခြား၍ စနစ်တကျ တည်ပေးခဲ့သည့် လက်ကားပွဲရုံဈေးကြီး ဖြစ်သည်။ ယခုတိုင် ရောင်းဝယ် ဖောက်ကားဆဲ ဖြစ်၏။ ရတနာပုံခေတ်ကတည်းက စူပါမတ်ကက်ကြီးဖြစ်မှာပေါ့။

မလွန်ဈေးကို ကြိုသောကြောင့် ဈေးကြို

လက်ကားဈေးကြီးဖြစ်သော မလွန်ဈေးကို ကြိုသည့် ဈေးတစ်ဈေးလည်း မြောက်ဘက်မလှမ်းမကမ်းတွင် အတူတည်ထားခဲ့သည်။ မလွန်ဈေးကို ကြိုသောကြောင့် ‘ဈေးကြို’ ဟု ခေါ်တွင်သည်။ ‘ဈေးကြို’ကို နောက်တစ်ခါ ‘ဈေးချို့တော်’ဟု ခေါ်တွင်ခဲ့သည်။ ဈေးကြိုများက ယခင်မင်းနေပြည်များဖြစ်ခဲ့သော အင်းဝနေပြည်တော်၊ အမရပူရနေပြည်တော်၏ ပန္နက်များတွင်လည်း ပါရှိခဲ့ သည်။

‘ဈေးကြို’၏ မူလနေရာသည် ယခုငါးပိတန်း လက် ကြား (ဈေးချို့တော် တိုက်တန်းကြီး၏ အရှေ့ ဘက်) ၂၆ ဘီလမ်း (အာဇာနည်လမ်း)နှင့် ၂၇ လမ်း (ဘာဘူတန်း) ကြားနေရာများ ဖြစ်သည်။ မူလမန္တလေး ‘ဈေးကြို’က အမရပူရ ‘ဈေးကြို’ပုံစံအတိုင်း တည်ဆောက်ခဲ့သည်။ ၁၈၇၆ခုနှစ်တွင် မူလ ‘ဈေးကြိုတော်’ ကို ပြင်ဆင် တည် ဆောက်လိုက်၏။ သစ်သားများဖြင့်သာ ပြန်လည် တည်ဆောက်ခဲ့သည့် အဆိုပါ ဈေးကြို (ဈေးချို)မှာ ၁၉၀၂ ခုနှစ် ဧပြီ ၁၂ ရက် (သက္ကရာဇ် ၁၂၆၃ ခုနှစ် တန်ဆောင်းဆန်း ၅ ရက်)တွင် မီးကြီးလောင်ကျွမ်းသည်။ ထို့နောက် နှစ် ၉၀ ကျော်ကြာ သက်တမ်းရှည်၍ ကမ္ဘာ ကျော်ခဲ့သော ၁၂ ရုံ အုတ်တိုက် ဈေးချို့တော်ကြီးကို ‘အုတ် ကာသွပ်မိုး’ ဟူသော နေ့နာမ်သင့် အတိုင်း ၁၂၆၅ ခု (၁၉၀၃ ခု) တွင် တည်ဆောက်ခဲ့သည်။ ဗိသုကာမှာ မန္တလေးမြို့နိုစီပယ်၏ ပထမဆုံးအတွင်းရေးမှူး အီတလီ လူမျိုး Count Coldaryi ဖြစ်သည်။

အုတ်တိုက် သွပ်မိုးရုံကြီး ၁၂ ရုံ

၂၆ ဘီလမ်း (အာဇာနည်လမ်း)မှ တောင်ဘက် ၂၈ လမ်း (သံဖြူတန်း)အထိ နှစ်ပြ (ပေ ၁၅၀၀ နီးပါး) ရှည်၍ အရှေ့အနောက်အနေနှင့် ၈၄လမ်းအထိ တစ်ပြ (ပေ ၆၀၀ နီးပါး) ကျယ်သည်။ အုတ်တိုက် သွပ်မိုးရုံကြီး ၁၂ ရုံ ပါရှိ ၏။ တောင်မြောက်အလျားလိုက်ရှိသော ရုံကြီး သုံးရုံ တွဲပြီး ကြားတွင် မလွယ်ပေါက်။ ထို့နောက် နောက်ထပ် သုံးရုံတွဲပြီး အလယ်တွင် ကျယ်ဝန်းသော အလယ်ပေါက် ကြီးထားရှိကာ ထိုပုံစံအတိုင်း တောင်ဘက်တွင်လည်း ခြောက်ရုံတွဲရှိသည်။ အေ၊ ဘီ၊ စီ ဟူ၍ နာမည်ပေးပြီး အယ်လ်အထိ ရှိသည်။ ရုံအလိုက် အမျိုးအစားတူ ကုန် ပစ္စည်းများကိုပဲ တစုတစည်းတည်း ရောင်းချကြ သည်။ ကြားတန်းများမပါဘဲ တစ်ရုံလျှင် ဆိုင်ခန်းပေါင်း ၁၆၀ရှိသည်။ ၁၂ ရုံတွင် ဆိုင်ခန်းပေါင်း ၂၀၀၀ နီးပါး ရှိမည်။ ထိုအရေအတွက်သည် ရုံကြီးအတွင်း ဝင်လမ်း၊ ထွက်လမ်း၊ ဝင်ပေါက်၊ ထွက်ပေါက်များ မူလအတိုင်း မပျက်မယွင်းရှိစေရန် နှစ်၉၀စလုံး နေရာချထားခဲ့ သည့် စနစ်ဖြစ်သည်။ ထို့ကြောင့် မည်သည့်သဘာဝ အန္တရာယ်နှင့် ရင်ဆိုင်ရသည်မဆို ဝင်လမ်း၊ ထွက်လမ်း ရှင်းသည်။ ထို့ပြင် မလွယ်ပေါက်လမ်းများနှင့် အလယ် ပေါက် လမ်းမကြီးများပေါ်တွင် ယာဉ်များ၊ အထူး သဖြင့် မီးသတ်ကားများ လွယ်ကူစွာ ဝင်နိုင်ပြီး ထွက် လမ်းများလည်းရှိသည်။ ထို့ပြင် ထိုလမ်းများပေါ်၌ မီးသတ်ရေကန်များလည်း ရှိသည်။ ရုံတစ်ရုံနှင့် တစ်ရုံ ကြားတန်းများတွင်လည်း မီးသတ်ကန်များ ထားရှိကာ ရေအပြည့်ရှိသည်။

တိုက်တန်းကြီး၊ တိုက်တန်းလေး

မန္တလေးဈေးချို့တော်တွင် ရုံကြီး ၁၂ရုံအပြင် အရှေ့ ဘက်၌ ၈၄လမ်း (ဗိုလ်ချုပ်အောင်ဆန်းလမ်း)ကို မျက်နှာ ပြု၍ ၂၆ဘီလမ်းနှင့် ၂၈လမ်းကြား၌ တိုက်တန်းကြီး တည်ရှိပြီး ၂၆ ဘီလမ်း၊ ၈၄လမ်းနှင့် ရွှေတချောင်း မြောင်းကြားတွင် တိုက်တန်းလေး တည်ရှိသည်။ ၁၉၇၀ ပြည့်နှစ် ဝန်းကျင်တွင် အဆိုပါတိုက်တန်းလေးကို ဖျက်သိမ်းပြီး မန္တလေးမြို့နိုစီပယ်က မြို့တော်ခန်းမ (၂) နှင့် မြို့တော်ခန်းမ (၃) ဟူ၍ နှစ်ထပ်တိုက်တန်းကြီး တည်ဆောက်ခဲ့သည်။

